# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ် (၀၅၂)


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။
(မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သမိုင်းတန်ဖိုးကြီးမားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ ကျောက်ပန်းတောင်းမြို့နယ် သံဘိုရွာကို ပုဂံဒေသနှင့် တစ်ဆက်တစ်စပ်တည်း သွားရောက်လေ့လာနိုင်မည့် ခရီးစဉ်ဖော်ဆောင်မည်

ညောင်ဦး နိုဝင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာမှ မြောက်ဘက်တစ်မိုင်ငါးဖာလုံခန့်အကွာ ပုပ္ပားဂေါက်ကွင်းမှ အနောက်ဘက် တစ်မိုင်တစ်ဖာလုံခန့်အကွာတွင် ပုပ္ပားအုပ်စု သံဘိုချောင်းဖျားကျေးရွာနှင့် သံဘိုအုပ်စု သံဘိုအလယ်ရွာ သံဘိုရွာသစ်တို့တွင် နှစ်သက်တမ်းများစွာက တည်ရှိခဲ့သည့် ကြီးမားသည့်အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းတည်ရှိရာ သံဘိုကျေးရွာအား ပုဂံခရီးစဉ်ဒေသနှင့် တစ်ဆက်တစ်စပ်တည်း သွားရောက်လေ့လာနိုင်သည့် ရှစ်ခုမြောက် ခရီးစဉ်ဒေသအဖြစ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ ဖော်ဆောင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီဖြစ်ကြောင်း သိရသည်။

**တူးဖော်တွေ့ရှိထား**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အင်ကြင်းကျောက်နှင့် အခြားကျောက်များ တရုတ်နိုင်ငံဝယ်လက်ကြောင့် အင်ကြင်းကျောက် ရှာဖွေရောင်းချသူများ သစ်တောနှင့် ထိစပ်သည့်ကျေးရွာများတွင် အမြောက်အမြား တွင်ကျယ်ခဲ့ရာ သံဘိုရွာသည်လည်းတစ်ရွာအပါအဝင်ဖြစ်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။ ယခုတူးဖော်တွေ့ရှိထားသည့် အင်ကြင်းကျောက်ဖြစ် ရုပ်ကြွင်းကျောက်ကြီးသည်လည်း မြေအနက် ၁၇ ပေခန့်တွင် အလျား ၇၄ ပေ တူးဖော်တွေ့ရှိထားပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❑



ကျောက်ပန်းတောင်းမြို့နယ်၌ တွေ့ရှိခဲ့သည့် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းရှိရာသို့ လာရောက်လေ့လာကြသူများနှင့် သံဘိုကျေးရွာအနီး တွေ့ရှိခဲ့သည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ။

## ထူးခြားသည့် ညအပူချိန်များ

၂၀-၁၁-၂၀၂၂

| | | |
|---|---|---|
| ဟားခါးမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၇ | ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| မြစ်ကြီးနားမြို့ | ၁၀ | ဒီဂရီစင်တီဂရိတ် |
| ဟုမ္မလင်းမြို့ | ၁၀ | ဒီဂရီစင်တီဂရိတ် |

## ယနေ့ မာတိကာ


မှတ်ဝ(၂) ကြိုးပြင်ကာကွယ်တော သတ်မှတ် — ပြည်တွင်းသတင်း စာ ၆

ကမ္ဘောဇသာဒီနန်းတော်နေရာမှ တူးဖော်ရရှိသော တန်ဖိုးကြီးမား သမိုင်းအထောက်အထားများ — ဆောင်းပါး စာ ၁၀

နီပေါနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးခြင်းစတင် — နိုင်ငံတကာသတင်း စာ ၁၂

# လူ့အခွင့်အရေးအမည်ခံ လုပ်ကြံဇာတ်လမ်း

မျက်မှောက်ကာလ လူ့အခွင့်အရေးအကြောင်းပြောလျှင် ပြီးခဲ့သည့် ရာစုနှစ် နှစ်ခုဆီမှ ကိုလိုနီနယ်ချဲ့အင်ပါယာများနှင့် ကမ္ဘာစစ်ကြီးနှစ်ခုတို့ကို ပြန်လည်အမှတ်ရရန်လည်း လိုအပ်သည်။ သာသနာပြုရန်၊ ကုန်ကြမ်းများရယူရန်၊ ကုန်ချောများ ရောင်းချရန်၊ ဈေးကွက်လက်ဝါးကြီးအုပ်ရန်ဟူသော အကြောင်းပြချက်အမျိုးမျိုးဖြင့် (တစ်နည်းဆိုရလျှင်) အတိုင်းမသိကြီးမားလှသော လောဘဇောဖြင့် ကမ္ဘာ့အနောက်ခြမ်းမှ နိုင်ငံအချို့က ကျန်ကမ္ဘာ့နိုင်ငံပေါင်းများစွာတို့ကို သိမ်းပိုက်ကျွန်ပြုခဲ့ခြင်း၊ နယ်ချဲ့လက်ဟောင်းနှင့် နယ်ချဲ့လက်သစ်နိုင်ငံများအချင်းချင်း စားကျက်လုကြရာမှ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရပြီး နှစ် ၃၀ ခန့်ကြာသည့်အခါတွင် ယင်း၏ နောက်ဆက်တွဲဖြစ်သော ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ခြင်းတို့သည် လူအဖြစ် မွေးဖွားလာသူတိုင်းတွင် တူညီသောအခွင့်အရေးရှိသည်ဟူသော အယူဝါဒဖြစ်ပေါ်လာစေသည့် အခြေခံအကြောင်းတရားများပင်ဖြစ်သည်။

ဗြိတိသျှလက်အောက်သို့ ကိုလိုနီအဖြစ် ကျရောက်ခဲ့သည့် မိမိတို့နိုင်ငံ၏ ကျွန်ဘဝအတွေ့အကြုံများတွင်ပင် လွန်စွာဆိုးရွားပြင်းထန်လှသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများစွာရှိခဲ့သည်။ တော်လှန်ရေးတပ်သားများကို ဓားပြအဖြစ် စွပ်စွဲ၍ ဦးခေါင်းကို သေနတ်ဖြင့် ပစ်ခတ်ကွပ်မျက်ရာတွင် ဝေဒနာခံစားရပုံနှင့် မျက်နှာပုံပျက်ပန်းပျက် ဖြစ်သွားရပုံတို့ကို စိမ်ပြေနပြေဓာတ်ပုံရိုက်ယူခြင်း၊ အင်္ဂလိပ်တို့၏စစ်သည် လုပ်ကြံခံရသည့်နေရာအနီးရှိရွာကို ရွာလုံးကျွတ် အမျိုးသမီးနှင့် ကလေးပါမကျန် သတ်ဖြတ်ခြင်း၊ တောင်သူလယ်သမား တော်လှန်ရေးသမားများကို ခေါင်းဖြတ်၍ တန်းစီပြသခြင်း၊ မြန်မာ့မြေပေါ်၌ ပြေးဆွဲသည့်ရထားတွင် ဥရောပတိုက်သားများသာဟူသော စာတန်းချိတ်ဆွဲထားသည့် တွဲပေါ်သို့ မြန်မာတိုင်းရင်းသားများ တက်ခွင့်မရှိခြင်း၊ ပညာအရည်အချင်းနှင့် ရာထူးတူလျှင်ပင် မြန်မာလူမျိုးဆိုပါက နှိမ့်ချဆက်ဆံခြင်းနှင့် ဇမာနှင့်ခွေး မဝင်ရဟူသော ကလပ်မျိုးပင်ရှိခဲ့ခြင်း စသည်ဖြင့် မှတ်တမ်းဝင်ဖြစ်ရပ်များစွာ၊ မှတ်တမ်းမဝင်ဖြစ်ရပ်များစွာ ရှိခဲ့သည်။

ကမ္ဘာစစ်ကြီးနှစ်ခုအတွင်း ကမ္ဘာပေါ်ရှိ လူ့အသက်သန်းပေါင်းများစွာ သေကျေပျက်စီးခဲ့ရာတွင် လက်နက်ကိုင်စစ်သည်များမဟုတ်သော အရပ်ဘက်မှ ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး၊ သက်ကြီးရွယ်အို ရှိရှိသမျှတို့မှာ လူသားအဖြစ် တန်ဖိုးထားမခံရဘဲ အလွယ်တကူပင် သတ်ဖြတ်ခံခဲ့ရသည်။ ကမ္ဘာစစ်ကြီးများကို အကြောင်းပြသင်ခန်းစာယူ၍ လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂက ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သော်လည်း အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့၏ စစ်အေးတိုက်ပွဲအရှိန် မြင့်လာသည့်ကာလ ၁၉၇၀ ပြည့်လွန်နှစ်များသို့ ရောက်မှသာ အာဏာရှင်စနစ်ဆန့်ကျင်ရေးဆိုသည့် အကြောင်းပြချက်ဖြင့် လူ့အခွင့်အရေးဟူသော အသံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးသည် ARSA အကြမ်းဖက်အဖွဲ့က အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သော်လည်း နောက်ကွယ်တွင် ဓနအင်အား၊ မီဒီယာအင်အားတို့ဖြင့် နိုင်ငံအချို့က ပူးပေါင်းပါဝင်ကာ လူ့အခွင့်အရေးချိုးဖောက်မှုဇာတ်လမ်းတစ်ပုဒ်ကို လုပ်ကြံဖန်တီးခဲ့ကြခြင်းသာ ဖြစ်သည်။ ယခုအခါ တစ်ဖက်နိုင်ငံရှိ ဘင်္ဂါလီဒုက္ခသည်စခန်းများတွင် ARSA ၏ လုပ်ကြံသတ်ဖြတ်မှုနှင့် မူးယစ်ဆေးဝါးမှု၊ ရာဇဝတ်မှုအပုပ်နံ့များ တထောင်းထောင်းထနေသည့်တိုင် အီးယူနှင့် အိုအိုင်စီတို့က ခြယ်လှယ်နေသည့် ကုလသမဂ္ဂဇာတ်ခုံကမူ နှာခေါင်းပိတ်၍ မြန်မာနိုင်ငံနှင့်ပတ်သက်သော မဲပြာပုဆိုးဇာတ်လမ်းကို အဖန်တလဲလဲ ကနေဆဲဟုသာ ဆိုရမည်ဖြစ်ပါကြောင်း။ ။



## မစ္စတာ မုံခွန်း ဝိစစ်စတန် အား ထိုင်းနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်၏ နေရာတွင် မစ္စတာ မုံခွန်း ဝိစစ်စတန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ မုံခွန်း ဝိစစ်စတန်ကို ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၁၄ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ သမားဆတ်တက္ကသိုလ်မှ နိုင်ငံတကာရေးရာဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

မစ္စတာ မုံခွန်း ဝိစစ်စတန်သည် ၁၉၉၁ ခုနှစ်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သံအရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟန်ွိုင်းမြို့ ထိုင်းနိုင်ငံသံရုံး၊ အိုဆာကာမြို့ ထိုင်းနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှင့် ပေကျင်းမြို့ ထိုင်းနိုင်ငံသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ထိုင်းနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မုံခွန်း ဝိစစ်စတန် သည် အိမ်ထောင်ရှင် တစ်ဦးဖြစ်သည်။

**သတင်းစဉ်**

## (၁၂)ကြိမ်မြောက် အာဆီယံ+၃ ကူးစက်ရောဂါဗေဒဆိုင်ရာသင်တန်းကွန်ရက်၏ ကြီးကြပ်ရေးကော်မတီအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အတွင်း ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံ+၃ ကူးစက်ရောဂါဗေဒ ဆိုင်ရာ သင်တန်းကွန်ရက်၏ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်နှစ်ဦးသည် ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် ဘရူနိုင်းနိုင်ငံသို့ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



အာဆီယံ+၃ ကူးစက်ရောဂါဗေဒဆိုင်ရာ သင်တန်းကွန်ရက်သည် လေးကြိမ်မြောက် အာဆီယံနိုင်ငံများရှိ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ ရလဒ်အဖြစ် ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်းကွန်ရက်၏ ကြီးကြပ်ကော်မတီတွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကိုယ်စားလှယ်များပါဝင်ကြောင်းနှင့် ရည်ရွယ်ချက်များအနေဖြင့် ကူးစက်ရောဂါများနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန် အတွေ့အကြုံနှင့်သတင်းအချက်အလက်များ မျှဝေရန်၊ ကျန်းမာရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်တန်းများပေးရန် အစရှိသည်တို့ ပါဝင်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခြင်းကြောင့် ဒစ်ဂျစ်တယ် ကျန်းမာရေးစနစ်သည် မရှိမဖြစ် လိုအပ်ကြောင်း တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် သက်သေပြလျက်ရှိရာ ယခုနှစ်တွင် ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ+၃ ကူးစက်ရောဂါဗေဒဆိုင်ရာ သင်တန်းကွန်ရက်၏ ကြီးကြပ်ရေး ကော်မတီအစည်းအဝေးတွင် ဒစ်ဂျစ်တယ် ကျန်းမာရေးနည်းပညာကို နိုင်ငံများအကြားဆက်သွယ်ခြင်း၊ သတင်းအချက်အလက် မျှဝေခြင်း၊ ကူးစက်ရောဂါ ရှာဖွေခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုပေးခြင်းနှင့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း ကိစ္စရပ်များတွင် ထိရောက်စွာ အသုံးပြုနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုပ်တိုက်နယ်ပြည်သူ့ဆေးရုံသစ် ပန္နက်တင်

**ပုဏ္ဏားကျွန်း နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုပ်တိုက်နယ် ပြည်သူ့ဆေးရုံသစ် ပန္နက်တင်မင်္ဂလာကို ယနေ့ နံနက်ပိုင်းက ယိုးတရုပ်စံပြကျေးရွာရှိ ယိုးတရုပ်တိုက်နယ်ဆေးရုံမြေနေရာ၌ ရဟန်းသံဃာတော်များအား ပင့်ဖိတ်၍ ကျင်းပသည်။

အဆိုပါ တိုက်နယ်ဆေးရုံသစ်မှာ အလျား ၁၄၅ ပေ၊ အနံ ၁၀၃ ပေ တစ်ထပ်ပင်မဆေးရုံ တစ်လုံး၊ အလျား ၃၃ ပေ၊ အနံ ၂၄ ပေ ဆရာဝန်နေအိမ်တစ်လုံး၊ အလျား ၈၄ ပေ၊ အနံ ၂၄ ပေ လေးခန်းတွဲ တစ်ထပ် ဝန်ထမ်းနေအိမ်တစ်ဆောင်နှင့်အလျား ၆၃ ပေ၊ အနံ ၂၄ ပေ သုံးခန်းတွဲ ထစ်ထပ်ဆောင် ဝန်ထမ်းနေအိမ်တစ်လုံးအပါအဝင် ရင်ခွဲရုံ၊ ဆေးရုံခြံစည်းရိုး၊ ကွန်ကရစ်လမ်းတို့ ပါဝင်ပြီး ယိုးတရုပ်အခြေစိုက် ယိုးချောင်းကိန်းကုမ္ပဏီမှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**




## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီးတွင် ပါဝင်ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များနှင့် ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

မန္တလေး နိုဝင်ဘာ ၂၀

**အမျိုးသားဇာတ်ရုံ(မန္တလေး) ၌ တင်ဆက်ကပြခဲ့သည့် အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီးတွင် ပါဝင်ဖျော်ဖြေခဲ့ကြသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် ကူညီဆောင်ရွက်ခဲ့ကြသူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ယမန်နေ့ညပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။**




အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးအစိုးရ ဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ၊ ကူညီဆောင်ရွက်ခဲ့ကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အသက်ထက်မြတ်သော ဂုဏ်သိက္ခာ ဇာတ်တော်ကြီးကို ဖျော်ဖြေတင်ဆက်ပေးခြင်းနှင့် ပတ်သက်၍ နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဇာတ်တော်ကြီးတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသူများ၊ ကူညီဆောင်ရွက်ခဲ့ကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ယင်းနောက် မန္တလေးမြို့မတေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များ၏ ဂုဏ်ပြုတေးသီချင်းဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး အနုပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဇာတ်တော်ကြီးတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသူများနှင့် ကူညီဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုငွေကျပ်သိန်း ၃၀၀ နှင့် မန္တလေးမြို့မတေးဂီတအဖွဲ့အား ဂုဏ်ပြုငွေကျပ် ၁၅ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

သတင်းစဉ်

# ကရင်ပြည်နယ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပ

ဘားအံ နိုဝင်ဘာ ၂၀

"အားလုံးအကျိုးဝင်ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက် ဆောင်ရွက်စို့" ဆောင်ပုဒ်ဖြင့် (၃၃)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်း ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးမဆုံးရှုံးစေရေး၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကလေးများအားလုံး သိရှိစေရေးနှင့် ကလေးတိုင်းလက်လှမ်းမီ တန်းတူညီတူရရှိနိုင်ရေးအတွက် တာဝန်ရှိသူများက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ကလေးများအတွက် ပိုမိုကောင်းမွန်ပြီး လုံခြုံစိတ်ချရသည့် အနာဂတ်တစ်ခု ဖန်တီးပေးနိုင်ရေး သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှနေ၍ စဉ်ဆက်မပြတ်ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ကရင်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ဇော်တို့က ကမ္ဘာ့ကလေးများနေ့ အကြိုလှုပ်ရှားမှုပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန၏ ဌာနတွင်း၊ ပုဂ္ဂလိကနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည့် ရင်သွေးငယ်များအား ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ရင်သွေးငယ်များကို လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ (ဝဲပုံ)

သတင်းစဉ်

❑ ရှေ့ဖုံးမှ

ဆက်လက်တူးဖော်ရန်လည်း ကျန်ရှိနေသေးကြောင်း၊ အကုန်မတူးရသေးသည့်အတွက် အလျားအရှည် မည်မျှရှိမည် ခန့်မှန်းမရသေးကြောင်း၊ လုံးပတ် ၆ ပေ ၇ လက်မရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးက ရှင်းပြသည်။

သံဘိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးသည် ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်း၊ ပရိုင်းမိတ်ဟု ယူဆရသည့် ကျောက်ဖြစ်ရုပ်ကြွင်း အမျိုးအမည် ၁၀၀ ခန့် စုဆောင်းရရှိထားသော်လည်း ခုနစ်မျိုးသာ သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သံဘိုရွာသို့လာရောက်သည့် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ခန့်မှန်းသုံးသပ်ထားကြောင်း သိရသည်။

တွေ့ရှိထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း သမင်ချို၊ ဆင်အံအောက်မေးရိုး၊ လိပ်ကျောကုန်းကျောက်ဖြစ်ရုပ်ကြွင်း၊ နွားအရိုးကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ပခုက္ကူခရိုင် မြိုင်မြို့နယ် ဗဟင်းကျေးရွာအနီးတွင် တွေ့ရသော ပုံတောင်ပရိုင်းမိတ်နှင့်တူသော လူသားမျိုးနွယ်အစဟု ယူဆရသည့် ပုံစံတူ အမျိုးအမည်မသိ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းကိုလည်း တွေ့ရသည်။ ထိုသံဘိုကျေးရွာသည် ပုပ္ပားတောင်မကြီး ကိုးကွေ့သစ်တောကြိုးဝိုင်းကပ်လျက် တည်ရှိကာ အင်ကြင်းကျောက်များစွာ ထွက်ရှိကြောင်း၊ သံဘိုကျေးရွာလာရောက်သည့် ကျောက်ဖြစ် ရုပ်ကြွင်းပညာရှင်များက မှတ်ချက်ပြုခဲ့ကြောင်း ဦးမောင်မောင်စိုးက ရှင်းပြသည်။



သံဘိုချောင်းဖျားကျေးရွာအရှေ့ဘက် မန်ကျည်းတောအတွင်း ပုဂံမင်းအဆက်ဆက်အား လက်နက်ဆက်သရသည့် သံချက်ဖို အမြောက်အမြား ရှိနေသေးပြီး သံချေးခဲများ၊ သံချက်ဖိုများအနီးတွင် တွေ့ရှိခဲ့ရသည်။

အဆိုပါ သံချက်ဖိုများ တည်ရှိရာ မန်ကျည်းတောတွင် နတ်ကွန်းတစ်ခုရှိပြီး သတိုးမင်းခေါင်နတ်ဖြစ်ကြောင်း၊ ရွာရှိ သက်ကြီးများလည်း သံချက်ဖိုများ အကြောင်းရှင်းမပြနိုင်ကြပေ။

သံဘိုချောင်းဖျား ကျေးရွာတွင် တိုင်းရင်းဆေးလုပ်ငန်း လုပ်ကိုင်ကြပြီး ပုပ္ပားဒေသထွက် ဆေးမြစ်၊ ဆေးဥမျိုးစုံကြိတ်ကာ တံဆိပ်အမျိုးမျိုးဖြင့် ပုပ္ပား၊ တောင်ကလပ်သို့ ဘုရားဖူးလာရောက်သည့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများကို တိုင်းရင်းဆေးထုတ်လုပ်ရောင်းချသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။ အခါအခွင့်သင့်ပါက ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ အဆိုပါကျေးရွာသို့ လာရောက်လေ့လာသင့်ကြောင်း၊ ကျောက်ဖြစ်ရုပ်ကြွင်းလေ့လာလိုသောပညာရှင်များနှင့် စိတ်ဝင်စားသူ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာနိုင်ပါကြောင်းနှင့် သံဘိုကျေးရွာ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သံချက်ဖိုများ တည်ရှိရာနေရာကိုလည်း ပုဂံဒေသနှင့် တစ်ဆက်တစ်စပ်တည်း သွားရောက်နိုင်သည့် ရှစ်ခုမြောက်ခရီးစဉ်အဖြစ် ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဦးမျိုးမင်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး) ထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရပ်စောက်မြို့နယ် ရွှေချင်းစိမ်း မျိုးစေ့ထုတ် သမဝါယမ အသင်းက မျိုးကောင်း၊ မျိုးသန့် ချင်း(ဂျင်း)များ စိုက်ပျိုး

ရပ်စောက် နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အလည်ချောင်ကျေးရွာအုပ်စု တောယားကျေးရွာရှိ ရွှေချင်းစိမ်းမျိုးစေ့ထုတ်သမဝါယမအသင်းမှ အသင်းသားပိုင်မြေ ဧက ၁၀၀ ပေါ်တွင် အရည်အသွေးကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်ချင်း(ဂျင်း)များ စိုက်ပျိုးထားရှိပြီးတစ်ဧကလျှင် ပျမ်းမျှ ချင်းပိဿာချိန် ၃၀၀၀ မှ ၃၅၀၀ ကြား ထွက်ရှိနိုင်သည်။

ချင်း(ဂျင်း)များ ထွက်ရှိပါက မြို့နယ်သမဝါယမအသင်းစုများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ သမဝါယမလမ်းကြောင်းမှတစ်ဆင့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ Stavropol Region ရှိ အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် လေအားလျှပ်စစ်စက်ရုံများသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ နိုဝင်ဘာ ၁၉ ရက်တွင် Stavropol Region အတွင်းရှိBarsuchkovskaya အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် Kochubeevskaya WPP လေအားလျှပ်စစ်စက်ရုံများသို့ သွားရောက်လေ့လာကြသည်။ (ယာပုံ)



**သိရှိလိုသည်များ မေးမြန်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Barsuchkovskaya အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံအကြောင်းနှင့် စက်ရုံလည်ပတ်ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းကြသည်။

အဆိုပါ Rosatom ကုမ္ပဏီမှ ဆောင်ရွက်ထားသော Barsuchkovskaya အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ Stavropol Region တွင် တည်ရှိပြီး Stavropol တူးမြောင်းကြီးတစ်လျှောက်တွင် ဓာတ်အားပေးစက်ရုံ ၁၁ ရုံကို ဆင့်ကဲ (Cascade) တည်ဆောက်ခြင်းဖြစ်ကာ စက်ရုံကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့ပြီး တပ်ဆင်အင်အားမှာ 5.25 MW ဖြစ်ကာ ဓာတ်အားစနစ်အတွင်းသို့ 35 KV ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ဓာတ်အားပေးပို့လျက်ရှိသည်။ ဓာတ်အားပေးစက်ရုံ ၁၁ ရုံ၏ တပ်ဆင်အင်အားမှာ 481.8 MW ဖြစ်ကြောင်းနှင့် ကုမ္ပဏီအနေဖြင့် ရေအရင်းအမြစ်ပေါကြွယ်ဝသော မြန်မာနိုင်ငံတွင်လည်း လာရောက်ပူးပေါင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုကြောင်း သိရသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Kochubeevskaya WPP လေအားလျှပ်စစ်စက်ရုံသို့ သွားရောက်၍ စက်ရုံဧရိယာအတွင်း တည်ဆောက်တပ်ဆင်ထားရှိသည့် လေအားလျှပ်စစ်ဆိုင်ရာ တည်ဆောက်ထားရှိမှု၊ ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာကြရာ စက်ရုံမှတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းကြသည်။

**ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အထူးစိတ်ဝင်စား**

အဆိုပါ Rosatom ကုမ္ပဏီမှ ဆောင်ရွက်ထားသော Kochubeevskaya WPP လေအားလျှပ်စစ်စက်ရုံမှာ Stavropol Region တွင်တည်ရှိပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ စတင်၍ လည်ပတ်မောင်းနှင်ခဲ့သည်။ Wind Turbines ပေါင်း ၈၄ တိုင်ရှိပြီး တစ်တိုင်လျှင် 2.5 MW ရှိ၍ စုစုပေါင်းတပ်ဆင်အင်အားမှာ 210 MW ဖြစ်ပြီး တစ်နှစ်လျှင် ယူနစ်သန်းပေါင်း ၆၀၀ ခန့် ထုတ်လုပ်လျက်ရှိ၍ ဓာတ်အားစနစ်အတွင်းသို့ 330 KV ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ဓာတ်အားပို့လျက်ရှိသည်။ ဧက ၁၆၀ အကျယ်အဝန်းတွင် တည်ဆောက်ထားရှိပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုငွေပမာဏမှာ ရုရှား ရူဘီ ၂၈ ဘီလီယံခန့်ဖြစ်ကြောင်း သိရသည်။ တာဝါတိုင်တစ်တိုင်၏ အမြင့်မှာ ၁၅၀ မီတာရှိပြီး တာဝါတိုင် Blade မှာ မီတာ ၅၀ ရှိ၍ စုစုပေါင်း အလေးချိန်မှာ တန် ၃၂၀ ဖြစ်သော်လည်း တည်ဆောက်တပ်ဆင်ရာတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ကြောင်းနှင့် ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အထူးစိတ်ဝင်စားကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကမ္ဘာ့ကလေးများနေ့အခမ်းအနား ကျင်းပ



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကမ္ဘာ့ကလေးများနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ထားဝယ် နိုဝင်ဘာ ၂၀**

“အားလုံးအကျုံးဝင် ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက် ဆောင်ရွက်စို့” ဟူသော ဆောင်ပုဒ်နှင့်အညီ (၃၃)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်၍ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်တွင် ပါရှိသော ကလေးသူငယ် အခွင့်အရေး လေးရပ်မှာ ကလေးသူငယ်များ အသက်ရှင်သန်ခွင့်၊ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကလေးသူငယ်များကို အကြမ်းဖက်မှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှု အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ကလေးသူငယ်များ၏ အရေးကိစ္စများတွင် ကလေးသူငယ်များ ကိုယ်တိုင်ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်တို့ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးမဆုံးရှုံးစေရန် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကလေးမိဘများ၊ ကလေးများနှင့် ပြည်သူလူထုတစ်ရပ်လုံး သိရှိရန်နှင့် ကလေးတိုင်း လက်လှမ်းမီ တန်းတူညီတူ ရရှိနိုင်ရန်အတွက် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအသီးသီးကနေ၍ စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် မူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကပြခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက သားငယ် သမီးငယ်လေးများကို အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သန့်ရှင်းရေးပြုလုပ်

**ညောင်ဦး နိုဝင်ဘာ ၂၀**

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြင်းကပါကျေးရွာ မင်္ဂလာစေတီဘုရားကြီးပတ်ဝန်းကျင်နှင့် လမ်းဘေး ဝဲ/ယာတို့တွင် ယနေ့ နံနက် ၇ နာရီခွဲမှ စတင်ကာ ညောင်ဦးမြို့နယ်အတွင်း တပ်မတော်သားများ၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် သီးခြားတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်သည်။

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ မြင်းကပါကျေးရွာ မင်္ဂလာစေတီဘုရားကြီးပတ်ဝန်းကျင်ရှိ ဘုရားဆင်းတုတော်များ ရောင်တော်ဖွင့်ခြင်း၊ ဘုရားမျက်နှာကြက်ဖုန်များရှင်းလင်းခြင်း၊ ခိုချေး၊ ငှက်ချေးများရှင်းလင်းခြင်း၊ ဘုရားပတ်ဝန်းနှင့် ဘုရားဝင်းအတွင်းရှိ ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များ၊ သစ်ရွက်မှိုက်များ၊ ဖော့ဘူးများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုကြေးမုံ**

# ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ကဏ္ဍများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး ဦးတည်ကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၂၀**

ချောင်းသာဒေသသို့ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်မှုသည် နှစ်သိန်းငါးသောင်းရှစ်ထောင်ကျော်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ခြောက်သောင်းခြောက်ထောင်ကျော်သာ ဝင်ရောက်ခဲ့ပါကြောင်း၊ ထို့အတူ ငွေဆောင်ဒေသသို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် နှစ်သိန်းတစ်သောင်းခန့်ဝင်ရောက်ခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် လေးသောင်းတစ်ထောင့်ငါးရာခန့်သာ ဝင်ရောက်ခဲ့သည့်အတွက် ယခုနှစ်၏ တိုးတက်လာမှုကို သိမြင်နိုင်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ကဏ္ဍများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာရေး ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ချောင်းသာကမ်းခြေဒေသရှိ AZURA ဟိုတယ်တွင် ငွေဆောင်နှင့် ချောင်းသာကမ်းခြေဒေသတို့ရှိဟိုတယ်လုပ်ငန်းရှင်များ၊ခရီးသွားလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်လုပ်ငန်းများအနေဖြင့် တိုးတက်လာမည့် ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုအရည်အသွေးကောင်းမွန်ရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာခရီးသွားများ ပိုမိုရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်သာမက ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များလာရောက် လည်ပတ်ရေးအတွက် ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကို အစိုးရချင်းသာမက ပုဂ္ဂလိကကဏ္ဍပါ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားဧည့်သည်များ၏ ဓလေ့စရိုက်နှင့် နှစ်သက်မှုကို ပိုမိုသိရှိနားလည်ရန် သုတေသနပြုမှုများကိုလည်း ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ရှိနှင့်ပြီးသော ခရီးသွားဆွဲဆောင်ရာနေရာများကို ပိုမိုတိုးချဲ့အဆင့်မြှင့်တင်သွားရန် လိုအပ်ပါကြောင်း၊ အလားတူကမ်းခြေဒေသများနှင့် အခြားဒေသများတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ထားရှိသော ဟိုတယ်များအား HSP- နိုင်ငံအဆင့်အသိအမှတ်ပြုတံဆိပ်များကို ပေးအပ်ကြသည်။(ဓါတ်ပုံ) ထို့နောက် ချောင်းသာကမ်းခြေဒေသမှ လုပ်ငန်းရှင်တစ်ဦးနှင့် ငွေဆောင်ဒေသမှ လုပ်ငန်းရှင်တစ်ဦးတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကူညီဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များကို တင်ပြကြရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်၌ ကျင်းပသည့် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ထားရှိသော ဟိုတယ်များကို HSP- နိုင်ငံအဆင့်အသိအမှတ်ပြုတံဆိပ်များကို ပေးအပ်ကာ ဒေသခံလုပ်ငန်းရှင်တစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မွန်ပြည်နယ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ စီမံကိန်းဆိုင်ရာအချက်အလက်များ ရှင်းလင်း

**မော်လမြိုင် နိုဝင်ဘာ ၂၀**

မွန်ပြည်နယ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ စီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြခြင်းကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံဖြစ်သည့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ MSME လုပ်ငန်းများတွင် လိုအပ်သည့် လျှပ်စစ်အား အလုံအလောက်ရရှိနိုင်ရန် ပြည်နယ်အတွင်း ၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ သဘာဝအရင်းအမြစ်ကို အခြေခံသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားစနစ် ကြံ့ခိုင်ခြင်း၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းခြင်း၊ စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အား ပေးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ စီမံကိန်းညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်း က ၂၃၀ ကေဗွီအေ မော်လမြိုင် – ရေး – ထားဝယ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဆိုင်ရာ စီမံကိန်းအချက်အလက်များ ရှင်းလင်းတင်ပြခဲ့မှုအပေါ် တက်ရောက်လာသူများက အကြံပြု ဖြည့်စွက်ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

---



## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မိဘအုပ်ထိန်းသူများအပါအဝင် ပြည်သူအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်

**မကွေး နိုဝင်ဘာ ၂၀**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗန်းရှင်းအထိမ်းအမှတ်(ကမ္ဘာ့ကလေးများနေ့) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ကမ္ဘာ့ကလေးများနေ့သည် (၄၄) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူညီစာချုပ် (UNCRC) ကို အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အဖြစ် ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် အတည်ပြုခဲ့ပြီး နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် ကျင်းပလျက်ရှိပြီး ယခုနှစ်ကမ္ဘာ့ကလေးများနေ့ဆောင်ပုဒ်သည် "အားလုံးအကျုံးဝင်ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက် ဆောင်ရွက်စို့" ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မိဘအုပ်ထိန်းသူများအပါအဝင် ပြည်သူအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ကလေးသူငယ်ကိစ္စရပ်များ ဖြစ်ပွားပါက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်အပြင် ကုလသမဂ္ဂသဘောတူစာချုပ်ပါ ကလေးသူငယ်များ၏ အခွင့်အရေးများဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်စသည့် အခွင့်ရေးများအား အစိုးရတစ်ခုတည်းသာမက လူမှုရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မိဘပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ ဗီဒီယိုကလစ်ကို ပြသခဲ့ပြီး မကွေးကလေးပြုစုရေးဌာနမှ ရင်သွေးငယ်များမှ "ဖွေးတုတ်" တေးသီချင်းဖြင့်လည်းကောင်း၊ မကွေးမူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များမှ "မင်္ဂလာပါ" တေးသီချင်းဖြင့်လည်းကောင်း၊ မိခင်မေတ္တာ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များမှ "တောင်ယာဝင်ချိန်"တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့ နာယကနှင့် တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

**တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ရှိ ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၁၀၆၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။**(ယာပုံ)



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၄၆ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ၁၄၈ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၅၄ ဦး၊ မျက်စိရောဂါ ၃၁၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၀၂ ဦး စုစုပေါင်း ၁၀၆၆ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ မျက်စိခွဲစိတ်လူနာ ၁၀ ဦး တို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ နှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၅၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၅၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၅ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---



## မုတ်ဝ(၂) ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ကောလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၈၅၀ ရှိသော နယ်မြေကို **“မုတ်ဝ(၂)ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၆၄/၂၀၂၂)အရ ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

မုတ်ဝ(၂)ကြိုးပြင်ကာကွယ်တော ဧရိယာသည် ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများအတွက် ရေဝေရေလဲဒေသအား ထိန်းသိမ်းရန်၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

မုတ်ဝ(၂) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ သစ်ရာ၊ အင်ကြင်း စသည့်အဖိုးတန်သစ်မျိုးများနှင့် သစ်ဖြူ၊ သရင်းကြီး၊ သစ်မကျည်း စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည့်အပြင် နေထိုင်ကျက်စားလျက်ရှိသော ချေ၊ တောင်ဆိတ်၊ တောကြက်နှင့် မျောက်စသည့် တိရစ္ဆာန်များအတွက် ကျက်စားရာဒေသ တိုးပွားလာခြင်း၊ မူးမြစ်အတွင်းစီးဝင်သော သော်ချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## ရိုးရာလက်ဝှေ့ကြိုးဝိုင်း ထည့်သွင်းပါဝင်သည့် Warriors Lethwei Gym ကို တော်ဝင်စင်တာ၌ စတင်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၀**

လက်ဝှေ့ဝါသနာရှင်များအတွက် ပထမဆုံး ရိုးရာလက်ဝှေ့ ကြိုးဝိုင်း ထည့်သွင်းပါဝင်သည့် Warriors Lethwei Gym ဖွင့်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်စင်တာ ပထမထပ်တွင် ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ကြောင်း သိရသည်။

“ရိုးရာလက်ဝှေ့ ကြိုးဝိုင်းထည့်ဖြစ်တာက Gym မှာလာပြီး ကစားတဲ့ကစားသမားတွေက ကိုယ်ဝါသနာပါလို့ လက်ဝှေ့ကစားကြမယ်ဆိုရင်မြေပြင်မှာပဲ ကစားပြီး ပြန်သွားကြတယ်။ အခုကျွန်တော်တို့ဆီမှာက ကြိုးဝိုင်းပေါ်တက်ပြီး ကစားတယ်ဆိုတဲ့ ခံစားမှုကိုရပြီး လက်ဝှေ့ဝါသနာရှင်တွေအတွက်တော့ ပိုပြည့်စုံတဲ့ခံစားမှုကို ရရှိသွားစေမှာပါ။ နောက်ပြီး သူများ Gym တွေနဲ့ မတူတဲ့ Traning Plan လေးတွေကိုလည်း ထည့်သွင်း ပေးထားပါတယ်။ facilities တွေလည်း ပြည့်ပြည့်စုံစုံထားပေးပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ Gym မှာ လာကစားတဲ့သူတွေ အကုန်လုံးကို ပြောင်းလဲစေချင်တယ်။ လူငယ်လေးတွေကိုလည်း ကိုယ်ခံပညာ၊လက်ဝှေ့ပညာတွေကိုလည်း ကျွမ်းကျင်တဲ့ လက်ဝှေ့နည်းပြကြီးတွေကနေ ပြသပေးမှာဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်နိုင်သလို ပတ်ဝန်းကျင်ကိုလည်း အရေးပေါ်အခြေအနေမှာ ကာကွယ်ပေးနိုင်မယ်။ ဒါ့အပြင် လက်ဝှေ့ဝါသနာရှင်တွေကိုလည်း အရည်အသွေးမြှင့်ပေးရာ ရောက်ပါတယ်။ အခြားပရိုမိုးရှင်းတွေလည်း ပေးအပ်သွားမှာ ဖြစ်ပါတယ်” ဟု Warriors Lethwei Gym မှ Master နည်းပြကိုရဲတံခွန်က ပြောဆိုသည်။

အဆိုပါ Warriors Lethwei Gym ဖွင့်ပွဲ အခမ်းအနားနှင့် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက Gym သင်တန်းတည်ရှိရာ ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်စင်တာ ပထမထပ်တွင် ကျင်းပရာ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ဒိုင်လူကြီးများ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲတွင် Warriors Fight Season 1 လက်ဝှေ့ပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ပြီး လက်ဝှေ့အလံလုပွဲစဉ်၊ သုံးချီပွဲစဉ်၊ ငါးချီလက်ဝှေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပကာ ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မင်းခ**



---

## မုန်တိုင်းငယ် သိသိသာသာ ရွေ့လျားခြင်း မရှိဘဲ ဆက်လက်တည်ရှိနေ

နေပြည်တော် နိုဝင်ဘာ ၂၀

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက်ရေမိုင် ၅၁၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၆၂၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့၏ အရှေ့ဘက် ရေမိုင် ၃၃၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက်ရေမိုင် ၃၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# မရမ်းကုန်းမြို့နယ်၌ ကမ္ဘာ့ကလေးများနေ့ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

“အားလုံး အကျိုးဝင် ဖွံ့ဖြိုးဖို့ ကလေးတိုင်းအတွက် ဆောင်ရွက်စို့” ဆောင်ပုဒ်နှင့်အညီ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမျိုးသမီးကလေးများသင်တန်းကျောင်း (ရန်ကုန်)၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း တက်ရောက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင် ကလေးများအတွက် အကောင်းဆုံး အကျိုးစီးပွားကို ဖြစ်ထွန်းစေရေး၊ ခွဲခြားဆက်ဆံမှုမရှိရေး၊ အသက်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးများ၏ ထင်မြင်ယူဆချက်များကို အလေးထားရေးတို့ ဖြစ်ကြောင်း၊ အဓိကကျသော အခွင့်အရေး(၄)ချက်ကိုလည်း ချမှတ်ထားပါကြောင်း၊ ကလေးသူငယ်များအနေဖြင့် ကလေးသူငယ်အခွင့်အရေးကို သိရှိပြီး လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်ပြီး အသိပညာပေးလုပ်ငန်းများကိုလည်း ပြည်သူလူထုအတွင်း ပိုမိုဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားတွင် ကလေးငယ်များက တေးသရုပ်ဖော် အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ဖျော်ဖြေခဲ့ကြသည့် ကလေးငယ်များကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ သဒ္ဓမ္မဝေပုလ္လ ကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ သုံးပါးရတနာကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ အောင်သီတာ ပရိယတ္တိစာသင်တိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ပြင်ထီးလင်းကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ မြနန္ဒာကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ တန်ခိုးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ သဒ္ဓမ္မဒီပက (ဖျာပုံ) ပရိယတ္တိစာသင်တိုက်၊ ပုဇွန်တောင်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မဝိဒူကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နတ်တလင်းမြို့နယ် သမဝါယမအသင်းသားများပိုင်လယ်မြေများမှ ရတနာတိုးစပါးများ စိုက်ပျိုးထွက်ရှိ

**ပဲခူး နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်ရှိပဒုမ္မာလယ်ယာနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားပိုင်လယ်မြေ ၄၃ ဧက၊ ဖလံပင်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားပိုင်လယ်မြေ ၄၁ ဧကနှင့် ကျခတ်ပန်းဝေဠုမြိုင်လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားပိုင်လယ်မြေ ၃၂ ဧက စုစုပေါင်းလယ်မြေ ၁၁၆ ဧကပေါ်တွင် ရတနာတိုးစပါးများ စိုက်ပျိုးခဲ့ရာ ယခုရိတ်သိမ်းချိန်တွင် တစ်ဧကလျှင်ပျမ်းမျှ အထွက်နှုန်းတင်း ၇၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုဝင်ဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁) ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# သီတဂူသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များရှိ မိသားစုများက အလှူတော်ငွေပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၀**

သီတဂူသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများက အလှူတော်ငွေပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူပြီး တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊စစ်သည်၊ မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းလှူဒါန်းသည့် အလှူတော်ငွေကျပ် ၁၅၄ သိန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ သီတဂူဆရာတော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ကျင်းပသည်။



တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများ ဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ၄၈ ကီလို လူသစ်တန်း(ဗိုလ်လုပွဲ)၊ ၅၄ ကီလို လူသစ်တန်း(ဗိုလ်လုပွဲ)၊ ၆၇ ကီလို လူသစ်တန်း (ဗိုလ်လုပွဲ )၊ ၇၁ ကီလို လူသစ်တန်း (ဗိုလ်လုပွဲ )၊ ၅၁ ကီလို(က)အဆင့်( ဗိုလ်လုပွဲ) ၊ ၆၀ ကီလို (က) အဆင့် (ဗိုလ်လုပွဲ) ၊ ၇၁ ကီလို(က)အဆင့် (ဗိုလ်လုပွဲ)၊ ၅၁ကီလို အလွတ်တန်း (ဗိုလ်လုပွဲ)၊ ၆၀ ကီလို အလွတ်တန်း (ဗိုလ်လုပွဲ)၊ ၆၃ ဒသမ၅ကီလိုအလွတ်တန်း(အကြိုဗိုလ်လုပွဲ )၊ ၆၇ ကီလို အလွတ်တန်း (ဗိုလ်လုပွဲ )၊ ၇၁ကီလို အလွတ်တန်း (ဗိုလ်လုပွဲ) ပွဲစဉ် ပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ မာရသွန်ပြေးပြိုင်ပွဲကိုလည်းကောင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲကိုဇေယျာသီရိ အားကစားရုံ(A)၌ (ဂ) အဆင့်ပင်းဝိတ်တန်း (၅၄)ကီလိုအောက်၊ (ခ)အဆင့် ပင်းဝိတ်တန်း ( ၅၄ )ကီလိုအောက်၊ (ဂ)အဆင့်ပင်းဝိတ်တန်း ( ၅၄ ) ကီလိုအောက် ၊ ( ခ ) အဆင့် ပင်းဝိတ်တန်း(၅၄)ကီလိုအောက်၊ (က) အဆင့်ပင်းဝိတ်တန်း(၅၄)ကီလိုအောက်၊ (ခ) အဆင့်လိုက်ဝိတ်တန်း (၆၈–၇၄) ကီလို၊ (က)အဆင့်လိုက် ဝိတ်တန်း(၆၈–၇၄)ကီလို၊ (ဂ)အဆင့် ပင်းဝိတ်တန်း (၅၄) ကီလိုအောက်၊ (ခ)အဆင့် ပင်းဝိတ်တန်း (၅၄) ကီလိုအောက်၊ (က) အဆင့် ပင်းဝိတ်တန်း( ၅၄ ) ကီလိုအောက်၊ (ခ) အဆင့်လိုက်ဝိတ်တန်း ( ၆၈–၇၄ ) ကီလို၊(က) အဆင့်လိုက်ဝိတ်တန်း (၆၈–၇၄) ကီလို၊ ( ဂ ) အဆင့် ပင်းဝိတ်တန်း ( ၅၄ ) ကီလိုအောက်၊ (ခ)အဆင့် ပင်းဝိတ်တန်း ( ၅၄ )ကီလိုအောက်၊ (က)အဆင့် ပင်းဝိတ်တန်း (၅၄) ကီလိုအောက်၊ (ခ) အဆင့်လိုက် ဝိတ်တန်း (၆၈–၇၄)ကီလို၊ (က) အဆင့်လိုက် ဝိတ်တန်း(၆၈–၇၄) ကီလိုနှင့် (ဂ)အဆင့် တစ်ဦးချင်း (ကကွက်)နှင့် (ဂ)အဆင့် အသင်းလိုက် (ကကွက်) ရှုံးထွက်ပွဲစဉ် ဆီမီးဖိုင်နယ် ပွဲစဉ်များကိုလည်းကောင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အလွတ်တန်း သုံးယောက်တွဲ အသင်းလိုက်၊ ရှုံးထွက်ပွဲစဉ်များနှင့် ၂၅ နှစ်အောက်အလွတ်တန်း သုံးယောက်တွဲ အဖွဲ့လိုက် ရှုံးထွက်ပွဲစဉ်တို့ကို လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား (က)အဆင့်ဘောလုံးပြိုင်ပွဲတတိယလုပွဲအဖြစ် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့သည်ယနေ့ ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ တတိယနေရာ လုပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင် ကစားကြရာ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ငါးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြည်သူများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၆၀ ၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့၌ ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။



ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ဈေး၌ ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေး အသိပညာပေးဟောပြော

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးအောင်မြေသာစံမြို့နယ် ဒေါနဘွားရပ် ၆၃ လမ်းနှင့် ၆၄ လမ်းကြား ၁၉လမ်းရှိ နန်းတော်ရှေ့ဈေး၌ ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်၊ ဒုတိယမြို့နယ် ဦးစီးမှူးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနဈေးဌာနခွဲမှ ဈေးတာဝန်ခံ ဦးလှိုင်မျိုးအောင်နှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖြစ် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်ရေးဆွဲထားခြင်း ရှိ မရှိ၊ အရေးပေါ်မီးငြိမ်းသတ်ယာဉ်များ အလွယ်တကူဝင်ထွက်ပေါက် ရှိမရှိ၊ မီးပြန့်ပွားမှုကာကွယ်နိုင်ခြင်း ရှိမရှိ၊ ပေါက်ကွဲမီးလောင်လွယ်သော ပစ္စည်းနှင့် လောင်စာဆီသိုလှောင်ခြင်း ရှိ မရှိ၊ လျှပ်စစ်ဝိုင်ယာကြိုးသွယ်တန်းမှုကောင်း မကောင်း၊ မီးသတ်ပစ္စည်းကိရိယာ ရှိ မရှိ၊ ရေကန် ရေတွင်း ရေပိုက် ရှိ မရှိ၊ ဈေးဝန်းကျင်မီးဘေးအန္တရာယ်စိုးရိမ်မှု ရှိ မရှိ၊ စစ်ဆေးခြင်းများ ဆောင်ရွက်ကြပြီး မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်သည်။

**တင်မောင်–မန်း**

# သဇင်လှိုင်မြဲ စာဆိုပွဲ

ရွှေကူနန်းနွဲ့နွဲ့

**ရာသီပန်းများ (ကင်းဝန်မင်းကြီး)**

※ ပန်းကံ့ကော် ရွှေစကား
ရွှေသားနု စံပယ်မှန်
မြတ်လေး၊ ခတ္တာနှင့်
ရွှေယင်းမာ၊ ကြာ၊ ခဝဲ
ဖွဲ့စနှင်းလျှံ။

※ သဇင်ကျုံ၊ ခွာတံပေါက်လဲ
ပွင့်ဝတ်ကယ် ရွှေဖီမင်း
သင်းထုံနံ့ကဲ။ ။

ကင်းဝန်မင်းကြီးလက်ရာ ဤကဗျာလေးမှာ တိုတိုလေးနှင့် ခရီးရောက်သော ကဗျာကလေးပင်။ မြန်မာ့ဆယ့်နှစ်လတွင် ပန်းဆယ့်နှစ်မျိုးမက ပွင့်ကြပါသည်။ ပန်းမပွင့်သောလဟူ၍ မရှိပါ။ ကဗျာတွင် ဖော်ပြသောပန်းများမှာမူကား လ၏ ထင်ရှားသော ပန်းများဖြစ်ပါသည်။

ရှေးစာဆိုကြီးများသည် ရာသီဘွဲ့များကို တေးသီချင်း၊ ကဗျာ၊ လင်္ကာများဖွဲ့၍ ရေးသားထားခဲ့ကြရာ မဟာဂီတဝင် တေးအများပင်ရှိနေပါသည်။ မဟာဂီတဝင်တေးသီချင်းများကို တူရိယာဖြင့်တွဲဖက်၍ သတ်မှတ်တေးသွား၊ စည်းဝါးများနှင့် (သောတာလင်္ကာရ) နားဆင်မည်းစရာ သီဆိုတီးမှုတ်ကြရာ စာဆိုတော်လဖြစ်သော နတ်တော်လတွင် ဦးဦးဖျားဖျား ပွင့်လာကြသော သဇင်ပန်းကို စာဆိုတော် ဦးကြော့က တေးထပ်အဖြစ် ရေးဖွဲ့ခဲ့သည်ကို စာရေးသူ နှစ်သက်လှသဖြင့် မြန်မာ့ရုပ်သံတွင် ရိုက်ကူးထုတ်လွှင့်နေသော “ဆယ့်နှစ်လ ရာသီဘွဲ့ တေးကဗျာများ”တွင် နတ်တော်လဘွဲ့ တေးတစ်ပုဒ်အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

**“နတ်တော်လ သဇင်ပန်းတေးထပ်” (ဦးကြော့)**

※ မိဂသီစန္ဒာခလို့၊ ဟံသာစ တာရိန်၊
ယန္တာဟ ဝဋ္ဋာရှိန်ငယ်၊ ပြာမှိန်မှိန်ရစ်သန်း၊
နတ်နိုးလ သင်းခြွေသည်
သွင်းတဲ့လေညှင်း လေကမြန်း။ ။

※ တိုင်းကေတုမဟီသာဝယ်၊ ဝဇီရာကြငှန်း
တညီလာ ရွှေနန်းမှာ၊ ဗွေမန်းကြော့ဥကင်။ ။

※ ဆက်ပဏ္ဏာချီ မှီလုတာမို့၊ သိင်္ဂီဥ ပန်းမြသဇင်။
စိန်စီနု ကလပ်တင်သည်၊
နတ်ဘုရင် ဆင်ယင်တုန်းဟာမို့၊
အင်ဂမုန်း ဂန္ဓာရုံ၊ သင်းပျံ့ဝတ်မှုံ၊
ဥသျှောင်ပန်း၊ သန်းရွှေလှုံသည်၊
နန်းရွှေဘုံ ထုံဆဲမို့လေး။ ။

ရှေးစာဆိုကြီးများ ရာသီဘွဲ့ရေးဖွဲ့လျှင် လ နှင့် ရာသီ၊ ရာသီနှင့် ပန်း၊ ကောင်းကင်နက္ခတ်များ၊ ပတ်ဝန်းကျင်မြင်ကွင်း၊ တောတောင်ရေမြေ၊ မြစ်ချောင်းအင်းအိုင်၊ ကျေးငှက်သာရကာ စသည်ဖြင့် စုံစေ့အောင် ရေးဖွဲ့ကြသောကြောင့် နှောင်းလူများ အသိဗဟုသုတ ရရှိစေပါသည်။

**မြန်မာမှုများ တဖြည်းဖြည်း ကွယ်ပျောက်လာ**

ယခုခေတ်လူများမှာမူကား မြန်မာပြက္ခဒိန်ကို မကြည့်တတ်၊ နားမလည်၊ အသုံးမပြုကြတော့ပါ။ လဆန်း လဆုတ်၊ လပြည့် လကွယ်လည်း မသိကြတော့ပါ။ ဝမ်းနည်းဖွယ်ကောင်းပါသည်။ ကောင်းကင်မှ လမင်းကြီး တဖြည်းဖြည်းကြီးလာပြီး တစ်ခုလုံးပြည့်သွားခြင်း၊ တဖြည်းဖြည်း ပြန်၍ဆုတ်ယုတ်ပါးလျားလာပြီး တစ်ခုလုံး ကွယ်ပျောက်သွားခြင်းများကိုလည်း သတိမထားကြတော့ဘဲ အင်္ဂလိပ် လ၊ ရက်ကိုသာ အဓိကသိကြပြီး၊ မြန်မာမှုများ တဖြည်းဖြည်း ကွယ်ပျောက်လာနေသည်မှာ တိုင်းပြည်နှင့် လူမျိုးအတွက် ယဉ်ကျေးမှုအခြင်းအရာများ လုံးပါး ပါးလာခြင်းဖြစ်ပါသည်။ ကောင်းသည့် လက္ခဏာ မဟုတ်ပါ။

ရှေးပညာရှိ စာဆိုတို့ထားခဲ့သော မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ သိအပ်ဖွယ်ရာများကို လက်ဆင့်ကမ်းလိုပါသည်။

| လ | ရာသီ | နက္ခတ် | ပန်း |
|---|---|---|---|
| တန်ခူး | မိဿ | စိတြ | ကံ့ကော် |
| ကဆုန် | ပြိဿ | ဝိသာခါ | စကားဝါ |
| နယုန် | မေထုန် | ဇေဋ္ဌ | စံပယ် |
| ဝါဆို | ကရကဋ် | ပြုဗ္ဗာသဠ် | မြတ်လေး (မုလေး) |
| ဝါခေါင် | သိဟ် | သရဝဏ် | ခတ္တာ |
| တော်သလင်း | ကန် | ပြုဗ္ဗာဘဒြပိုက် | ယင်းမာ |
| သီတင်းကျွတ် | တူ | အဿဝဏီ | ကြာပန်း |
| တန်ဆောင်မုန်း | ဗြိစ္ဆာ | ကြတ္တိကာ | ခဝဲပန်း |
| နတ်တော် | ဓနု | မိဂသီ | သဇင် |
| ပြာသို | မကာရ | ဖုဿျှ | ခွာညို |
| တပို့တွဲ | ကုံ | မာဃ | ပေါက်လဲ |
| တပေါင်း | မိန် | ဥတ္တရာဘရဂုဏ္ဏ | သရဖီပန်း |

ဤဇယားကို ကြည့်၍ ယခု နတ်တော်လဆန်း အခါသမယသည် ဓနုရာသီ၊ မိဂသီနက္ခတ်ထွန်း၍ ရာသီပန်းမှာ နာမည်ကျော် တော်ဝင်သဇင်ပန်း ပွင့်ပေါ်သော လရာသီဟု သိအပ်ပါသည်။ မဟာဂီတ လောကမှ လူကြိုက်များသော မြဝတီမင်းကြီး လက်ရာ “သည်ဆောင်းဟေမန်” ဘွဲ့တွင်

ရိုးတံဆင့် ဖူးငုံ၊
ဝတ်မှုံ၊ ဝတ်မှုံ၊ ဝတ်မှုံတင့်ဆုံး၊
“သဇင်၊ ပန်းမြဂမုန်းငယ်နှင့်လေး” ဟူသော အပိုဒ်မှာ ‘ဝတ်မှုံ’ကို သုံးကြိမ် ပြထားရာ တစ်ကြိမ်နှင့် တစ်ကြိမ် အသံမတူ ကူးပြောင်းသီဆိုရသည်မှာ အလွန်လှပသော အဆိုအတီး ကွက်ဆန်းဟု ဆိုချင်မိသည်။

ဦးတိုး၏ ရာမရကန်မှ သဇင်ပန်းအချီးတွင်လည်း “မြေနှင့် ရန်ဘက်၊ ခက်လက်စိမ်းမြ၊ မိုးမခဘူး” ဟူသော အဖွဲ့မှာ သဘာဝ စိမ့်ကြီးမြိုင်ကြီး သစ်ပင်များပေါ်တွင်သာ တွယ်မှီပေါက်ရောက်သဖြင့် မြေကြီးနှင့် မနီးစပ်၊ ရန်ဘက်ကဲ့သို့ အထက်တန်းကျပုံကို ဖွဲ့ပြပါသည်။ (မြို့ဝန်မင်းစာ၊ လိပ်မပါဘဲ၊ ကွယ်ရာဈေးပြင် ရောင်းလို့များ မြင်မလား၊ သေချင်သေ ရှင်ချင်ရှင်၊ အင်မတန့် အင်မတန်၊ ရာဝတ်တော် ခံရသည်)ဟု ဆိုထားရာ အမိန့်မရဘဲ ပန်လျှင် ရာဇဝတ်ပြစ်ဒဏ်ပင် သင့်နိုင်ကြောင်း ကျောက်ကန်၍ ရေးဖွဲ့သော ‘ရကန်’ အရေးအသားတွင် တွေ့ရပါသည်။

ထိုစာဆိုကြီးများ လက်ရာကို နှစ်သက်သဘောကျသကဲ့သို့ အဲ - အရေးကောင်းသော ဦးယာက လူးတားများ ရေးသားရာတွင်လည်း ဤသို့ ဤသို့ ပြောင်မြောက်သည်ကို တွေ့ရပါသည်။

**ဦးယာ၏ နတ်တော်လဘွဲ့ လူးတားမှ ကောက်နုတ်ချက် (သဇင်ပန်းအချီး)**

[စုံမြိုင်တွင်းမှာ၊ ကြိုင်သင်းတောလုံး၊ ရနံ့ဖုံးသား၊ ပတ်ကုံးဝန်းကျင်၊ မြေတွင် မရောက်၊ ပင်ပေါ်ပေါက်သည်၊ နှင်းပေါက်ရွှင်ရွှင်၊ ဖူးတံဆင်လျက်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်ဆင့်သို့၊ လှတင့်စိန်သွေး၊ နတ်ပန်းမွှေးကို မနှေးလျှင်မြန်၊ မိန့်တော်ပြန်၍၊ မျက်မှန်ကျောက်စုံ၊ ရွှေနန်းဘုံက၊ ဖူးငုံပေါ်စ၊ တင်ဆက်သ၍၊ နောက်မှ ပြည်သူ၊ ဆွတ်ယူ ပန်ဆင်၊ ရှုချင်မဝ။]

ဦးယာ၏ ဤလူးတားပါ သဇင်ပန်း ပန်ဆင်ခွင့် စည်းကမ်းများမှာ စကားပြေဖြင့် ရေးသကဲ့သို့ ရှင်းရှင်းလင်းလင်း သိခွင့်ရကြပါသည်။ သဇင်ပန်း၏ ဂုဏ်ဒြပ်ကို မှီအောင် ရေးစပ်နိုင်ကြသော စာဆိုကြီးများကို လေးစားမိသည့်အလျောက် တစ်ယောက်တစ်မျိုး ကြိုးစားရေးဖွဲ့ကြသည့် လက်ရာများမှာ လေ့လာ၍ မကုန်နိုင်ပါ။

**ကျက်သရေရှိသော သဇင်**

ယခုခေတ်အခါ နတ်တော်၊ ပြာသိုလများသည် နိုဝင်ဘာ၊ ဒီဇင်ဘာလများဖြစ်၍ ယင်းလများ၌ ကျင်းပသော ပွဲလမ်းသဘင်ကြီးများတွင် သဇင်ခြံပိုင်ရှင်တို့ ငွေအလုံးအခဲ ဝင်လာမစဲ ရှိသည့်ကာလပင် ဖြစ်ပါသည်။ စီးပွားဖြစ်စိုက်ကြ၍ ဝင်ငွေကောင်းကြသည်။

ဘွဲ့ယူမည့် သမီးအလှလေးအတွက် ဘီးဆံထုံးလှလှ၊ ဆံမြိတ်ချ၍ တော်ဝင်သဇင်တို့ အသွယ်အသွယ် ပန်ဆင်ပြီး ဘွဲ့ဝတ်စုံနှင့် အလှကျက်သရေတိုးနေပုံကြောင့် တန်ဖိုးကြီးမြင့်သော်လည်း မရမနေ ဝယ်ယူပန်ဆင်ပြီး တစ်သက်တစ်ခါ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ကြသည်။

လူအများ အလွန်စိတ်ဝင်စားကြသော မြန်မာ့ရုပ်ရှင် ထူးချွန်ဆု အကယ်ဒမီဆုပေးပွဲများတွင်လည်း ဆုရ မရ မသိရသော်လည်း သဇင်ပန်းပန်၍ ပွဲတက်လာကြသော ရုပ်ရှင်မင်းသမီးချောများ၊ သရုပ်ဆောင်များ၏ ဆံကေသာတွင် သိန်းဂဏန်းတန်ဖိုးရှိ တော်ဝင်သဇင်ပန်းများ ဝေဆာလှပကျက်သရေရှိလှသည့် မြင်ကွင်းကြောင့် ကိန်းကြီးခန်းကြီးနိုင်လှသော သဇင်ပန်းတို့မှာ

“သိင်္ဂီလျှံလန်း၊ စိန်စီမှန်နန်း၊ ပေါ်ငယ်မှာ ပန်ဆင်ရာ၊ ရွှေကေသာ မြန်းပါလို့၊ သည်ပန်းမှ မြတ်ပန်တော်” ဟူသော မြဝတီမင်းကြီး ဦးစ ၏ လက်ရာ “သည်ဆောင်းဟေမန်ဘွဲ့” မှ နောက်ဆုံးပိုဒ်ကလေးကို အခါခါဆိုညည်း ပီတိဖြစ်ရပါတော့သည်။

“သည်ပန်းမှ မြတ်ပန်တော်” ဟု ဖွဲ့ခဲ့သည်နှင့် အညီ မည်သည့်ပန်းမျှ တုယှဉ်မရအောင် အလှကျက်သရေဆောင်သော သဇင်ပန်းကို ယခုခေတ် သဇင်ခြံများတွင် များများစားစား တွေ့နိုင်သော်လည်း ဈေးတော့ဖြင့်မသေးပါ။ သိပ္ပံနှင့် နည်းပညာ မည်မျှပင် ထွန်းကားစေကာမူ ကိန်းခန်းစည်းစနစ်ကြီးသော သဇင်ကိုမူ ‘ဗုံးပေါလအော’ ထုတ်လုပ်နိုင်ခြင်း မရှိ၊ မျိုးဥဈေးနှုန်း၊ သဇင်တိုင်ပြုလုပ် ရင်းနှီးရမှု၊ သဇင်ခြံ အလုပ်သမားစားရိတ်၊ ရေပေးစနစ်၊ သန့်ပြန့်မှုကြိုက်သော သဇင်၊ စိုက်ပျိုးပြီး တစ်နှစ်ပတ်လုံး ပြုစုရခြင်းများကြောင့် ပန်းများပွင့်ပေါ်ပါကဈေးကို အထူးမြှင့်ထားလျက်ရောင်းချိန် နှစ်လ သုံးလအထိ ချင့်ချိန်စိုက်ပျိုးကြသည်။

“သည်ဆောင်းဟေမန်” သီချင်းတွင် “ရှမ်းပြည် တောင်ငူ ကြည်ဖြူဆက်မြဲ မှန်လှလေ” ဟု ဆိုထားပါသည်။ အထူးကောင်းမွန်လှပသော သဇင်ပန်းခက်၊ ပန်းခိုင်များကို စိမ့်ကြီးမြိုင်ကြီးများကို အမှီသဟဲပြုသော ရှမ်းပြည်နှင့် တောင်ငူဒေသတို့မှ ရရှိပေလိမ့်မည်။ စာရေးသူ ပန်ဆင်ခဲ့ဖူးသော “ရှမ်းသဇင်” မှာ ယခုခေတ်တွင် ဖြစ်၍ ရန်ကုန်သဇင်၊ ရခိုင်သဇင်တို့နှင့် ကွဲပြားမှုရှိပါသည်။

ရှမ်းသဇင်မှာ ပန်းခက် မရှည်လှပါ။ ရိုးတံ မာ၍ အဝါရောင်သမ်းပြီး အပွင့်သေး၍ မွှေးနံ့ ပိုပါသည်။ သဇင်ဥကလေးများနှင့် ဆယ်ခက်ကို တစ်ထုပ်ဖြင့် ငှက်ပျောဖက်ကလေးနှင့် လုပ်ထားပြီး ၎င်းဆယ်ထုပ်ကို ဝါးခြင်းကလေးတွင် စီရီထား၍ တစ်ခြင်းချင်း ရောင်းပါသည်။

ရခိုင်သဇင်လည်း အလွန်လှပါသည်။ ဖွံ့ထွားထွားအားရဖွယ် အခိုင်ကြီးများ ဖြစ်ပါသည်။ ရန်ကုန်သို့ လေယာဉ်စီး၍ ရောက်လာကြသော ရခိုင်သဇင်မှာလည်း သဇင်ခက်ကို ဥမှ ဖြုတ်ခွာ၍ ရောင်းသဖြင့် ရက်ကြာကြာ ခံအောင် အတော်ဂရုစိုက်ရပါသည်။

ရန်ကုန်သဇင်မှာလည်း အချို့က ဥကလေးနှင့် ရောင်း၍ အချို့က ပန်းခက်ချည်းရောင်းပါသည်။ တန်ဖိုးကြီးသော ပန်းဖြစ်၍ မျိုးပွားစေလိုခြင်း ရှိဟန်မတူပါ။ ဥကလေးနှင့် အထားခံသော်လည်း ပန်ဆင်ရာတွင်မူ ဥကလေးမှ ဖြုတ်ယူ ပန်ဆင်ကြပါသည်။

မည်သို့ဆိုစေ - နတ်တော်လသည် စာဆိုတော်ကြီးတို့အား ဂုဏ်ပြုသောအားဖြင့် စာပေပွဲများ ကျင်းပသည့် စာဆိုတော်နေ့ စာပေဆုနှင်းသဘင် ကျင်းပရာလ ဖြစ်နေရာ ဆောင်းအဝင် လ၊ အေးအေးမြမြ အခါသမယတွင် “ဆက်ပဏ္ဏာ ချီမှီလုတာမို့၊ သိင်္ဂီဥ ပန်းမြသဇင်၊ စိန်စီနု ကလပ်တင်သည်၊ နတ်ဘုရင် ဆင်ယင်တုန်းဟာမို့၊ အင်ဂမုန်းဂန္ဓာရုံ၊ သင်းပျံ့ဝတ်မှုံ” ဟူသော ဦးကြော့၏ တေးထပ်ကလေး ဆိုညည်းရင်း ယခုနှစ်နေပြည်တော်တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည့် စာဆိုတော်နေ့ စာပေဆုနှင်းသဘင်ကို ဂုဏ်ပြုရေးဖွဲ့လိုက်ရပါသည်။

စာပေသဇင်ပွင့်သစ်တို့ နှစ်စဉ်နှစ်တိုင်း ပွင့်လန်းနိုင်ကြပါစေ။ ။

○ **ယခု နတ်တော်လဆန်းအခါသမယသည် ဓနုရာသီ၊ မိဂသီနက္ခတ်ထွန်း၍ ရာသီပန်းမှာ နာမည်ကျော် တော်ဝင်သဇင်ပန်း ပွင့်ပေါ်သော လရာသီဟု သိအပ်ပါသည်။ မဟာဂီတ လောကမှ လူကြိုက်များသော မြဝတီမင်းကြီးလက်ရာ “သည်ဆောင်းဟေမန်” ဘွဲ့တွင် “ရိုးတံဆင့် ဖူးငုံ၊ ဝတ်မှုံ၊ ဝတ်မှုံ၊ ဝတ်မှုံတင့်ဆုံး၊ သဇင်၊ ပန်းမြဂမုန်းငယ်နှင့်လေး” ဟူသော အပိုဒ်မှာ ‘ဝတ်မှုံ’ ကို သုံးကြိမ်ပြထားရာ တစ်ကြိမ်နှင့် တစ်ကြိမ် အသံမတူ ကူးပြောင်းသီဆိုရသည်မှာ အလွန်လှပသော အဆိုအတီး ကွက်ဆန်းဟု ဆိုချင်မိသည်**

# ကမ္ဘောဇသာဒီနန်းတော်နေရာမှ တူးဖော်ရရှိသော တန်ဖိုးကြီးမား သမိုင်းအထောက်အထားများ

*မောင်ယဉ်ညွန့်*


ပြန်လည်တည်ဆောက်ထားသော လက်ဝဲဝင်းဆောင် လက်ယာဝင်းဆောင်၊ အလယ်ရှိ စနုဆောင်နောက်မှ မြေနန်းပြာသာဒ်ပုံ။

### ကမ္ဘောဇသာဒီနန်းတော်သမိုင်း

ကမ္ဘောဇသာဒီနန်းတော်သည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော ဘုရင့်နောင်ကျော်ထင်နော်ရထာမင်း လက်ထက်က တည်ဆောက်ခဲ့သော နန်းတော်ဖြစ်သည်။ ကမ္ဘောဇသာဒီနန်းတော်ကို မြန်မာသက္ကရာဇ် ၉၁၅ (ခရစ်နှစ် ၁၅၅၃ ခုနှစ်) တွင် တည်ဆောက်ခဲ့ကြောင်း၊ နန်းတော်တည်ဆောက်ရာမြေကို ကမ္ဘောဇသာဒီဟု သမုတ်ခဲ့ကြောင်း၊ နန်းတော်ဝန်းကျင်တွင် မင်းမိဖုရားအိမ်တော်၊ ကိုယ်လုပ်မောင်းမတို့အိမ်၊ ရွှေတိုက်၊ ငွေတိုက်၊ ကြေးတိုက်၊ ပုဆိုးတိုက်တို့ကို ဆောက်လုပ်ကြောင်း မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားသည်။ ကမ္ဘောဇသာဒီဟု အမည်သမုတ်ခဲ့ရခြင်း၏ အကြောင်းရင်းမှာ ကမ္ဘောဇ-ရှမ်းပြည်တစ်ခွင် အေးချမ်းစေခြင်းဟူသော အဓိပ္ပာယ်ဖြင့် အမည်သမုတ်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းပညာရှင်အချို့က ဆိုသည်။

ကမ္ဘောဇသာဒီနန်းတော်တွင် ဘုရင့်နောင်မင်းတရားသည် ၂၈ နှစ်၊ သားတော်နန္ဒဘုရင်သည် ၁၇ နှစ် နန်းစံခဲ့ကြပြီးနောက် မြန်မာသက္ကရာဇ် ၉၆၁ (ခရစ်နှစ် ၁၅၉၉ ခုနှစ်) တွင် တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တပ်များ ပူးပေါင်းတိုက်ခိုက်ကြပြီး နန်းတော်ဆောင်များကို မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် ကမ္ဘောဇသာဒီနန်းတော်ဝင်းအတွင်းရှိ မြေနန်းပြာသာဒ်ဆောင်၊ ဘမရာသနဆောင်၊ မိဖုရား၊ မောင်းမတို့၏ အိမ်တော်စသည့် နန်းဆောင်များအားလုံး မီးလောင်ပျက်စီးသဖြင့် မီးလောင်ကျွမ်းထားသော ကျွန်းတိုင်ငုတ်တိုများသာ ကျန်ရစ်လေတော့သည်။ နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်လာသောအခါ ကျန်ရစ်သော ကျွန်းတိုင်ငုတ်တိုများကို မြေကြီးများဖုံးအုပ်ကုန်ကာ မြေကုန်းကြီးများ ဖြစ်လာသည်။ နောင်အခါတွင် နန်းတော်ရာဝင်းအတွင်းရှိ မြေနေရာများတွင်လည်းကောင်း၊ ရှေးဟောင်းကုန်းများပေါ်တွင်လည်းကောင်း၊ နေအိမ်များဆောက်လုပ်နေထိုင်ကြကာ ပဲခူးမြို့ နန်းတော်ကုန်းရပ်ကွက်ဟူ၍ ဖြစ်လာသည်။

### နန်းတော်ရာပြန်လည်တူးဖော်ခြင်း

၁၉၉၀ ပြည့်နှစ်တွင် ထိုစဉ်က အစိုးရအဖွဲ့အကြီးအကဲက ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ဆောင်များကို အထောက်အထားခိုင်မာစွာရရှိလျှင် ရှေးမူမပျက် နန်းဆောင်များ ပြန်လည်တည်ဆောက်ရန်အတွက် အထောက်အထားများ တူးဖော်ရှာဖွေပေးရန် ရှေးဟောင်းသုတေသနဌာနကို ညွှန်ကြားလာပါသည်။ သုတေသနပြုတူးဖော်နိုင်ရန်အတွက် နန်းတော်ရာဝင်းအတွင်းမှ နေအိမ်များကို ဖယ်ရှားစေ၍ ဥဿာမြို့သစ်၌ နေရာချထားပေးခဲ့သည်။

ဤသို့ဖြင့် ရှေးဟောင်းသုတေသနဦးစီးဌာနက နန်းတော်ရာဝင်းအတွင်းရှိ ကုန်းဟောင်းများကို ၁၉၉၀ ပြည့်နှစ်တွင် ကုန်းအမှတ် (၁) မှ စတင်၍ ကုန်းနံပါတ်များတပ်ကာ ဂရစ်ကွက်စနစ်ဖြင့် တူးဖော်သုတေသနပြုခဲ့ကြသည်။ ရှေးဟောင်းကုန်း တစ်ကုန်းပြီးတစ်ကုန်း တူးဖော်သုတေသနပြုခဲ့ရာ ၁၉၉၄ ခုနှစ်တွင် ကုန်းအမှတ် (၇) ကို တူးဖော်ရာ၌ ထူးခြားသော သမိုင်းအထောက်အထားများ ဖော်ထုတ်တွေ့ရှိရသည်။ ထိုကုန်းကို တူးဖော်ရာတွင် မီးလောင်ကျွမ်းထားပြီး နေရာမပျက်တည်ရှိနေသည့် ကျွန်းတိုင်ပေါင်း ၁၇၆ တိုင်ကို တွေ့ရှိကြရသည်။ တွေ့ရှိရသော ကျွန်းတိုင်များကို ပန္နက်ပုံထုတ်ရေးဆွဲကြည့်သောအခါ ဘေးဝဲယာတွင် လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်၊ အလယ်တွင် စနုဆောင်နှင့် မြေနန်းပြာသာဒ်ဆောင်တို့၏ ပန္နက်ပုံကိုရရှိလေသည်။ ထိုပန္နက်ပုံများအပေါ် အခြေခံကာ ယနေ့မြင်တွေ့နေရသော လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်နှင့် အလယ်တွင် စနုဆောင်နှင့် မြေနန်းပြာသာဒ်တော်ကြီးတို့ကို ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။


လက်ဝဲဝင်းဆောင်နေရာမှ တူးဖော်ရရှိသော သစ်ထွင်းပန်းပုရုပ်ပုံများပါသည့် ကျွန်းချပ်ကြီး (အစွန်းတစ်ဖက်၌ မြေနန်းပြာသာဒ်၏ စုလစ်မွမ်းချွန်များဟု ယူဆရသော အချွန်အတက်များပုံ)။


ကျွန်းချပ်ကြီး၏ အခြားအစွန်းတစ်ဖက်၌ ပလ္လင်ပေါ်တွင်ထိုင်နေသော မင်းတစ်ပါးပုံ၊ နံဘေးဝဲယာတွင် ထီးဖြူကိုင်လျက် ထိုင်နေသော လူရုပ်ပုံတို့၏ အောက်ဖက်တွင် ကနုတ်ပန်းပုံများပါသည့် သစ်ထွင်းပန်းပုရုပ်ပုံ။

### သစ်ထွင်းပန်းပုကျွန်းချပ်နှင့် ကျွန်းတိုင်များ

ထိုကုန်းအမှတ် (၇) မှာ သမိုင်းတန်ဖိုးရှိသော ရှေးဟောင်းပစ္စည်းများရရှိခဲ့သည့် နန်းတော်ကုန်းဟုဆိုလည်း မမှားပါ၊ ထိုကုန်းကို တူးဖော်ရာတွင် လက်ဝဲဝင်းဆောင်နေရာရှိ နန်းတော်ကျွန်းတိုင်တစ်တိုင်၏ အောက်တွင် အလျားလိုက်ခံထားသော အလျား ၁၇ ပေ၊ အနံ ၁၉ ဒသမ ၂ လက်မနှင့် ထု ၃ ဒသမ ၈လက်မရှိသော ကျွန်းချပ်ကြီး တစ်ခု ဖော်ထုတ်တွေ့ရှိရသည်။

အဆိုပါကျွန်းချပ်ကြီး၏ မျက်နှာတစ်ဖက်တည်းမှ အစွန်းတစ်ဖက်စီပေါ်၌ သစ်ထွင်းပန်းပုရုပ်ပုံ တစ်ပုံစီပါရှိသည်။ အစွန်းတစ်ဖက်ရှိ သစ်ထွင်းရုပ်ပုံမှာ နန်းပြာသာဒ်မှ စုလစ်မွမ်းချွန်ဟု ယူဆရသော အချွန်အတက်များပုံဖြစ်သည်။ အခြားအစွန်းတစ်ဖက်တွင် ပလ္လင်ပေါ်၌ ထိုင်နေသော မင်းတစ်ပါးပုံ၊ ဘေးဝဲယာတွင် ထီးဖြူကိုကိုင်လျက်ထိုင်နေသော လူရုပ်ပုံနှစ်ပုံ၊ ထိုလူပုံတို့၏ အောက်ဖက်တွင် ကနုတ်ပန်းပုံများ ထွင်းလုပ်ပါရှိသည်။ ထိုသစ်ထွင်းပန်းပုရုပ်ပုံများသည် ဘုရင့်နောင်ခေတ်၏ ရှားပါးသော သစ်ထွင်းပန်းပုလက်ရာများဖြစ်သည်။

မြေနန်းပြာသာဒ်နေရာကို တူးဖော်ရာမှ အဆိုပါ သစ်ထွင်းပန်းပုရုပ်များပါရှိသော ကျွန်းချပ်ကြီးအပြင် မြေကြီးထဲတွင် မူလနေရာအတိုင်း တည်ရှိနေသည့် မီးလောင်ကျွမ်းထားသော ကျွန်းတိုင် ၁၇၆ တိုင် ဖော်ထုတ်ရရှိခဲ့သည်။ အဆိုပါ ကျွန်းတိုင်တို့အနက် ကျွန်းတိုင် ၁၃၆ တိုင်တွင် စာများရေးထွင်းပါရှိသည်ကို တွေ့ရသည်။ ကျွန်းတိုင်ပေါ်မှ စာများကို ဖတ်ရှုလေ့လာကြည့်သောအခါ ကျွန်းတိုင်များကို ပေးပို့သော မြို့ရွာအမည်များ ဥပမာ-ပြည်၊ သာယာဝတီ၊ လှိုင် (ဘောလယ်)၊ ခနုဖြူ၊ ကောလင်း၊ တောင်သာ၊ မိုးကောင်း၊ ကသာ စသည်တို့ပါရှိသည်။ ကမ္ဘောဇသာဒီနန်းတော် ဆောက်လုပ်ရာတွင် မြို့ဝန်၊ မြို့စားစော်ဘွားများက ကျွန်းသစ်လုံးများ ဆက်သပေးပို့ကြရကြောင်း သမိုင်းအထောက်အထားဖြစ်သည်။ အချို့ကျွန်းတိုင်များပေါ်တွင် မှူးမတ်အမည်များ ဥပမာ-နေမျိုး ကျော်ထင်၊ လက်ယာရန္တသူ၊ ဗညားဒလ၊ အနန္တသူရိယ စသောအမည်များ ရေးထွင်းပါရှိသည်ကို တွေ့ရသည်။ အဆိုပါမှူးမတ်တို့က ကျွန်းတိုင်များပေးပို့ရာတွင် ကြီးကြပ်ကွပ်ကဲရသော ဘုရင့်နောင်၏ မှူးကြီးမတ်ကြီးများ ဖြစ်မည်ဟု ယူဆရသည်။

*စာမျက်နှာ ၁၁ သို့*

# ပင်လောင်းမြို့နယ်အတွင်း အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး စီမံကိန်းဝင်ကျေးရွာများသို့ လက်လှည့်ပြောင်းခြွေစက်ပေးအပ်



**နောင်တရား နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အတွင်းမှ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး စီမံကိန်းကျေးရွာများသို့ လက်လှည့်ပြောင်းခြွေစက် ပေးအပ်ပွဲနှင့် အစေ့ထုတ်ပြောင်း စံပြစိုက်ခင်းရိတ်သိမ်းပွဲကို မယ်ဖားလုံဖောင်ဒေးရှင်းနှင့် CPP ကုမ္ပဏီတို့ ပူးပေါင်း၍ နိုဝင်ဘာ ၁၉ ရက်က ပေါ့အင်ကျေးရွာအုပ်စု နောင်ချိုကျေးရွာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ရွှေရွှေမာက ပြောင်းစိုက်ပျိုးခြင်းနှင့် ပတ်သက်သော အကျိုးကျေးဇူးများ၊ CPPF ကုမ္ပဏီနှင့် မယ်ဖားလုံဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ၊ အစေ့ထုတ်ပြောင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက အစေ့ထုတ်ပြောင်းစိုက်ပျိုးသည့် တောင်သူများထံ လက်လှည့် ပြောင်းခြွေစက်များ ပေးအပ်ပြီး ဆက်လက်၍ အစေ့ထုတ်ပြောင်း စံပြစိုက်ခင်းရိတ်သိမ်းပွဲနှင့်အတူ အစေ့ထုတ်ပြောင်း အဖူးအလှပြိုင်ပွဲ၊ ပြောင်းအဖူးချိုးပြိုင်ပွဲနှင့် ပြောင်းအစေ့ခြွေပြိုင်ပွဲများ ကျင်းပကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက သဘာဝဓာတ်မြေသြဇာအိတ်များ ပေးအပ်ခဲ့သည်။ **ခွန်အောင်(နောင်တရား)**

# မော်လမြိုင်မြို့၌ ပထမအကြိမ် စကက်ချ်ပန်းချီပြပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပထမဆုံးအကြိမ် စကက်ချ် (ခဲပုံကြမ်း) ပန်းချီပြပွဲကို မင်းကြီးလမ်း အထက (၁) အနီး သံလွင်ဥယျာဉ်ဝင်း အတွင်းရှိ ဒေါက်တာလှဘေ ပညာပါရမီ စာကြည့်တိုက်၌ နိုဝင်ဘာ ၁၅ ရက်မှစ၍ ငါးရက်ခန့် ကျင်းပပြသမည်ဖြစ်ပြီး မော်လမြိုင် ပန်းချီဆရာ ၁၈ ဦးတို့၏လက်ရာ ပန်းချီကားများကို ပြသထားကြောင်း သိရသည်။

ပထမဆုံးအကြိမ် စကက်ချ်ပန်းချီပြပွဲ ကျင်းပခြင်းမှာ မျိုးဆက်သစ် ပန်းချီဝါသနာပါသူ လူငယ်များ အခြေခံအဆင့် နားလည်ရုံဖြင့် ပန်းချီကားများ ပါဝင်ပြသနိုင်ခြင်းဖြင့် လူငယ်များအားပန်းချီလောကထဲဆွဲခေါ်လာနိုင်ရန်ဖြစ်ကြောင်း ဦးဆောင်ကျင်းပသူ စကက်ချ်ပန်းချီဆရာ ကိုသော်တာက ပြောသည်။




ပြပွဲတွင် ပန်းချီဆရာ ၁၈ ဦးက မော်လမြိုင်မြို့၏ ရှေးကျသော အဆောက်အအုံပုံစံများကို စကက်ချ်ပန်းချီ လက်ရာမျိုးစုံတို့ဖြင့် ရေးဆွဲထားသော ပန်ချီကား ၁၁၅ ကား ပြသထားပြီး ပန်းချီကား ဈေးနှုန်းအနေဖြင့် အနိမ့်ဆုံး ကျပ်လေးသောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ရှိကြောင်း၊ ပြပွဲကို နိုဝင်ဘာ ၁၉ ရက်က ဒေါက်တာလှဘေ ပညာပါရမီ စာကြည့်တိုက်နာယက ဒေါက်တာတင်စိုးနှင့် စာကြည့်တိုက် ဥက္ကဋ္ဌ ဦးသောင်းထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

*စာမျက်နှာ ၁၀ မှ*

ဖော်ပြပါ (၁) သစ်သားပန်းပုရေးထွင်းပါရှိသော ကျွန်းချပ်ကြီးနှင့် (၂) ကမ္ပည်းစာများပါရှိသော ကျွန်းတိုင်တို့မှာ ထူးခြားသည့် သမိုင်းတန်ဖိုးရှိသော ရှေးဟောင်းမှတ်တမ်းအမွေအနှစ် (Documentary Heritage) များဖြစ်ပေသည်။

(၁) သစ်သားပန်းပုပုံများရေးထွင်းပါရှိသော ကျွန်းချပ်ကြီးသည် တူးဖော်ရာမှ ပေါ်ထွက်တွေ့ရှိသည့် မူရင်းလက်ရာဖြစ်၍ (Authenticity) အရ တန်ဖိုးရှိခြင်း၊ ၁၆ ရာစု ဘုရင့်နောင်ခေတ်၏ပန်းပုလက်ရာဖြစ်၍ ထူးခြားသော အနုပညာလက်ရာပစ္စည်း (Artistic significance) ဖြစ်ခြင်း၊ အနုပညာဆိုင်ရာ ရှားပါးသော ရှေးဟောင်းပစ္စည်း (Rare artistic antique object) ဖြစ်ခြင်း စသည်တို့ကြောင့် သမိုင်းတန်ဖိုးရှိသော ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်သည်။

(၂) ကမ္ပည်းစာများရေးထွင်းပါရှိသော ကျွန်းတိုင်များမှာလည်း တူးဖော်ရာမှ ပေါ်ထွက်တွေ့ရှိရသော မူရင်းဘုရင့်နောင်ခေတ်လက်ရေးစာနှင့် လက်ရေးစာများဖြစ်ပေါ် တိုးတက်လာပုံကို လေ့လာရာတွင် တန်ဖိုးရှိသော လက်ရေးစာ (Significance for Palaeographical study) ဖြစ်ခြင်း၊ ကျွန်းတိုင်စာတွင် ပါရှိသော မှူးကြီး၊ မတ်ကြီးတို့၏အမည်များမှာ ဘုရင့်နောင်၏ အုပ်ချုပ်ရေးသမိုင်းပြုစုရေးသားရာတွင် ကိုးကားရမည့် သမိုင်းတန်ဖိုးရှိသော မှတ်တမ်းအထောက်အထား (evidence of historical significance) ဖြစ်ခြင်းတို့ကြောင့် စာပါကျွန်းတိုင်များမှာ သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်းပစ္စည်းများ ဖြစ်ကြသည်။



မြေနန်းပြာသာဒ်နေရာတွင် ဂရစ်ကွက်ချစနစ်ဖြင့် တူးဖော်ထားပုံ။



မြို့ရွာအမည်ပါကျွန်းတိုင် (သာယာဝတီသစ်)

**ဘုရင့်နောင်ခေတ် ပန်းပုရုပ်ပုံများပါရှိသည့် ကျွန်းပြားချပ်နှင့် ကမ္ပည်းစာများရေးထွင်းပါရှိသော ကျွန်းတိုင်တို့မှာ UNESCO-Memory of The World ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင် ဖြစ်နိုင်သော ရှေးဟောင်းပစ္စည်းများဖြစ်၍ ရှေးဟောင်းသုတေသနဌာန ပဲခူးဌာနခွဲမှ ညွှန်ကြားရေးမှူး အဆက်ဆက်တို့လက်ထက်တွင် စနစ်တကျ ထိန်းသိမ်း ပြသထားရှိသည်ကို တွေ့ရသည်**

ဖော်ပြပါ အကြောင်းအချက်တို့ကြောင့် ဘုရင့်နောင်ခေတ် ပန်းပုရုပ်ပုံများပါရှိသည့် ကျွန်းပြားချပ်နှင့် ကမ္ပည်းစာများရေးထွင်းပါရှိသော ကျွန်းတိုင်တို့မှာ UNESCO–Memory of The World ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ဖြစ်နိုင်သော ရှေးဟောင်းပစ္စည်းများဖြစ်၍ ရှေးဟောင်းသုတေသနဌာန ပဲခူးဌာနခွဲမှ ညွှန်ကြားရေးမှူး အဆက်ဆက်တို့ လက်ထက်တွင် စနစ်တကျ ထိန်းသိမ်း ပြသထားရှိသည်ကို တွေ့ရသည်။

ပန်းပုပုံများပါသော ကျွန်းပြားချပ်နှင့် ရှေးဟောင်းစာများပါသော ကျွန်းတိုင်များကို အများပြည်သူလေ့လာကြည့်နိုင်ရန် လက်ဝဲဝင်းဆောင်ခန်းမ၊ လက်ယာဝင်းဆောင်ခန်းမတို့တွင် ခင်းကျင်းပြသထားသည်။ လာရောက်လေ့လာသူများ ဗဟုသုတရစေရန် စီစဉ်ပြသထားပုံမှာ စနစ်ကျလှသည်။ ပြတိုက်များ၊ နန်းတော်များ၊ ရှေးမြို့ဟောင်းများသည် ယဉ်ကျေးမှုအမွေအနှစ် ပညာဗဟုသုတ ဖြန့်ဖြူးရာနေရာဌာနများဖြစ်သည်ဟူသော ကမ္ဘာကျော်ပြတိုက်ပညာရှင်များ၏ အဆိုအမိန့်များနှင့်အညီ ကမ္ဘောဇသာဒီနန်းတော်ဝင်းရှိ တူးဖော်မှုကုန်းများနှင့် စာပါကျွန်းတိုင်များ ထိန်းသိမ်းပြသထားရာ နေရာဌာနတို့တွင် စိုက်ထူထားရှိသည့် သတင်းအချက်အလက်များ ရေးသားထားသော ဆိုင်းဘုတ် (Information board) များနှင့် စာပါကျွန်းတိုင်များ၏ အချက်အလက်များကို ဓာတ်ပုံနှင့်တကွပြသထားသည့် Label ကတ်များက လာရောက်လေ့လာသူများကို သမိုင်းနှင့်ယဉ်ကျေးမှု အမွေအနှစ် ဗဟုသုတများ ဖြန့်ဝေပေးလျက်ရှိကြသည်။

လာရောက်လေ့လာသူများအနေဖြင့် သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်းပစ္စည်းများကို လေ့လာရင်း ရွှေရောင်တဝင်းဝင်းနှင့် နန်းဆောင်များကို လှည့်လည်ကြည့်ရှုပါက ဗဟုသုတလည်း တိုးပွား၊ စိတ်ကြည်နူးမှုကိုလည်း ခံစားကြရမည်ဖြစ်သည်။ အားလပ်ရက်တွင် ကမ္ဘောဇသာဒီ နန်းတော်ဝင်းသို့ လာရောက်ပြီး ရွှေရောင်တောက်ပနေသော မြေနန်းပြာသာဒ်တော်ကြီးအတွင်း ပြသထားရှိသော သမိုင်းတန်ဖိုးကြီးမားလှသည့် ရှေးဟောင်းသစ်ထွင်းပန်းပုရုပ်ချပ်နှင့် စာပါရှိသော ကျွန်းတိုင်များကို လေ့လာကြည့်ရှုသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။



လက်ဝဲဝင်းဆောင်တွင် စာပါကျွန်းတိုင်များကို Label ကတ်များနှင့် ပြသထားပုံ။

**ကိုးကား–**

(၁) မှန်နန်းမဟာရာဇဝင်တော်ကြီး(ဒုတိယတွဲ)

(၂) မှန်နန်းမဟာရာဇဝင်တော်ကြီး(တတိယတွဲ)

(၃) UNESCO Criteria for Memory of the World

# နီပေါနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးခြင်းစတင်

ခတ္တမန္ဒူ နိုဝင်ဘာ ၂၀

**နီပေါနိုင်ငံသားများသည် နိုဝင်ဘာ ၂၀ ရက်တွင် ပြည်ထောင်စုပါလီမန်၏ အောက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ခုနစ်ခုအတွက် ဆန္ဒမဲပေးရန်မဲရုံသို့ သွားရောက်ကြသည်။**



ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဆန္ဒမဲပေးခြင်းကို စတင်မည်ဖြစ်သောကြောင့် မဲရုံအချို့တွင် မဲဆန္ဒရှင်များ တန်းစီနေကြကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ ၁၇ ဒသမ ၉၈၈ သန်းခန့်သည် အောက်လွှတ်တော်တွင် အဖွဲ့ဝင် ၂၇၅ ဦးနှင့် ပြည်နယ်လွှတ်တော် ခုနစ်ခုအတွက်အဖွဲ့ဝင် ၅၅၀ ကို ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ငြိမ်းချမ်းစွာဖြင့် မဲပေးခြင်းကို စတင်ကြောင်း၊ တစ်နေ့လုံး အဆင်ပြေချောမွေ့စွာ ဆက်လက် ဆန္ဒမဲပေးမည်ဟု မျှော်လင့်ကြောင်း ရွေးကောက်ပွဲကော်မရှင်မှ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဆာရာအာရယ်က ဆင်ဟွာသို့ ပြောကြားသည်။

အောက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တွင် မှန်ကန်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးကောက်တင်မြှောက်ရန် ဆန္ဒမဲပေးခြင်းမှာ ၎င်းတို့အတွက် အခွင့်အရေးတစ်ခုဖြစ်သည့်အတွက် စိတ်လှုပ်ရှားကြောင်း ဆန္ဒမဲပေးသူအချို့က ပြောကြားသည်။

မဲအများဆုံးရသည့် အနိုင်ရသူစနစ်အရ အောက်လွှတ်တော်တွင် ၁၆၅ နေရာအတွက် ကိုယ်စားလှယ်လောင်း ၂၄၁၂ ဦးခန့်နှင့် အချိုးကျ ကိုယ်စားပြုစနစ်တွင် နေရာ ၁၁၀ အတွက် ကိုယ်စားလှယ်လောင်း ၂၁၉၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

အလားတူ မဲအများဆုံးရသည့် အနိုင်ရသူစနစ်အရ ပြည်နယ်လွှတ်တော် ခုနစ်ခုတွင် နေရာ ၃၃၀ အတွက် ကိုယ်စားလှယ်လောင်း ၃၂၂၄ ဦးနှင့် အချိုးကျ ကိုယ်စားပြုစနစ်တွင် နေရာ ၂၂၀ အတွက် ကိုယ်စားလှယ်လောင်း ၃၇၀၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဆင်ဟွာ

# ရာသီဥတုဆိုင်ရာ ဘဏ္ဍာရေး ရန်ပုံငွေထူထောင်ရန် သဘောတူညီမှုရရှိ

**ကိုင်ရို နိုဝင်ဘာ ၂၀**

အီဂျစ်နိုင်ငံတွင် ကုလသမဂ္ဂ ရာသီဥတုညီလာခံ စီအိုပီ ၂၇ ကို ပြုလုပ်ခဲ့ရာ ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေး ခံစားရသည့်နိုင်ငံများကို ကူညီရန်အတွက် ဘဏ္ဍာရေးရန်ပုံငွေထူထောင်ရန် သဘောတူညီမှုရရှိခဲ့သည်။ အသေးစိတ် အစီအစဉ်များကို လာမည့်နှစ် အစည်းအဝေးတွင် ပြုလုပ်သွားမည်ဖြစ်သည်။

ကုလသမဂ္ဂ မူဘောင်အောက်တွင် ပထမဆုံး ပြုလုပ်ခဲ့သည့် သဘောတူညီမှုအမျိုးအစားတစ်ခုလည်းဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးနစ်နာရမှုများအတွက် ဘဏ္ဍာရေးထောက်ပံ့မှုအပေါ် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စက်မှုနိုင်ငံကြီးများအကြား သဘောထား ကွဲလွဲကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဆုံးရှုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ရန်ပုံငွေကို တောင်းဆိုကြသည်။

အဆိုပါ ညီလာခံကို နိုဝင်ဘာ ၆ ရက်တွင်စတင်ခဲ့ပြီး အစပိုင်းက နှစ်ပတ်ကြာ ပြုလုပ်မည်ဟု သဘောတူခဲ့သော်လည်း နောက်ထပ် ဆွေးနွေးညှိနှိုင်းမှုများအတွက် ဆွေးနွေးပွဲကို နောက်ထပ်ရက်တိုးခဲ့သည်။ ဆွေးနွေးပွဲတွင် အခက်ခဲဆုံး အပိုင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စက်မှုနိုင်ငံကြီးများအကြား သဘောထားကွဲလွဲမှုပင်ဖြစ်သည်။ နောက်ဆုံးတွင် စက်မှုနိုင်ငံကြီးများသည် ခိုင်မာသော တောင်းဆိုမှုများအတွက် လိုက်လျောမှုများပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**




ကုလသမဂ္ဂ ရာသီဥတုညီလာခံ စီအိုပီ ၂၇ ကျင်းပစဉ်။

# ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးကို ရာထူးမှထုတ်ပယ်

**တိုကျို နိုဝင်ဘာ ၂၀**

နိုင်ငံရေးရန်ပုံငွေကို မမှန်မကန် တင်ပြသည် ဆိုခြင်းအတွက် အစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးကို ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း သိရသည်။



ဂျပန်ဝန်ကြီးချုပ်က ပြည်တွင်းရေးရာဝန်ကြီး တီရာဒါ မင်နိုရူ ကို နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ဝန်ကြီးချုပ်ရုံးသို့ဆင့်ခေါ်ပြီး ရာထူးမှ နုတ်ထွက်စာ တင်ပြခြင်းဖြင့် ၎င်းအား ထုတ်ပယ်လိုက်ကြောင်း သိရသည်။ ၎င်း၏နိုင်ငံရေး ရန်ပုံငွေနှင့် ဆက်စပ်နေသည့် အဖွဲ့တစ်ဖွဲ့က သေဆုံးသူတစ်ဦးကို ၎င်း၏ စာရင်းကိုင်အဖြစ် စာရင်းသွင်းခဲ့ကြောင်း ဖော်ထုတ်ပြီးနောက် ဝန်ကြီးက စစ်ဆေးခံရခြင်းဖြစ်သည်။

ယခုအခါ တီရာဒါ ကို ရာထူးမှ ထုတ်ပယ်ရန် ရှိ/မရှိ ကို မကြာမီ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ၎င်း၏ အစိုးရအဖွဲ့သည် စိန်ခေါ်မှု ပြဿနာများအတွက် အာရုံစိုက်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက နိုဝင်ဘာ ၁၉ ရက်တွင် သတင်းထောက်များကို ပြောကြားသည်။

အစိုးရအဖွဲ့ ဝန်ကြီးများသည် ၎င်းတို့၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်က အလေးထားပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# အီဂျစ်နိုင်ငံတွင် ယာဉ်မတော်တဆမှုဖြစ်ပွားရာ ၁၂ ဦး သေဆုံး

**ကိုင်ရို နိုဝင်ဘာ ၂၀**

အီဂျစ်နိုင်ငံအရှေ့ပိုင်း၌ နိုဝင်ဘာ ၁၉ ရက်က ယာဉ်မတော်တဆမှုဖြစ်ပွားရာ ၁၂ ဦးထက်မနည်း သေဆုံးပြီး ၂၇ ဦးဒဏ်ရာရရှိကြောင်း အီဂျစ်နိုင်ငံကျန်းမာရေး အရာရှိတစ်ဦးက ပြောကြားသည်။

ရတ်စ်ဂါရက်ဘ်မြို့ရှိ အဝေးပြေးလမ်းမပေါ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခု၏ ခရီးသည်တင်ယာဉ်တစ်စီးသည် နောက်တွဲယာဉ်တစ်စီးနှင့် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း ကျန်းမာရေးရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ အစမေး အယ်လ် အာရာဘီက ဆင်ဟွာသို့ ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသို့ လူနာတင်ယာဉ် အစီး ၃၀ ပို့ဆောင်ပြီး ဒဏ်ရာရရှိသူများကို ရတ်စ်ဂါရတ်ဘ်မြို့နှင့် ဟာဂါဒါမြို့ဆေးရုံများသို့ ပို့ဆောင်ပေးကြောင်း သိရသည်။ ဒဏ်ရာရရှိသူအချို့မှာ ဦးခေါင်းခွံကျိုးခြင်းနှင့် ဦးနှောက်သွေးယိုမှု ဖြစ်ပွားခြင်းအပါအဝင် စိုးရိမ်ဒဏ်ရာများရရှိကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ

# ပါကစ္စတန်ထိန်းချုပ်နယ်မြေ ကက်ရှ်မားတွင် ယာဉ်မတော်တဆမှုဖြစ်၊ လေးဦးသေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၀**

ပါကစ္စတန်ထိန်းချုပ်နယ်မြေ ကက်ရှ်မားတွင် ယာဉ်မတော်တဆမှု နှစ်ခုဖြစ်ပွားသဖြင့် လေးဦးထက် မနည်းသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးသမားများက နိုဝင်ဘာ ၁၉ ရက်တွင် ဆင်ဟွာသို့ ပြောကြားသည်။

ဆင့်နျူတီခရိုင်၌ နိုဝင်ဘာ ၁၉ ရက်က ကျောင်းကားတစ်စီး မြောင်းထဲသို့ ပြုတ်ကျပြီးနောက် ဆယ်ကျော်သက်အရွယ် မိန်းကလေးသုံးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ အလားတူ နီလွမ်ဗယ်လီခရိုင်အနီးတွင် ယာဉ်မတော်တဆမှုတစ်ခုဖြစ်ပွားရာတစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဆင်ဟွာ

# အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် လေယာဉ်ပျက်ကျ၊ လေးဦးသေဆုံး

**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၂၀**

ဝါရှင်တန်ပြည်နယ် စနိုဟောမစ် ကောင်တီရှိ ဟာဗေးဖီးဒ်လေဆိပ်တွင် လေယာဉ်ငယ်တစ်စင်းမှာ မြေပြင်ပေါ်မဆင်းသက်မီ ပျက်ကျခဲ့ပြီး လူလေးဦး သေဆုံးခဲ့သည်ဟု နိုဝင်ဘာ ၁၉ ရက်တွင် စုံစမ်းစစ်ဆေးသူများက ကြေညာခဲ့သည်။

Cessna 208B လေယာဉ်မှာ ရန်တွန်မြို့မှ ပျံတက်လာပြီး တစ်နာရီအကြာတွင် လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ် လိုက်ပါလာသည့် လေးဦးစလုံးမှာ အသက်ဆုံးရှုံးခဲ့ရသည်ဟု နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် အတည်ပြုခဲ့သည်။

သေဆုံးသူများကို စနိုဟောမစ်ကောင်တီ ဆေးဘက်အဖွဲ့က စစ်ဆေးခဲ့သည်။ လေယာဉ်ငယ် ပျက်ကျမှုကို အမျိုးသားသယ်ယူ ပို့ဆောင်ရေး



လုံခြုံစိတ်ချရေး ဘုတ်အဖွဲ့နှင့် လေကြောင်းစီမံခန့်ခွဲရေးက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဆင်ဟွာ

# ထိုင်းနိုင်ငံ ဆူရင်ပြည်နယ်၌ ဂင်းနစ်ကမ္ဘာ့စံချိန်တင်နိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများ ဆင်ရုပ်များ ပြုလုပ်

ဘန်ကောက် နိုဝင်ဘာ ၂၀

**ထိုင်းနိုင်ငံ ဆူရင်ပြည်နယ်၌ ဆင်ပွဲတော်စီစဉ်သူများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ကျောင်းသား ကျောင်းသူများသည် နေချစ်ချစ်တောက်အပူချိန်အောက်တွင် နာရီများစွာကြာ ထိုင်ပြီး ဂင်းနစ်ကမ္ဘာ့စံချိန်တင်နိုင်ရန်အတွက် ဆင်ရုပ်များ ပြုလုပ်လျက်ရှိကြောင်း သိရသည်။**


နေအပူချိန်အောက်တွင် ကျောင်းသား ကျောင်းသူများ ဆင်ရုပ်ပြုလုပ်နေသည်ကို တွေ့ရစဉ်။

အဆိုပါ ပွဲတော်သည် ဆူရင်ပြည်နယ်၌ နှစ်စဉ်ပြုလုပ်နေကျ ပွဲတော်တစ်ခုဖြစ်ပြီး ဆူရင်ပြည်နယ်မှ အထည်များအား တစ်ထိုင်တည်းခေါက်ထားသော အထည်အရေအတွက်ကို ကမ္ဘာ့စံချိန်တင်ရန် ကြိုးပမ်းကြခြင်း ဖြစ်သည်။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်နိုင်ခဲ့ပါက ဆူရင်ပြည်နယ်၏ ဒုတိယမြောက် မှတ်တမ်းစံချိန်ဖြစ်လာမည်ဖြစ်ပြီး ပထမဆုံးဂင်းနစ်စံချိန်ကို ၂၀၀၃ ခုနှစ်က နိုဝင်ဘာ ၁၄ ရက်က တင်နိုင်ခဲ့ကြောင်း သိရသည်။

လူမှုကွန်ရက်ပေါ်တွင် တင်ထားသော ဓာတ်ပုံများတွင် အထက်တန်းကျောင်းနှင့် မူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများ အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်စ် အပူချိန်အောက်တွင် ထိုင်ကာ ဆင်ရုပ်များခေါက်နေသည်ကို တွေ့ရသည်။ အပူချိန်ပြင်းထန်မှုကြောင့် ကျောင်းသား ကျောင်းသူများ မူးမေ့လဲမှုများ ဖြစ်ပွားကြောင်း သိရသည်။

ဆူရင်ပြည်နယ်အုပ်ချုပ်ရေးမှူးက အောင်မြင်မှုကို လွယ်လွယ်မရနိုင်ကြောင်းနှင့် ကြိုးစားအားထုတ်ယူရမည်ဖြစ်ကြောင်း ပြောသည်။ ထို့အပြင် နိုဝင်ဘာ ၁၈ ရက်တွင် အရုပ်မည်မျှပြုလုပ်ခဲ့သည် သို့မဟုတ် နေပူထဲတွင်ထိုင်ကာ ထိုကဲ့သို့ပြုလုပ်ရန် လူဦးရေ မည်မျှရှိသည်ကိုတော့ ပြောကြားထားခြင်း မရှိပေ။ **ဘန်ကောက်ပို့စ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၀၆၃ ဦး စစ်ဆေးတွေ့ရှိ၊ ရှစ်ဦး သေဆုံး

**မနီလာ နိုဝင်ဘာ ၂၀**

ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၂၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၀၆၃ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၀၂၅၉၁၇ ဦးအထိ ရှိလာပြီ ဖြစ်သည်။



ဖိလစ်ပိုင်နိုင်ငံ၌ ပိုးတွေ့ဆဲလူနာအရေအတွက် ၁၈၆၄၇ ဦးသို့ ကျဆင်းလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ထပ်မံသေဆုံးသူ ရှစ်ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန (ဒီအိုအိတ်ချ်) က ပြောသည်။ ထပ်မံသေဆုံးသူများကြောင့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း သေဆုံးသူစုစုပေါင်း ၆၄၄၇၆ ဦး အထိရှိလာပြီ ဖြစ်သည်။

လူဦးရေ ၁၃ သန်းကျော်နေထိုင်သည့် ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော် မနီလာတွင် ရောဂါပိုး ထပ်မံစစ်ဆေးတွေ့ရှိသူ ၂၅၅ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၀၀၄ ဦးဖြင့် တစ်ရက်တည်း အများဆုံးကူးစက်မှုအမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ထားသည်။ **ဆင်ဟွာ**

# မေလနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါကြောင့် ပထမဆုံးသေဆုံးမှု တရုတ်နိုင်ငံ၌ ဖြစ်ပွား

**ပေကျင်း နိုဝင်ဘာ ၂၀**

တရုတ်နိုင်ငံ၌ ကိုဗစ် - ၁၉ ရောဂါကူးစက်မှုများကို ပပျောက်သွားရန်အလို့ငှာ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများဖြင့် ဆောင်ရွက်နေသော်လည်း ကူးစက်ဖြစ်ပွားသူ မြင့်မားလာမှုနှင့် ရင်ဆိုင်နေရပြီး ခြောက်လအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ပထမဆုံး သေဆုံးမှုဖြစ်ပွားကြောင်း နိုဝင်ဘာ ၂၀ ရက်က ဖော်ပြသော ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း တရုတ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု စမ်းသပ်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ပိုးတွေ့ရှိသူ ၂၄၀၀၀ ကျော်ရှိပြီး သေဆုံးသူ တစ်ဦးရှိကြောင်းနှင့် အဆိုပါ သေဆုံးသူမှာ မြို့တော်ပေကျင်းတွင် နေထိုင်လျက်ရှိပြီး အသက် ၈၇ နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က ပြောသည်။

အဆိုပါ ပိုးတွေ့ရှိမှုအရေအတွက်သည် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက နည်းပါးသော်လည်း လ အတန်ကြာ ပိုးတွေ့ရှိမှုကို ထုတ်ပြန်ကြေညာပြီးနောက်တွင် တရုတ်နိုင်ငံ၌ မကြာသေးမီက ပိုးတွေ့ရှိမှုသည် သတိထားစရာဖြစ်လာခဲ့သည်။ နိုဝင်ဘာ ၂၀ ရက်တွင် ပေကျင်း၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ ၆၂၁ ဦးရှိပြီးနောက် ပေကျင်း၏ အကြီးဆုံးရှော့ပင်းမောလ်အချို့ကို ပိတ်ထားကြောင်းနှင့် စားသောက်ဆိုင်ဝန်ဆောင်မှုများကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**


ဆေးဝန်ထမ်းတစ်ဦးက အမျိုးသမီးတစ်ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ တွစ်တာအကောင့် ပြန်လည်အသုံးပြုခွင့် ရမည်ဟု အီလွန်မက်စ်ပြော

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

ဆိုရှယ်မီဒီယာပေါ်မှ မဲရလဒ်များကို အခြေခံကာ အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့် ၏ တွစ်တာအကောင့်ကို ပြန်လည်အသုံးပြုခွင့်ပေးသွားမည်ဟု တွစ်တာ စီအီးအို အီလွန်မက်စ်က ပြောသည်။



လူများ၏ မဲရလဒ်အပေါ် အခြေခံကာ ဒေါ်နယ်ထရမ့်၏ တွစ်တာအကောင့် ပြန်လည်ရရှိပြီ ဖြစ်သည်။ "ပြည်သူများ၏ အသံသည် ဘုရားသခင်၏ အသံပင်ဖြစ်သည်" ဟု လက်တင်ဘာသာစကားဖြင့် အီလွန်မက်စ်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ကို တွစ်တာအကောင့် ပြန်ပေးသင့် မသင့် ဆိုရှယ်မီဒီယာ ပလက်ဖောင်းတွင် ဆန္ဒမဲကောက်ခံမှုပြုလုပ်ခဲ့သည်။

တွစ်တာအသုံးပြုသူ ၁၅ သန်းကျော်က ဆန္ဒမဲပေးခဲ့ကြသည်။ ၅၁ ဒသမ ၈ ရာခိုင်နှုန်းမှာ ထရမ့်၏ တွစ်တာအကောင့်ကို ပြန်ပေးသင့်သည်ဟု ဆန္ဒမဲပေးခဲ့ကြသည်။ ပြီးခဲ့သည့်နှစ် အမေရိကန် ကက်ပီတော်တွင် အဓိကရုဏ်းပြီးနောက် အကြမ်းဖက်မှုဟု လှုံ့ဆော်သည်ဟုဆိုကာ ထရမ့်၏ တွစ်တာအကောင့်ကို ပိတ်ထားခဲ့သည်။ ဆိုရှယ်မီဒီယာပေါ်မှ ဆန္ဒမဲကောက်ခံရုံဖြင့် ထရမ့်ကို တွစ်တာအကောင့် ပြန်ပေးလိုက်ခြင်းအပေါ် အချို့သောသူများက စိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ် - ၁၉ ရောဂါ နောက်ထပ်ကူးစက်ခံရသူ ၁၁၆၇ ဦး တွေ့ရှိ

**စင်ကာပူ နိုဝင်ဘာ ၂၀**

စင်ကာပူနိုင်ငံတွင် နိုဝင်ဘာ ၁၉ ရက်က ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၆၇ ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၂၁၅၃၅၃၅ ဦး ဖြစ်လာခဲ့သည်။

လက်ရှိဆေးရုံတွင်ကုသမှု ခံယူရသူ ၁၈၂ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ရှစ်ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။ နိုဝင်ဘာ ၂၀ ရက်တွင် ကိုဗစ် - ၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ တစ်ဦးရှိသည့်အတွက် နိုင်ငံ တစ်ဝန်း စုစုပေါင်း သေဆုံးသူအရေအတွက် ၁၇၀၀ ရှိလာကြောင်း သိရသည်။

**ဆင်ဟွာ**



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Simple Past Tense (ရိုးရိုးအတိတ်ကာလ) အကြောင်းကို ပြည့်ပြည့်စုံစုံလေး ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about 'I need a new cell phone' ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက ပိုမိုနားလည်သဘောပေါက်စေဖို့ နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ်အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Simple Past Tense (ရိုးရိုးအတိတ်ကာလ) အကြောင်းကို ဆက်လက်ပြီး ပြည့်ပြည့်စုံစုံလေးဖော်ပြလိုက်ပါတယ်။

**Simple Past Tense (အတိတ်ကာလ)**

➢ We use the past simple for a finished time in the past. For example:

yesterday/ last week/ from 2010 to 2014

အတိတ်ကပြီးဆုံးခဲ့သော အချိန်ကိုဖော်ပြပြောဆိုလိုလျှင် Past Tense ကိုသုံးသည်။

✓ It didn't rain last week.
✓ Did you see Anna this morning?
✓ Did you see Ben on Sunday?
✓ I worked here from 2010 to 2019.
✓ A: Was Lisa at the party on Sunday?
B: I don't think so. I didn't see her.
✓ I never rode a bike when I was a child.
✓ After you come back from holiday you say: It was a really good holiday. I really enjoyed it.
✓ Paul and Lucy arrived ten minutes ago.
✓ Did you eat a lot of sweets when you were a child?
✓ I got home late last night. I was very tired and went straight to bed.

➢ We use the past tense to ask When …? Or What time …?: ဘယ်အချိန်လဲ၊ ဘယ်ကာလလဲဆိုပြီး ပြီးခဲ့တဲ့အချိန်ကို မေးချင်ရင်လည်း past tense ကိုသုံးသည်။

✓ When did your friends arrive?
✓ What time did you finish work?
✓ When did Carla leave?

➢ We use the past tense for things that are not recent or new: မကြာသေးမီက ဖြစ်ခဲ့တဲ့ကိစ္စ သို့မဟုတ် အသစ်မဟုတ်တော့တဲ့ အကြောင်းတွေကို ပြောချင်ရင် past tense ကိုသုံးသည်။

✓ Mozart was a composer. He wrote more than 600 pieces of music.
✓ My mother grew up in Italy.
✓ Who invented the telephone?

➢ One single action after another in the past: အတိတ်ကာလက ဖြစ်စဉ်တစ်ခုပြီး တစ်ခု ဆက်တိုက်ဖြစ် (လုပ်) ခဲ့သည့်အခါတွင်လည်း past tense ကိုသုံးသည်။

✓ She got up at 7 o'clock. She had a big breakfast. She walked to work, which took me about half an hour.

**Three common forms of Past Tense**

Positive

| | |
|---|---|
| I | enjoyed |
| She | saw |
| They | went |

Question

| | | |
|---|---|---|
| Did | you<br>she<br>they | enjoy?<br>see?<br>go? |

Negative

| | | |
|---|---|---|
| I<br>She<br>They | didn't | enjoy …<br>see …<br>go … |

**The past of be (am/is/are) is was/were:**

I/he/she/it was/wasn't

we/you/they were/weren't

အရင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

Exercise (1) မှ အဖြေများ

1. has been crying
2. has been teaching
3. have been living
4. has been sleeping
5. has been practicing
6. has been playing
7. has been cooking
8. have been shopping
9. has been taking
10. have been decorating
11. has been raining
12. has been talking

Exercise (2) မှ အဖြေများ

1. It's been raining for two hours.
2. We have been waiting for 20 minutes.
3. I have been learning Japanese since December.
4. She has been working there since 18 January.
5. They have been going there for years.

Exercise (3) မှ အဖြေများ

1. Have you been playing tennis?
2. She has been writing emails…
3. Somebody has been breaking …
4. It has been raining ….
5. have you been doing …?

## VOCABULARY (IDIOMS)

1. to pick and choose (စံရွေးသည်)
You have to take any job you can get—you can't pick and choose.
2. to cut your coat according to your cloth
(ကိုယ့်အထွာနဲ့ကိုယ်တိုင်းလုပ်။)
Cut your coat according to your cloth and stop wanting things you can't afford.
3. a cock and bull story
(မဟုတ်မမှန်ဇာတ်လမ်း၊ လုပ်ကြံပြောဆိုသည်)
He told us some cock and bull story about having lost all his money down a drain.
4. to be cock–sure (စိတ်ချလွန်းသော၊ သေချာလွန်းသော)
Some gentlemen associated with our defence organiza–tion are so cocksure of everything.
5. to pass with flying colours (ထူးထူးချွန်ချွန်အောင်မြင်သည်)
She passed her exams with flying colours.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။*
*နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about 'I need a new cell phone'

**ဒီတစ်ပတ်မှာတော့ "I need a new cell phone" အကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about 'I need a new cell phone' ဆိုပြီးဖော်ပြလိုက်ပါတယ်။**

*Shouldn't waste …*
*the slowest phone I've ever seen …*
*That's why …*
*Will + Vinf …*
*I promise …*

Shouldn't waste …

၁။ မဖြုန်းသင့်ဘူး၊ မလုပ်သင့်ဘူး စသည်ဖြင့် မလုပ်စေချင်တဲ့အခါမှာ ပြောလေ့ရှိတဲ့ စကားပြောပုံစံတစ်ခုကတော့ Shouldn't waste ပဲဖြစ်ပါတယ်။ Shouldn't waste ရဲ့နောက်မှာ ကိုယ်ကဘာကို မဖြုန်းစေချင်တာလဲဆိုတဲ့ အကြောင်းအရာကို ထည့်ပြောနိုင်ပါတယ်။ ဥပမာ. –

– We shouldn't waste money like this.

The slowest phone I've ever seen …

၂။ the D3 Adjective + Noun (that) Sub + Present Perfect ဒီပုံစံကိုတော့ မြင်ဖူးသမျှထဲမှာ၊ စားဖူးသမျှထဲမှာ၊ လုပ်ဖူးသမျှထဲမှာ၊ ဖတ်ဖူးသမျှထဲမှာ၊ တွေ့ဖူးသမျှထဲမှာ အကောင်းဆုံး၊ အနှေးဆုံး၊ အမြန်ဆုံး စသည်ဖြင့် ပြောဆိုလိုတဲ့အခါမှာ သုံးနိုင်ပါတယ်။ ဒီနေရာမှာတော့ မြင်ဖူးသမျှထဲမှာ အနှေးဆုံးဖုန်းပဲလို့ ပြောလိုက်တာပဲဖြစ်ပါတယ်။ ဒါကို The slowest phone I've ever seen နဲ့ပြောသွားပါတယ်။

That's why

၃။ That's why ဆိုတဲ့စကားလုံးဟာ That is why ကို အတိုချုံ့ထားခြင်းသာဖြစ်ပါတယ်။ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ "ဒါကြောင့်" ဆိုပြီး ပြောတာဖြစ်ပါတယ်။ ဥပမာ–

– That's why I'm not going to buy you a new cell phone unless your grades improve.

Will + Vinf

၄။ အနာဂတ်အကြောင်း သာမန်ဖော်ပြချင်ရင် will + Vinf ကို သုံးနိုင်ပါတယ်။ ထို့အတူ ရုတ်တရက်ဆုံးဖြတ်ချက် ချတဲ့နေရာမှာလည်း will + Vinf ကို သုံးနိုင်ပါတယ်။ အောက်ပါ ဥပမာကိုကြည့်ပါ–

– Well, I will buy a new battery for the phone.

I promise

၅။ ကတိပေးတယ်လို့ပြောချင်တဲ့အခါမှာ I promise ဆိုပြီးပြောပါတယ်။ တစ်ခုခုလုပ်ဖို့ ကတိပေးတဲ့အခါမှာ I promise နဲ့သုံးနိုင်ပါတယ်။ ဥပမာ –

– Okay, I promise to do my best to improve my grades.

**Conversation**

**I need a new cell phone**

Daisy: Mom, there's a new cell phone out. It's amazing. I have to get one!

Mom: No way! Your cell phone is still working fine. We shouldn't waste money like this.

Daisy: But mom, my phone is outdated. Besides, half the screen is cracked, the battery life is terrible, it goes from 100% to 40% in a few hours and some letters on the keyboard are not working and it's basically the slowest phone I've ever seen. That's why I need a new phone.

Mom: Well, I will buy a new battery for the phone and it will be fine.

Daisy: This won't help the fact that half the keyboard is not working and it's slow. You should just try to use it for an hour and see how annoying it is. I know you can afford to buy me a new phone, because you've just got a pay raise. Black Friday sales are coming soon, now it would be a good time to get a nice deal on a better phone.

Mom: Daisy, I just received your school report yesterday and I noticed your grades are not so good. That's why I'm not going to buy you a new cell phone unless your grades improve. Do we have a deal?

Daisy: Okay, I promise to do my best to improve my grades. I'll study harder from now on.

Mom: Great, and I promise to buy you a new phone next month if you do that.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၂၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၈၈,၄၂၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၀၀၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၃၈၄) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၉-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၅၃,၈၀၆) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၃၃,၇၈၀) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၉-၁၁-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၅၃,၈၀၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၃၃,၇၈၀ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၉) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၂၉၂၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၄၀ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၁၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၂ | ၂၀၁၄ |
| 95 Ron | ၂၀၄၀ | ၂၁၁၄ |
| HSD (500 ppm) | ၂၃၉၄ | ၂၄၇၁ |
| HSD (50 ppm) | ၂၄၆၇ | ၂၅၄၆ |
| HSD (10 ppm) | ၂၄၆၇ | ၂၅၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် နေ့လယ်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

ထို့ပြင် NUG, PDF အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ကြီးထံသို့ မြန်မာနိုင်ငံဘက်မှ အမြဲတစေသတင်းပေးပို့ခြင်း၊ ထောက်ပြပြောဆို၍ ကန့်ကွက်ပေးရန်နှင့် ရှုတ်ချပေးရန် ပြောဆိုခဲ့ပါကြောင်း၊ သို့သော် လျစ်လျူရှုမှုများရှိခဲ့ပါကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG, CRPH, PDF အဖွဲ့အစည်းများသည် အကြမ်းဖက်မှုများကို လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏ လူမဆန်သည့် လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးခဲ့ရသည်ကို ကမ္ဘာက သိရှိစေရန် အာဆီယံအစည်းအဝေးများတွင်လည်းကောင်း၊ ရန်ကုန်မြို့တွင်ရှိသည့် အာဆီယံသံရုံးများထံသို့ လည်းကောင်း၊ ပြည်ပရှိ မြန်မာသံရုံး/ အဖွဲ့ရုံး ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများထံသို့ လည်းကောင်း သတင်းအချက်အလက်အမှန်များနှင့် မှတ်တမ်းများအား ပေးပို့လျက်ရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့၏ NUG, CRPH, PDF အဖွဲ့အစည်းများနှင့် ဆက်သွယ်ရန် တောင်းဆိုမှုများ၊ ဆက်သွယ်မှုများသည် **အာဆီယံပဋိညာဉ်စာတမ်းပါ စာပိုဒ်(၂)** နှင့် ဆန့်ကျင်နေသည့်အတွက် မြန်မာနိုင်ငံက ပြတ်သားစွာကန့်ကွက်ကြောင်း၊ ထိုကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုသည် အကြမ်းဖက်လုပ်ရပ်များကို အားပေးရာရောက်သဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို လိုလားသည့် မည်သူမဆို အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း မပြုရန် တိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

## အာဆီယံနိုင်ငံများအနေဖြင့် တိုးတက်မှုများကို လျစ်လျူရှု

ထို့ပြင် အစိုးရအနေဖြင့် EAOs အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံနေသည်ကို လျစ်လျူရှုပြီး ၎င်းတို့ဖြစ်စေလိုသည့် တွေ့ဆုံမှုများအတွက် တစ်ဖက်သတ်တောင်းဆိုနေမှုများနှင့် ပတ်သက်ပြီး **မြန်မာနိုင်ငံတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်သည့် EAOs များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုများဆောင်ရွက်လျက်ရှိရာတွင် တိုးတက်မှုများရှိနေသည်ကိုလည်း အာဆီယံနိုင်ငံများအနေဖြင့် လျစ်လျူရှုထားကြောင်း၊ တစ်စုံတစ်ယောက်သော လူပုဂ္ဂိုလ်၊ တစ်ဖွဲ့သော ပါတီနှင့်သာ အာဆီယံအထူးကိုယ်စားလှယ်ကို တွေ့ဆုံခွင့်ပေးရေး တစိုက်မတ်မတ်တောင်းဆိုနေသည့် နိုင်ငံများလည်းရှိကြောင်း၊ ယင်းတောင်းဆိုချက်များ မရရှိခြင်းကို အခြေခံပြီး တူညီဆန္ဒအကောင်အထည်ဖော်ခြင်း တိုးတက်မှုမရှိဟုဆိုပြီး မြန်မာနိုင်ငံအပေါ် ပြစ်တင်ဝေဖန်ခြင်းသည် အပြုသဘောမဆောင်ကြောင်းကိုလည်း** ထပ်မံအသိပေးလိုကြောင်း၊ အကြိမ် (၄၀) မြောက်နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများကို ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုသာ တက်ရောက်ရမည်ဟု ပြောကြားထားသည့်အတွက် တန်းတူညီတူ ဆက်ဆံခြင်းမဟုတ်သည့်၊ ခွဲခြားဆက်ဆံသည့်လုပ်ရပ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ထိုအစည်းအဝေးပွဲများတွင် မြန်မာကိုယ်စားလှယ်တက်ရောက်ခဲ့ခြင်း မရှိကြောင်း၊ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များတွင် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဖော်ပြချက်များသည် ဖြစ်စဉ်အမှန်တရားနှင့် ကင်းကွာလျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို အပြုသဘောဆောင်ဖော်ပြခဲ့ခြင်းလည်း မရှိကြောင်း၊ ပဋိညာဉ်နှင့်လည်း မကိုက်ညီခြင်းကြောင့် ထိုကိစ္စများကို မိမိတို့အနေဖြင့် လက်ခံမည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြတ်သားစွာ ပယ်ချခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးကို အစဉ်အမြဲ တည်ဆောက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးအခြေခံမူများနှင့် အာဆီယံ၏ လက်ရှိအခြေခံမူများသည် သဟဇာတဖြစ်ပါကြောင်း၊ သို့သော် ထိုအခြေခံမူများမှ သွေဖည်သွားအောင် အာဆီယံမှ တချို့နိုင်ငံများက လုပ်ဆောင်နေမှုများသည် မြန်မာနိုင်ငံအတွက် စဉ်းစားစရာ ဖြစ်လာနိုင်ပါကြောင်း၊ အာဆီယံ မယိမ်းယိုင်ရေး၊ မပြိုကွဲရေးနှင့် စည်းလုံးညီညွတ်စွာ ထာဝရတည်ရှိရေးစသည်တို့သည် မိမိတို့နိုင်ငံမှ မြင်လိုသည့် အာဆီယံ၏ အနာဂတ်ဖြစ်ပါကြောင်း၊ အာဆီယံသည် မည်သည့်နိုင်ငံကြီးများ၏ အသုံးချခံအဖွဲ့တစ်ဖွဲ့အဖြစ်ကိုမျှ ရောက်မသွားရေးသည် ဒေသတွင်း နိုင်ငံ့ခေါင်းဆောင်များအတွက် ဆင်ခြင်စရာဖြစ်သကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းမှာလည်းတာဝန်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကျင့်သုံးမည့် နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်ပြီး တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒ၊ ဘက်မလိုက်မူကြီး ငါးရပ်အတိုင်း ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမဆို နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည့်အခါ အခြေခံအချက်အလက် နှစ်ခုအပေါ်တွင်သာ အခြေခံသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နံပါတ်တစ်သည် အမျိုးသားအကျိုးစီးပွားဖြစ်ကြောင်း၊ နံပါတ်နှစ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမျှ ထိုအချက်နှစ်ချက်ကို အထိအခိုက်ခံသည့် နိုင်ငံခြားရေးမူဝါဒချမှတ်မှု မရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံခြားရေးမူဝါဒကို ဆောင်ရွက်သည့်အခါ နိုင်ငံတော်၏ အမျိုးသားစီးပွား၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုကို အထိအပါးခံမှာ မဟုတ်ကြောင်း ပြောကြားသည်။

**ကာလအပိုင်းအခြားအလိုက် ရယူခဲ့သည့် ပြည်ပကြွေးမြီအခြေအနေ**

MIFER | FERD

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | အကြောင်းအရာ | စာချုပ်တန်ဖိုး | ထုတ်ယူသုံးစွဲငွေ | ပေးဆပ်ပြီးငွေ | ပေးဆပ်ရန် ကျန်ငွေ |
|---|---|---|---|---|---|
| ၁ | ၁၉၈၈ ခုနှစ် မတိုင်မီ | ၅၆၄၀.၃၂၆ | ၅၄၃၀.၂၇၂ | ၁၁၃၂.၈၄၆ | ၄၂၉၇.၄၂၆ |
| ၂ | ၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁အထိ | ၃၈၅၁.၉၄၁ | ၃၅၃၈.၂၅၆ | ၁၅၁၅.၃၇၃ | ၂၀၂၂.၈၈၃ |
| ၃ | ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ | ၆၆၅၅.၀၀၇ | ၄၄၁၂.၁၂၉ | ၆၂၇.၉၉၅ | ၃၇၈၄.၃၃၄ |
| ၄ | ၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ အထိ | ၈၄၂၉.၃၆၂ | ၁၂၅၅.၃၂၈ | - | ၁၂၅၅.၃၂၈ |
| | စုစုပေါင်း | ၂၄၅၇၆.၆၃၆ | ၁၄၆၃၆.၁၈၅ | ၃၂၇၆.၂၁၄ | ၁၁၃၅၉.၉၇၁ |

ခတ်မြစ် - ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ(၂၀-၁၂-၂၀၂၁)

ကာလအပိုင်းအခြားအလိုက် ရယူခဲ့သည့် ပြည်ပကြွေးမြီအခြေအနေ။

## ဘဏ္ဍာရေးနှင့် ကုန်သွယ်မှု

ဆက်လက်ပြီး **ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုကိစ္စ**ကို ပြောမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်ကတည်းက ပါလီမန်ဒီမိုကရေစီအစိုးရ အာဏာရရှိချိန်မှာ စီမံကိန်းစီးပွားရေးစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပေါင်းစပ်ရောပြွမ်းထားသည့် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ လွတ်လပ်ပြီးစ မြန်မာနိုင်ငံအနေဖြင့် ပါလီမန်ဒီမိုကရေစီအစိုးရ မှတ်တမ်းများအရ ဗြိတိသျှအစိုးရနှင့် အိန္ဒိယနိုင်ငံများမှာ အကြွေးကျပ်သန်း ၁၀၈၀ ကျော်တင်ရှိခဲ့ကြောင်း၊ ဝန်ကြီးချုပ်ဦးနုလက်ထက်တွင် ပြည်တော်သာစီမံကိန်း အကောင်အထည်ဖော်ခဲ့သော်လည်း မအောင်မြင်သည့်အတွက် စီမံကိန်းချေးငွေပေါင်း သန်း ၃၈၀ နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေပေါင်း ဒေါ်လာ ၂၃၅ သန်း အကြွေးတင်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် မတိုင်မီကစ၍ အစိုးရအဆက်ဆက်ချေးယူခဲ့သည့် ကြွေးမြီအနေဖြင့် ဆပ်ရန် ကျန်ငွေ ၄ ဒသမ ၂၉ ဘီလီယံဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဆပ်ရန်ကျန်ငွေ ၂ ဒသမ ၀၂ ဘီလီယံဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ကာလအထိ ဆပ်ရန် ကျန်ငွေပေါင်း ၃ ဒသမ ၇၈ ဘီလီယံဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ကာလအထိ ဆပ်ရန် ကျန်ငွေပေါင်း ၁ ဒသမ ၂၅ ဘီလီယံဖြစ်ကြောင်း၊ သမ္မတကြီး ဦးသိန်းစိန်လက်ထက် ၂၀၁၁-၂၀၁၂ ပြက္ခဒိန်နှစ်မှာ ပြည်ပကြွေးမြီအမေရိကန်ဒေါ်လာ ၇ ဒသမ ၉၁ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ပြက္ခဒိန်နှစ်မှာ ပြည်ပကြွေးမြီ ၉ ဒသမ ၅၃ ဘီလီယံရှိခဲ့ပါကြောင်း၊ NLD အစိုးရလက်ထက် ၂၀၁၆-၂၀၁၇ ပြက္ခဒိန်နှစ်မှာ အမေရိကန် ဒေါ်လာ ၉ ဒသမ ၁၄ ဘီလီယံ ကြွေးမြီရှိခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ကာလမှာ အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၀၈ ဘီလီယံဖြစ်ကြောင်း၊ မိမိတို့အစိုးရလက်ထက် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၂ ဘီလီယံနှင့် ၂၀၂၂ ခုနှစ် ဇွန်လကုန်အထိ ပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၈ ဘီလီယံရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီ

*စာမျက်နှာ ၁၇ သို့*

**ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပကြွေးမြီအခြေအနေ**

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဘဏ္ဍာနှစ် | လက်ကျန်ပမာဏ |
|---|---|---|
| (က) | ၂၀၁၁-၂၀၁၂ | ၇,၉၁၈.၄၈၃ |
| (ခ) | ၂၀၁၂-၂၀၁၃ | ၈,၁၁၂.၇၂၂ |
| (ဂ) | ၂၀၁၃-၂၀၁၄ | ၉,၇၅၆.၅၈၃ |
| (ဃ) | ၂၀၁၄-၂၀၁၅ | ၈,၈၃၈.၁၃၇ |
| (င) | ၂၀၁၅-၂၀၁၆ | ၉,၅၃၀.၂၅၂ |
| (စ) | ၂၀၁၆-၂၀၁၇ | ၉,၁၄၈.၈၂၁ |
| (ဆ) | ၂၀၁၇-၂၀၁၈ | ၁၀,၂၀၀.၁၇၀ |
| (ဇ) | ၂၀၁၈ (၆) လ | ၉,၇၅၂.၄၇၄ |
| (ဈ) | ၂၀၁၈-၂၀၁၉ | ၁၀,၀၀၃.၈၇၂ |
| (ည) | ၂၀၁၉-၂၀၂၀ | ၁၁,၃၅၉.၉၇၁ |
| (ဋ) | ၂၀၂၀-၂၀၂၁ | ၁၂,၀၈၃.၈၀၀ |
| (ဌ) | ၂၀၂၁-၂၀၂၂ (၆) လ | ၁၁,၄၂၉.၁၄၆ |
| (ဍ) | ၂၀၂၂-၂၀၂၃ (၃၀-၆-၂၀၂၂)ထိ | ၁၀,၆၈၇.၇၁၇ |

မှတ်ချက်။ ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစား အလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲ တွက်ချက်ထားပါသည်။

ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပကြွေးမြီအခြေအနေ။

**“ မိမိတို့အစိုးရလက်ထက် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၂ ဘီလီယံနှင့် ၂၀၂၂ ခုနှစ် ဇွန်လကုန်အထိ ပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၈ ဘီလီယံရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီ ပထမအစိုးရကာလ လက်ထက်ကတည်းက နှစ်စဉ်ယခုအထိ ပြည်ပကြွေးမြီများကို တာဝန်သိစွာဖြင့် အရင်းနှင့်အတိုး ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ လက်ရှိတာဝန်ဆောင်ရွက်နေသည့် မိမိတို့ အစိုးရလက်ထက်မှာ နိုင်ငံခြားချေးငွေ ပြန်လည်ပေးဆပ်မှုနှင့် ပတ်သက်ပြီး နိုင်ငံတော်ဝင်ငွေမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၉၅ ဘီလီယံ ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု မိမိတို့အစိုးရလက်ထက်တွင် ထပ်မံချေးယူခြင်းမရှိဘဲ မည်မျှပြန်လည်ပေးဆပ်ခဲ့သည်ဆိုသည်ကို ထင်ရှားစွာတွေ့ရမည်ဖြစ် ”**

*စာမျက်နှာ ၁၆ မှ*

ပထမအစိုးရကာလလက်ထက်ကတည်းက နှစ်စဉ် ယခုအထိ ပြည်ပကြွေးမြီများကို တာဝန်သိစွာဖြင့် အရင်းနှင့်အတိုး ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ လက်ရှိတာဝန်ဆောင်ရွက်နေသည့် မိမိတို့ အစိုးရလက်ထက်မှာ နိုင်ငံခြားချေးငွေ ပြန်လည်ပေးဆပ်မှုနှင့်ပတ်သက်ပြီး နိုင်ငံတော်ဝင်ငွေမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉၅ ဘီလီယံ ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု မိမိတို့အစိုးရလက်ထက်တွင် ထပ်မံချေးယူခြင်း မရှိဘဲ မည်မျှ ပြန်လည်ပေးဆပ်ခဲ့သည်ဆိုသည်ကို ထင်ရှားစွာတွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး တည်ဆောက်ရာမှာ လိုအပ်သည့် ငွေကြေးအရင်းအနှီးကို နိုင်ငံအတွင်းမှ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုစသည့် အရင်းအမြစ်များမှရရှိသည့်အပြင် အခြားအရင်းအမြစ်တစ်ရပ်ဖြစ်သည့် ပြည်ပအကူအညီ အထောက်အပံ့များမှလည်း ရရှိနိုင်မှာဖြစ်ပါကြောင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီအထောက်အပံ့များသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ နိုင်ငံတကာမှ စီးပွားရေးဆိုင်ရာချေးငွေ၊ ဖွံ့ဖြိုးရေးဆိုင်ရာချေးငွေများကို ယခင်အစိုးရအဆက်ဆက် ရယူဆောင်ရွက်ခဲ့ခြင်းများ ရှိကြောင်း၊ လက်ရှိအခြေအနေမှာ မိမိတို့အစိုးရအနေဖြင့် ပြည်ပချေးငွေနှင့် ထောက်ပံ့ငွေများ ရယူခဲ့ခြင်း မရှိဘဲ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်မှုနှင့် ပတ်သက်ပြီး ပြောလိုပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၃ ဘီလီယံ၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၃ ဘီလီယံ ကုန်သွယ်မှုပိုငွေ ၁၀၀ ဒသမ ၅၄ သန်းရှိခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေပေါင်း ၁၂ ဒသမ ၀၉ ဘီလီယံရှိခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ စုစုပေါင်း ၅ ဒသမ ၂၅ ဘီလီယံ ရှိခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကုန်သွယ်မှုလိုငွေပေါင်း ၁၂ ဒသမ ၅၁ ဘီလီယံအထိရှိခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ ကုန်သွယ်မှုပိုငွေ ၀ ဒသမ ၆၇ ဘီလီယံရှိခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ(ယာယီ) ပို့ကုန်ကုန်သွယ်မှု ပိုငွေ ၀ ဒသမ ၀၆၅ ဘီလီယံရှိခဲ့ပြီး မိမိတို့ အစိုးရလက်ထက်တွင် စုစုပေါင်းကုန်သွယ်မှုပိုငွေ ၁ ဒသမ ၀၈ ဘီလီယံရှိခဲ့ပါကြောင်း၊ ခေတ်အဆက်ဆက် ကုန်သွယ်မှုလိုငွေဖြစ်ခဲ့ရာမှ ကုန်သွယ်မှုပိုငွေဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆန်ကွဲ၊ ဖွဲ၊ ပဲမျိုးစုံ စသည်ဖြင့် ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်တင်ပို့မှုများအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ဆန်တန်ချိန် ၇ သိန်း ၅ သောင်းကျော်၊ ၂၀၁၆ ခုနှစ်တွင် ဆန်တန်ချိန် ၉ သိန်း ၄ သောင်းကျော်၊ ၂၀၂၁ ခုနှစ်တွင် ဆန်တန်ချိန် ၁ သန်း ၁ သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၁၆ ခုနှစ်ထက် ၂၀၂၁ ခုနှစ်တွင် တန် ၁ သိန်း ၅ သောင်းကျော်၊ ၂၀၁၁ ခုနှစ်ထက် တန် ၃ သိန်း ၁ သောင်းကျော်ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အလားတူ ဆန်နှင့်ဆက်စပ်နေသည့် ဆန်ကွဲနှင့် အခြားသော ဆက်စပ်ပစ္စည်းများကိုလည်း ပိုမိုတိုးတက် တင်ပို့နိုင်ခဲ့ပါကြောင်း၊ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ပဲမျိုးစုံ တန်ချိန် တန် ၁ သိန်း ၃သောင်းကျော်၊ ၂၀၁၆ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ သန်း ၃ သိန်းကျော်၊ ၂၀၂၁ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် တန် ၁ သန်း ၉ သိန်းကျော်၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ(ယာယီ) ပဲမျိုးစုံတန်ချိန် တန် ၁ သန်း ၆ သိန်းကျော် တင်ပို့ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ၂၀၁၆ ခုနှစ်ထက် ပဲမျိုးစုံတန်ချိန် တန် ၅ သိန်း ၉ သောင်းကျော်၊ ၂၀၁၁ ခုနှစ်ထက် ပဲမျိုးစုံတန်ချိန် တန် ၁ သန်း ၈ သိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးဦးတည်ချက် (၃) ရပ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အခက်အခဲအတားအဆီးများကြားမှ နိုင်ငံတော်၏ စီးပွားရေးပြန်လည်တိုးတက်လာစေရေး တက်စွမ်းသရွေ့ ကြိုးစားလျက်ရှိသည်ကို အသိပေးလိုကြောင်း ပြောကြားသည်။

## ပညာရေးဆိုင်ရာကိစ္စများနှင့် နေပြည်တော်ဆိုင်ရာ ကိစ္စရပ်များ

ဆက်လက်ပြီး ပညာရေးဆိုင်ရာကိစ္စများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဆိုင်ရာကိစ္စရပ်များကို ပြောမည်ဖြစ်ကြောင်း၊ နေပြည်တော်ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း ၁၆ နှစ်ကျော်ကာလ ရှိပြီဖြစ်ပါကြောင်း၊ မြို့တော်အင်္ဂါရပ်များနှင့် ကိုက်ညီရန်၊ မြို့တော်သန့်ရှင်းသာယာသပ်ရပ်မှုရှိရန်နှင့် စံပြမြို့တော်ဖြစ်စေရန် မြို့တော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်၏ ပညာရေးပိုင်းဆိုင်ရာတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်စသည့် တက္ကသိုလ်များအပြင် စိုက်ပျိုးရေးသိပ္ပံ၊ စက်မှုသိပ္ပံနှင့် စက်မှုအထက်တန်းကျောင်းများလည်း ရှိပါကြောင်း၊ ထို့ပြင် နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန် ရည်ရွယ်ပြီး နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းမိသားစုများမှ သားသမီးများနှင့် နေပြည်တော် ရစ်မြို့နယ်ရှိ ဒေသခံပြည်သူများ၏ သားသမီးများအတွက် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်များ သင်ယူလေ့လာခွင့်ရရှိစေရန် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၌ Naypyitaw State Academy ကိုဖွင့်လှစ်ခဲ့ပါကြောင်း၊ ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဆေးသိပ္ပံပညာမဟာဌာန၊ အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာနဆိုသည့် မဟာဌာနကြီး ခုနစ်ခုဖြင့် ဖွဲ့စည်းထားပါကြောင်း။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာနနှင့် စီးပွားရေးပညာမဟာဌာနဟူ၍ မဟာဌာနလေးခုကို စတင်ဖွင့်လှစ်ထားပြီး ဝိဇ္ဇာပညာမဟာဌာနတွင် ဘာသာရပ်ဌာန ခုနစ်ခု၊ သိပ္ပံပညာမဟာဌာနတွင် ဘာသာရပ်ဌာန သုံးခု၊ ဥပဒေပညာမဟာဌာနတွင် ဘာသာရပ်ဌာန တစ်ခုနှင့် စီးပွားရေးပညာမဟာဌာနတွင် ဘာသာရပ်ဌာန လေးခု စုစုပေါင်းဘာသာရပ်ဌာန ၁၅ ခုကို စတင်ဖွင့်လှစ်သင်ကြားရန် စီစဉ်ထားပါကြောင်း၊ လာမည့်ပညာသင်နှစ်များတွင် ဆေးသိပ္ပံမဟာဌာန၊ အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာနများကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် စုစုပေါင်းမဟာဌာန ခုနစ်ခုအထိ ရှိလာမည်ဖြစ်ကြောင်း။

ထို့ပြင် အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာပညာရှင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရန်နှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာပညာရပ်များကို သင်ယူနိုင်မည့် အခွင့်အလမ်းများ တိုးချဲ့ပေးနိုင်ရေးတို့အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အင်ဂျင်နီယာပညာရပ်များကို သင်ကြားပေးနိုင်မည့် နည်းပညာတက္ကသိုလ်ကို ၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ နိုင်ငံတော်အတွက် ကဏ္ဍအသီးသီးတွင် လိုအပ်လျက်ရှိသည့် အင်ဂျင်နီယာပညာရှင် လူငယ်များမွေးထုတ်ပေးနိုင်ရန် လုပ်ငန်းလိုအပ်ချက်အများဆုံးဖြစ်သည့် အင်ဂျင်နီယာဘာသာရပ်ကြီး လေးခု၊ အလုပ်အကိုင် အခွင့်အလမ်းအများဆုံးဖြစ်သည့် သုတနည်းပညာ ဘာသာရပ်နှင့်ဒေသလိုအပ်ချက်အရ ဗိသုကာဘာသာရပ်အပါအဝင် စုစုပေါင်း ဘာသာရပ်ခြောက်ခုကို ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအား ပညာရေးမြို့တော်ဖြစ်လာစေရန်အတွက် လက်ရှိဖွင့်လှစ်ပို့ချလျက်ရှိသည့် အစိုးရမူလတန်းကျောင်း ၅၀၈ ကျောင်း၊ အစိုးရအလယ်တန်းကျောင်း ၁၂၀၊ အစိုးရအထက်တန်းကျောင်း ၁၂၉ ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း ၅၇ ကျောင်းကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့်အပြင် မိမိတို့အစိုးရအနေဖြင့် ပုဂ္ဂလိကကျောင်းများ အပါအဝင် လိုအပ်သည့် ကျောင်း၊ တက္ကသိုလ်များကိုလည်း ဆက်လက်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း ပြောကြားသည်။

## နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု

ဆက်လက်ပြီး Green City၊ Clean City၊ Smart City ဖြစ်အောင် ဆောင်ရွက်နေမှုကို ပြောမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်၍ Green City၊ Clean City နှင့် Smart City ဖြစ်လာစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊နိုင်ငံသားများအတွက် အိမ်ရာများ (Housing and Home: Affordable Housing and Low Cost Housing) တည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပေးဝေရေးစနစ်မှ နေ့စဉ်ရေဂါလန် သန်း ၃၀ ခန့် တိုးချဲ့ရေပေးဝေနိုင်ရန်အတွက် ဆောင်ရွက်မည့် နေပြည်တော်တိုးချဲ့ ရေပေးဝေရေး (ပေါင်းလောင်း) စီမံကိန်း(Phase-1) ကိုလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာခြင်း စီးပွားရေးလုပ်ငန်းအား မီးခိုးမထွက်သည့်စက်ရုံဟု တင်စားခေါ်ဝေါ်ကြပါကြောင်း၊ နိုင်ငံတကာစီးပွားရေးကဏ္ဍတွင် နိုင်ငံ၏ အဓိကဝင်ငွေများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍမှ ရရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန် မူလရှိပြီးသားခရီးစဉ်နေရာဒေသများအပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာယဉ်ကျေးမှုကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ လူထုအခြေပြု ခရီးသွားလုပ်ငန်းများကို ထပ်မံဖော်ဆောင်နိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခရီးသွားလာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆက်လက်ပြီး နေပြည်တော်အတွင်း မီးခိုးမထွက်သော၊ ကာဗွန်မထွက်သော အကြီးစားစက်မှုလုပ်ငန်းများအနေဖြင့် CMP စနစ်ဖြင့် ဆောင်ရွက်နေသည့် အထည်ချုပ်လုပ်ငန်း သုံးခု၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအေးခဲထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းနှစ်ခု၊ သစ်သီးဝလံတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း တစ်ခု၊ CNC စနစ်ဖြင့် ဆောင်ရွက်နေသည့် ကျောက်ဆစ်ရုပ်တုလုပ်ငန်းတစ်ခု စသည့်လုပ်ငန်းများရှိကြောင်း။

ဆက်လက်ပြီး နေပြည်တော်ကောင်စီနယ်မြေသည် ရေမြေရာသီဥတု အထူးကောင်းမွန်သည့်အတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ၊ မီးခိုးမထွက်သော စက်မှုလုပ်ငန်းများ၊ အထည်ချုပ်စက်ရုံလုပ်ငန်းများနှင့် တက္ကသိုလ်၊ အဆင့်မြင့်ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာစေရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒေသသည် တည်နေရာအရ တရုတ်-မြန်မာစီးပွားရေးစင်္ကြံနှင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေး စင်္ကြံလမ်းမပေါ်တွင် တည်ရှိခြင်းကြောင့် မဟာဗျူဟာကျပြီး ရေ၊ မြေ၊ ရာသီဥတု အခြေခံကောင်းမွန်ခြင်း၊ လျှပ်စစ်မီး၊ လမ်းတံတား၊ လေဆိပ်စသည့် အခြေခံအဆောက်အအုံ ပြည့်စုံကောင်းမွန်ခြင်း စသည့် အားသာချက်များရှိနေကြောင်း။

ထို့ပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းများတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ရင်းနှီးမြှုပ်နှံမှုပြုမည်ဆိုပါက လုပ်ငန်းစတင်သည့်အချိန်မှ ငါးနှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှော့ကျထားခံစားနိုင်မည်ဖြစ်သည့်အပြင် အခွန်ဆိုင်ရာသက်သာခွင့်ပေး၍ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများမှတစ်ဆင့် အလုပ်အကိုင် ဖန်တီးနိုင်ခွင့်ရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

## ပွဲတော်ကာလများအတွင်း ဖြစ်ပျက်ခဲ့သည့် အခြေအနေများ

ဆက်လက်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ကာလများအတွင်း ဖြစ်ပျက်ခဲ့သည့် အခြေအနေများ၊ အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ယုံကြည်ကြသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာတရားအပေါ် ကိုးကွယ်ယုံကြည်မှုတို့နှင့် ယဉ်ကျေးမှုပွဲလမ်းသဘင်များကို ကျင်းပလေ့ရှိသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ အခြားဘာသာဝင်များအနေဖြင့်လည်း ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ ဘာသာရေးဆိုင်ရာအထိမ်းအမှတ်နေ့များကို လွတ်လပ်စွာ ပြုလုပ်လျက်ရှိကြောင်း၊ ထိုကာလများတွင် ပြည်သူလူထု စိတ်ချမ်းမြေ့အောင်၊ ပျော်ပျော်ပါးပါး ပါဝင်နိုင်အောင် စီစဉ်ပေးရမည်မှာ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ တာဝန်ဖြစ်ကြောင်း၊ တာဝန်ရှိသည့်အတွက် တာဝန်ယူပြီး စီမံပေးပါကြောင်း၊ ယင်းကို မည်သူတို့က ပျက်ပြားအောင် လိုက်နှောင့်ယှက်သည်၊ ခြိမ်းခြောက်မှုများ လုပ်ခဲ့သည်ကို ပြန်ဆန်းစစ်ရန် လိုမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် သီတင်းကျွတ်၊ တန်ဆောင်တိုင်ကာလက ပြည်သူလူထုအပန်းဖြေနိုင်သည့် နေရာများ၊ ဘာသာရေးဆိုင်ရာနေရာများ၌ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စည်ကားမှုရှိခဲ့သည်ကို၊ ပြည်သူလူထုအနေဖြင့် စိတ်ချမ်းမြေ့မှုရှိခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် စိတ်မချမ်းမြေ့စရာများ လည်းရှိကြောင်း၊ ဘာသာတရားအရ ကိုးကွယ်မှုရှိသည့် နေရာများ၌ပင် ခြိမ်းခြောက်မှုများရှိခဲ့ပါကြောင်း၊ မုံရွာမြို့ရှိ ကျောက်ကာရွှေဂူနီဘုရားရှေ့၌ လက်နက်ကိုင်ခြိမ်းခြောက်မှုကြောင့် ဘုရားဖူးမရှိခဲ့ခြင်းကလည်း ဓမ္မနှင့်အဓမ္မကို သိသာစေသည့် အဖြေဖြစ်မည်ဟု ပြောလိုပါကြောင်း၊ ဘုရားရှေ့၌ပင် လက်နက်ကိုင်ထားပြီး “ဒီနေ့ ဘုရားပိတ်တယ်” ဆိုသည့် စာတန်းမျိုးထိုးသည်အထိ ကိုးကွယ်ရာဘာသာနှင့် ပြည်သူလူထုကို နှောင့်ယှက်စော်ကားခဲ့ကြောင်းကို တွေ့ရကြောင်း၊ ထို့ပြင် ဘုရားနှင့်တစ်ဂိုဏ်းတည်းထား ကိုးကွယ်ရသည့် ရတနာသုံးပါးစာရင်းဝင် သံဃာများ၊ အနန္တော အနန္တဂိုဏ်းဝင် ဆရာများကိုပါ လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲပြီး သတ်ဖြတ်ခဲ့ကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့ထိ ရဟန်း သံဃာ ၆၇ ပါး သတ်ဖြတ်ခံရပါကြောင်း၊ ဆရာ ဆရာမ၊ ကျန်းမာရေးဝန်ထမ်း အပါအဝင် အပြစ်မဲ့ ပြည်သူပေါင်းများစွာ အသတ်ခံခဲ့ရပါကြောင်း။

## အကြမ်းဖက်လုပ်ရပ်များ

အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်ပြီး ဆက်စပ်ပြောလိုပါကြောင်း၊ *စာမျက်နှာ ၁၈ သို့*

# ကယားပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် တွေ့ဆုံခြင်းအခမ်းအနားကျင်းပပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ထောက်ပံ့ငွေများလှူဒါန်း

လွိုင်ကော် နိုဝင်ဘာ ၂၀

**ကယားပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယမန်နေ့က ခရစ်တော်ဘုရင် ဘုရားရှိခိုးကျောင်း၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများ တက်ရောက်ကြသည်။**



ရှေးဦးစွာ လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများက အဖွင့်ဆုတောင်းမေတ္တာဖြင့် အခမ်းအနားကို စတင်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် ကိုးကွယ်သည့်ဘာသာများ မတူညီသော်လည်း ဘာသာရေးယုံကြည်ချက်နှင့် ဓလေ့ထုံးတမ်းများကို အခြားဘာသာဝင်များက အပြန်အလှန်လေးစားကာ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ဘာသာအသီးသီး၏ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို အလေးထားကြောင်း၊ ပြည်သူများ၏ အေးချမ်းစွာဖြင့် နေထိုင်နိုင်ရေးနှင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်က ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးနေသည့် အခြေအနေများနှင့် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးက မိတ်ဆက်စကားပြောကြားပြီး ကက်သလစ်အသင်းတော်မှ ဖာသာချဲဆိုဘရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်ဇုန်ခရစ်ယာန် ဘုရားကျောင်းများအတွက်လည်းကောင်း **(အပေါ်ယာပုံ)**၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်က ဒီးမော့ဆိုဇုန် ခရစ်ယာန်ဘုရားကျောင်းများအတွက်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဖရူဆိုဇုန်ခရစ်ယာန် ဘုရားကျောင်းများအတွက်လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မယ်စဲ့ဇုန် ခရစ်ယာန်ဘုရားကျောင်းများအတွက်လည်းကောင်း စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ရာ သက်ဆိုင်ရာအသင်းတော်များမှ ဖာသာများက လက်ခံရယူကြသည်။

ဆက်လက်၍ လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများက ဘာသာရေး၊ သာသနာရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ညောင်လေးပင်၌ စာဆိုတော်နေ့ အထိမ်းအမှတ်နှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ညောင်လေးပင် နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ်နှင့် နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း (ညောင်လေးပင်-မောင်စုမြင့်)က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းဝင် ဒေါ်လှမြတ်နွယ် (ညောင်လေးပင်-လှမြတ်နွယ်)က မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် သဝဏ်လွှာအား ဖတ်ကြားသည်။

ဆက်လက်၍ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲ ကျင်းပရာ မြို့နယ်စာရေးဆရာများက စာပေအကြောင်းအရာ ဗဟုသုတများကို ဟောပြောကြသည်။

ဟောပြောပွဲ အပြီးတွင် တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူ စာပေဝါသနာရှင်များက မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြို့နယ် စာရေးဆရာအသင်း ရန်ပုံငွေများကို ပေးအပ်လှူဒါန်းရာ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များက လက်ခံရယူပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**ပိန်းဇလုပ်**
**သိန်းညွန့်**

*စာမျက်နှာ ၁၇ မှ*

မြန်မာနိုင်ငံ၌ရှိသည့် ထင်ရှားကျော်ကြားလှသည့် ဘုရား၊ ပုထိုးများထဲ၌ ကျိုက်ထီးရိုးစေတီတော်သည်လည်း တန်ခိုးကြီးစေတီတစ်ဆူဖြစ်ကြောင်း၊ နှစ်စဉ်ဘုရားပွဲတော်ကျင်းပချိန်အပြင် တစ်နှစ်ပတ်လုံးနီးပါး ဘုရားဖူးပြည်သူများနှင့် စည်ကားသက်ဝင်နေသည့်စေတီ တစ်ဆူဖြစ်ကြောင်း၊ ဘုရားကို ဆက်စပ်ပြီး ဒေသတွင်း ပြည်သူလူထု၏ စီးပွားရေးကို အတိုင်းအတာ ကြီးကြီးမားမား ထောက်ကူပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူ လူထုအနေနှင့်ရော မြန်မာနိုင်ငံတစ်ဝန်းသာမက ကမ္ဘာလှည့်ခရီးသွားများကပါ စိတ်ဝင်စားစွာ လာရောက်ဖူးမြော်ကြ၊ လေ့လာကြနှင့် စည်ကားလှသည့်နေရာကို အကြမ်းဖက်သမားများက လာရောက်ပစ်ခတ် တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း၊ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်မှုနေရာများကို ဦးတည်ပစ်မှတ်ထား တိုက်ခိုက်လာသည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ရည်ရွယ်ချက်ကို သဘောပေါက်မိကြမည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်က လာရောက်တိုက်ခိုက်ခံရမှုကြောင့် အရပ်သားပြည်သူ အမျိုးသမီး သုံးဦး သေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ အကြမ်းဖက်မှုလုပ်ခဲ့သည့် အဖွဲ့များအနေဖြင့် **နံပါတ် (တစ်)** ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဖြောင်လိမ်ပါကြောင်း၊ **နံပါတ် (နှစ်)** ဒေသခံ ပြည်သူလူထုကလည်း ထိုဖြစ်စဉ်နှင့် ပတ်သက်၍ KNU, PDF အကြမ်းဖက်အဖွဲ့ဝင်များ လုပ်သွားသည်ဟု ပြောကြောင်း၊ ထိုအချိန်တွင် ယင်းအကြမ်းဖက်များက ဝေ့လည်ကြောင်ပတ်နှင့် လိမ်ပါကြောင်း၊ သေဆုံးသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးရသယောင်လုပ်ကြောင်း၊ ထိုသို့လုပ်ပြီး CCTV မှတ်တမ်းများ ချပြရန် ပြောကြသည့်အတွက် မိမိတို့အနေဖြင့် အမှန်တကယ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ် နေရာရှိ CCTV မှတ်တမ်းကို ပြသခဲ့ပါကြောင်း၊ ထိုသို့ CCTV မှတ်တမ်းချပြလိုက်သည့်အခါတွင်မူ လျှောချသွားပါကြောင်း၊ CCTV မှတ်တမ်းထွက်လာပြီး အရပ်သားများကို ဦးတည်တိုက်ခိုက်ကြောင်း ပေါ်လွင်လာချိန်တွင် အားလုံးက မသိချင်ယောင်ဆောင်သည်များ၊ လက်သည်မပေါ်အောင် လုပ်ဆောင်မှုများရှိလာသည်ကို တွေ့ရှိရကြောင်း၊ စာထုတ်ခြင်း၊ ကန့်ကွက်ခြင်းများကို အမြဲမပြတ်လုပ်လေ့ရှိသည့် သံရုံးဆိုသည့်ရုံးများ၊ အမည်မျိုးစုံနှင့် အဖွဲ့အစည်းများအားလုံး နှုတ်ပိတ်နေသည်ကို တွေ့ရပါကြောင်း၊ ကချင်ပြည်နယ် အနန့်ပါ၌ ဖြစ်ခဲ့သည့်ဖြစ်စဉ်ဆိုလျှင် စာမျိုးစုံထုတ်ကြပါကြောင်း၊ ယင်းဖြစ်စဉ်သည် သောင်းကျန်းသူ၏ နေရာတစ်ခုသာ ဖြစ်ကြောင်း၊ ဈေးတန်းလည်း မဟုတ်ကြောင်း၊ ထိုနေရာသို့ KIA ခွင့်ပြုချက်မရဘဲ မည်သူမျှဝင်ခွင့်မရပါကြောင်း၊ အကြမ်းဖက်အဖွဲ့များ၊ သောင်းကျန်းသူများရှိသည့်နေရာတွင် ထိုဖြစ်စဉ်မျိုးဖြစ်လျှင် စာထုတ်ကြပြီး ဗုဒ္ဓဘာသာဝင်အများစု နိုင်ငံခြားခရီးသွားအများစု သွားနေသည့် နေရာ၌ အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်သည်ကိုမူ မသိချင်ယောင်ဆောင်နေခြင်းသည် ထူးထူးဆန်းဆန်း ငြိမ်သက်နေခြင်းမျိုးဖြစ်သည်ဟုသာ ပြောလိုပါကြောင်း၊ ဒါဟာအဖြေပဲဖြစ်ကြောင်း၊ ၎င်းတို့လုပ်ရပ်များ၊ လုပ်ဆောင်ချက်များသည် မြန်မာပြည်သူများအတွက်လား၊ ၎င်းတို့ လိုလားချက်အတွက်လား ဆိုသည်ကို သဲသဲကွဲကွဲ မြင်ကြရမည်ဖြစ်ကြောင်း။

ဆက်လက်ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၉ ရက် မနက် ၉ နာရီ ၄၀ မိနစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်၌ မိုင်းပေါက်ကွဲမှုဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသွားသည့်အထဲတွင် နိုင်ငံရေးအကျဉ်းသားများ၏ မိခင်များပါကြောင်း၊ မိမိတို့အနေဖြင့်လည်း လူသားချင်းစာနာထောက်ထားပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း များစွာဝမ်းနည်းသည်ဟု ပြောလိုပါကြောင်း၊ မိုင်းဖောက်ခွဲသည့်သူများက ပစ္စည်းလက်ခံသည့်နေရာကို ဖောက်ခွဲခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ အကြံအစည်က ဘာလဲဆိုတာ သိရမှာဖြစ်ကြောင်း၊ ယင်းပစ္စည်းကို အကျဉ်းထောင်ထဲအထိရောက်အောင်ပို့၊ အကျဉ်းထောင်ထဲ၌ ဖောက်ခွဲပြီး အကျဉ်းသားများကို နှုတ်ပိတ်လို၍လားပင် မသိကြောင်း၊ ယင်းဖြစ်စဉ်တွင် အရပ်သားပြည်သူ ရှစ်ဦး သေဆုံးပါကြောင်း၊ ဝန်ထမ်း ငါးဦး အပါအဝင် ပြည်သူ ၁၃ ဦး စုစုပေါင်း ၁၈ ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း၊ အင်းစိန်ဗဟိုအကျဉ်းထောင်၌ ဖြစ်ခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်ပြီးလည်း တရားခံများ ဖမ်းဆီးရမိပြီးဖြစ်ကြောင်း၊ တရားခံများ၏ ထွက်ဆိုချက်များကို ပြသပြီးဖြစ်ကြောင်း၊ ထို့ပြင် ကျိုက်ထီးရိုး၌ ဖြစ်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရေးအတွက် CID မှ ဒုတိယအကြီးအကဲကိုယ်တိုင်သွားရောက်ပြီး စုံစမ်းစစ်ဆေးခဲ့ကြောင်း၊ သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် နေရာများ၊ ပစ်ခတ်သည့်လမ်းကြောင်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များရှိခဲ့သည့် နေရာများကို ပြသပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ပြောလိုသည်မှာ အကြမ်းဖက်အဖွဲ့များနှင့်ပတ်သက်ပြီး အနှစ်ချုပ်ပြောရလျှင် မည်သူတို့ကို ဦးတည်ပြီး တိုက်ခိုက်နေပါသလဲ၊ မည်သည့် အဖွဲ့အစည်းကို ပစ်မှတ်ထားသည်ဆိုခြင်းထက် ပြည်သူကို ဦးတည်ပစ်မှတ်ထားသည် ဆိုသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်လုပ်ငန်းလုပ်ဆောင်ရာ၌ ပြည်သူဆိုတာအပြင် အချင်းချင်းကိုပင် ထိခိုက်သေကျေအောင် တိုက်ခိုက်နေသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ မြန်မာပြည်သူများအတွက် အစချီခေါင်းစဉ်တပ်စာထုတ်နေသူများကရော အမှန်တကယ်ပဲ ပြည်သူအတွက် ဟုတ်ပါသလား၊ ပြည်သူအတွက် ဟုတ်သည်ဟူ၍ မိမိတို့ ပြည်သူများကရော ယုံကြည်ပါ၏လားဟု မေးခွန်းထုတ်ရင်း မိမိ၏ရှင်းလင်းမှုကို နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ရတနသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** Economic Review
**၁၁:၃၅** "ဘဝနှင့်အနုပညာ" "အားလုံးကချစ်တဲ့ဒီကောင်မလေးထပ်ဆင့် အကယ်ဒမီတေးသံရှင်ချိုပြုံး" (အပိုင်း-၃)
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး" (အပိုင်း-၁၂)
**၁၃:၃၀** MRTV National News
**၁၅:၃၀** ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြို သုံးသပ်ချက်များ
**၁၆:၃၅** မျိုးဝင်္ကာတင့်စေဆိုကရေးတီးအငွေ
**၁၇:၁၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၀** This Week Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၄၀)
**၂၀:၀၀** ပြည်တွင်းသတင်း နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်" (အပိုင်း-၉)

**mitv**

**07:01** Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
**07:09** A Happy Visit to Zoological Garden (Nay Pyi Taw)
**07:20** Done Nyaung Hmaing: A New Tourism Spot
**07:31** Myanmar Puppet
**07:38** Moyingyi Wildlife Sanctuary
**07:56** Inn-Waing Waterfall
**08:01** News
**08:27** Asia Updates: Princess of the beavers (P-1)
**08:48** Myanmar Traditional Bullock-Cart & Equestrian Racing
**09:01** The Man and The Elephant (Part-I)
**09:17** Discovering Tribes "Rvwang" Their Life and Customs (Part-2)
**09:46** Natural Lake: Fish Breeding Business
**09:26** Mahavihara: From Forest Monastery to Dhamma-Vinnya University
**10:01** News
**10:27** Topical Topics
**10:32** Dances of Myanmar: Akha Traditional Dance

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဘုရင့်ညီဂူသို့အလည်သွားကြရအောင်
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** စီးပွားဖြစ်လာသည့်ချင်းရိုးရာအထည်လုပ်ငန်း
**ချင်း (ချို) (၀၈:၀၀ မှ ၀၉:၀၀)** မိုဘိုင်းဖုန်းနဲ့ကျန်းမာရေး
**မွန် (၀၉:၀၀ မှ ၁၁:၀၀)** မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၅)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ပြူးပဒေသာ (အပိုင်း-၁)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ကျိုင်းတုံ-မိုင်းပျဉ်းကြားက ရှမငြီးတဲ့လမ်းခရီး
**"ဝ" (၁၅:၀၀) မှ (၁၇:၀၀) ထိ** ဗုဒ္ဓဂါယာသို့အလည်တစ်ခေါက်
**ကချင် (၁၇:၀၀) မှ (၁၉:၀၀) ထိ** လီဆူရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၉:၀၀) မှ (၂၁:၀၀) ထိ** တစ်နယ်တစ်ကျေးက ကယားတို့ရွာ
**ဝကကကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ** ကောက်ညှင်းကျည်တောက်လုပ်စားနည်း
**အနောက်ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ** မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** ဖွံ့ဖြိုးစည်ပင်စစ်ကိုင်းတိုင်းဒေသကြီးတစ်ခွင်
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အကျိုးဖျက်ဆီးမှုအကြောင်းသိမှတ်စရာ ဥပဒေမှာ"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း (၂)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂)
**၁၁:၃၀** "အတွေးအမြင်" အပိုင်း (၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၅၀** ကယားမြေမှဆောင်းအာလူး
**၀၇:၃၅** သတိပြုစရာကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါ
**၀၇:၅၅** ဝင်ငွေတိုးပွားရွှေသခွား
**၀၈:၂၀** "စာသင်ခန်းမှသည်လယ်တောဆီ" (ဇာတ်လမ်းတို)
**၀၈:၃၀** ငလိုက်စခန်းသာအပန်းဖြေဆင်စခန်း
**၀၉:၂၅** "သုတဝေစည်တောင်သူဆီ"
**၀၉:၂၅** ပန်းမြတ်သဇင်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** SPORTS NEWS
**၀၇:၃၀** ရင်ခုန်ခံစားကာတာကမ္ဘာ့ဖလား / Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နှစ်သစ်ကူးအကြို ဂေါက်သီးရိုက်ပြိုင်ပွဲ မော်လမြိုင်၌ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

မွန်ပြည်နယ်၌ အများပြည်သူများ အသက်အရွယ်မရွေး ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်နိုင်ရန် အားကစားနည်းအလိုက်ပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။ ထူးချွန်သော ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက် လာစေရေးအတွက် ၂၀၂၃ ခုနှစ် နှစ်သစ်ကူးအကြို ဂေါက်သီးရိုက် ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်း၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ရှိ ဂေါက်ရိုက်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် Myanmar Golf Association Thailand မှ ဦးခင်မောင်ညိုတို့က ပြိုင်ပွဲကို မီးခိုးဘောလုံးရိုက်၍ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲဝင် ဂေါက်ရိုက် အားကစားများ ယှဉ်ပြိုင်နေမှုအပေါ် ကြည့်ရှုအားပေးသည်။



### ဆုများချီးမြှင့်

ဆုချီးမြှင့်ပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် တန်းလိုက်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ရိုက်ချက်အလိုက် အကောင်းဆုံးဂေါက်ရိုက် အားကစားသမားဆုများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။

### ၁၈ ကျင်း ယှဉ်ပြိုင်

၂၀၂၃ ခုနှစ် နှစ်သစ်ကူးအကြို ဂေါက်သီးရိုက်ပြိုင်ပွဲကို Myanmar Golf Association Thailand နှင့် Mawlamyine Golf Club တို့၏ စီစဉ်မှုနှင့် အေးကိုကုမ္ပဏီ ကူညီပံ့ပိုးမှုတို့ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဧည့်သည်တော်များနှင့် အမျိုးသား၊ အမျိုးသမီး ဂေါက်ရိုက် အားကစားသမား ၁၀၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ အားကစားသမားများက ပြိုင်ပွဲပုံစံ System 36 ဖြင့် ကျင်း ၁၈ ကျင်း ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၀၇၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၀၈၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၆၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၆၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၅ ကျပ် | ၂၆၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၉၀ ကျပ် | ၂၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၅ ကျပ် | ၂၂၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၈၂ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၃၁ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၇၉၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၀၁ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၁ . ၁၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၅ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၁၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၀၀၀ | ၁၀၁၀ | ၉၁၇၉၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၅၀ | ၇၄၄ | ၂၄၆၀၉၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၉ | ၁၄၈၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၆၉ | ၅၀၄၉၀၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၁၀၁ | ၅၅၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီရွှေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# MIUI အပ်ဒိတ် 13.5 တွင် error ပါဝင်နေသဖြင့် အပ်ဒိတ်တင်ခြင်းမပြုရန် ဖုန်းဆိုင်များ သတိပေးထား




ရန်ကုန် နိုဝင်ဘာ ၂၀

ယခု နိုဝင်ဘာလအတွင်း Redmi ဖုန်းမော်ဒယ်အချို့အတွက် Xiaomi က ထုတ်ပေးသော UI အပ်ဒိတ်အသစ်ဖြစ်သည့် MIUI 13.5 တွင် ဖုန်းတစ်ခုလုံး ပါဝါပိတ်သွားပြီး လုံးဝအသုံးပြု၍မရတော့သည်အထိ ဆော့ဖ်ဝဲပိုင်းကို ပျက်စီးသွားစေနိုင်သော error ပါဝင်နေသဖြင့် အသုံးပြုသူများအနေဖြင့် MIUI 13.5 ကို အပ်ဒိတ်တင်ခြင်းမပြုကြရန် ဖုန်းဆိုင်များက ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာများတွင် သတိပေးချက်များ ထုတ်ပြန်ထားသည်။

MIUI 13.5 အပ်ဒိတ်ကို ပြည်တွင်း၌ အသုံးပြုနေသော Redmi စီးရီးများဖြစ်သည့် Redmi Note 11 စီးရီးနှင့် Redmi 10C စီးရီးတို့မှ Global ROM သုံးထားသော ဖုန်းများအတွက် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ MIUI 13.5 အပ်ဒိတ်သည် Global ROM အပ်ဒိတ်ဖြစ်ပြီး China ROM များအတွက် အပ်ဒိတ်မဟုတ်သဖြင့် China ROM ဖုန်းများမှာမူ ပြဿနာမရှိကြောင်း သိရသည်။

အဆိုပါ ဖုန်းစီးရီးနှစ်မျိုးတွင် ပြည်တွင်း၌ အသုံးများသော ဖုန်းမော်ဒယ်များအနေဖြင့် Redmi Note 11, Redmi Note 11 SE, Redmi Note 11 pro(4G), Redmi Note 11 pro (5G), Redmi Note 10 pro (4G), Redmi Note 10 pro (5G) နှင့် Redmi 10C မော်ဒယ်များ ပါဝင်ကြောင်း၊ ယင်းမော်ဒယ်များတွင် MIUI 13.5 ကို အပ်ဒိတ်တင်ပြီးသည်နှင့် ဖုန်းပါဝါပိတ်ကျသွားပြီး ဖုန်းက Recovery Mode ထဲ အလိုအလျောက် ဝင်သွားကာ ဖုန်းတစ်လုံးလုံး လုံးဝသုံးမရတော့သည်အထိ ဆော့ဖ်ဝဲ Error တက်သွားကြောင်း ဖုန်းဆိုင်များက သတိပေးထားသည်။

အဆိုပါ ဖုန်းစီးရီးနှစ်ခုတွင် မပါဝင်သော်လည်း အပ်ဒိတ်ရသော ဖုန်းများအနက် Redmi K30 (4G) မော်ဒယ်မှ ဖုန်းအချို့တွင်လည်း အပ်ဒိတ်တင်ပြီးပါက ပြဿနာအချို့ရှိကြောင်း၊ လုံးဝသုံးမရသည်အထိ မဖြစ်သော်လည်း App များ သုံးမရတော့ခြင်းနှင့် ဘက်ထရီပိုင်း ပြဿနာအချို့ကို Redmi K30 (4G) ဖုန်းအချို့တွင် ကြုံတွေ့ရကြောင်း ဖုန်းဆိုင်အချို့မှ သိရသည်။

အပ်ဒိတ်တင်ပြီး၍ ဖုန်းပါဝါပိတ်ကျပြီး Recovery Mode ထဲသို့ ဝင်သွားသည့် error ဖြစ်သွားပါက ဖုန်းကို Firmware ပြန်ရေးသည့် နည်းလမ်းမှလွဲ၍ အခြား ပြုပြင်ရန် နည်းလမ်းမရှိသေးကြောင်း၊ အပ်ဒိတ်မတင်မီ မူလ Firmware ကို ပြန်ရေးထည့်ခြင်း (Down Grade ဆင်းခြင်း)ဖြင့်သာ ပြုပြင်နိုင်မည်ဖြစ်ပြီး ဆိုင်များတွင် Firmware ပြန်ရေးပါက ကျပ်တစ်သောင်းခွဲမှ နှစ်သောင်းခန့်အထိ ကျသင့်မည်ဖြစ်ကြောင်း၊ Firmware ပြန်ရေးပါက ဖုန်းကို ပြန်သုံး၍ရနိုင်သော်လည်း ဒေတာများအားလုံး ဆုံးရှုံးမည်ဖြစ်ကြောင်း ဖုန်းဆိုင်များမှ ဆားဗစ်သမားများက သတိပေးထားသည်။

ထို့ကြောင့် အဆိုပါ Redmi ဖုန်းစီးရီးနှစ်မျိုး အပါအဝင် အခြား Redmi ဖုန်း (Global ROM) များကို အသုံးပြုနေသူများအနေဖြင့် MIUI 13.5 အပ်ဒိတ်ကို ရရှိလာပါက အပ်ဒိတ်တင်ခြင်း မပြုကြရန်နှင့် လက်ရှိပြဿနာများကို ဖြေရှင်းပေးပြီးသော အပ်ဒိတ်အသစ် ထပ်မံထွက်ရှိမှသာ အပ်ဒိတ်လုပ်ကြရန်၊ ဝိုင်ဖိုင်ကွန်ရက်ကို အသုံးပြုသဖြင့် System Update ကို auto လုပ်ထားသူများအနေဖြင့်လည်း System Update Auto လုပ်ထားခြင်းကို ယာယီပိတ်ထားကာ MIUI 13.5 ကို ကျော်၍ အပ်ဒိတ်အသစ်ထွက်လာမှသာ ဒေါင်းလုပ်ဆွဲ၍ အပ်ဒိတ်တင်ကြရန် ဖုန်းဆားဗစ်ပြုလုပ်သူများက သတိပေးထားသည်။

**ကိုစိုး**

## ကမ္ဘာ့ဖလား ဘောလုံးပွဲများကို MPT IPTV တွင် စာရင်းသွင်းခ အခမဲ့ဖြင့် တိုက်ရိုက်ကြည့်ရှုနိုင်မည်

ရန်ကုန် နိုဝင်ဘာ ၂၀

နိုဝင်ဘာ ၂၀ ရက်တွင် စတင်ပြိုင်ဖြစ်သည့် ကမ္ဘာ့ဖလား ဘောလုံးပွဲများကို MPT အသုံးပြုနေသူများအနေဖြင့် MPT IPTV အက်ပလီကေးရှင်းမှတစ်ဆင့် စာရင်းသွင်းခပေးဆောင်ရန်မလိုဘဲ တိုက်ရိုက်ကြည့်ရှုနိုင်မည့် အစီအစဉ်ကို ပြုလုပ်ထားပြီး အသုံးပြုသူများအနေဖြင့် ဒေတာအတွက်သာ ကုန်ကျမှုရှိမည်ဖြစ်ကြောင်း MPT က နိုဝင်ဘာ ၁၆ ရက်က သတင်းထုတ်ပြန်ထားသည်။

MPT အသုံးပြုသူများ ကမ္ဘာ့ဖလားပွဲများကို တိုက်ရိုက်ကြည့်နိုင်ရန် MPT သည် မြန်မာနိုင်ငံ၏ ကမ္ဘာ့ဖလား တရားဝင်သီးသန့်ထုတ်လွှင့်သူဖြစ်သည့် SKYNET နှင့် တယ်လီကွန်းပါတနာအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုအရ MPT သုံးစွဲသူများအနေဖြင့် ကမ္ဘာ့ဖလားတိုက်ရိုက်ပွဲစဉ်များကို MPT မိုဘိုင်းကွန်ရက် အသုံးပြုပြီး MPT IPTV အက်ပလီကေးရှင်းတွင် စာရင်းသွင်းခ အခမဲ့ဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာ့ဖလားပွဲစဉ်များကို သီးသန့်ရုပ်သံလိုင်းများဖြစ်သည့် SPORTS-6 နှင့် SPORTS-1 တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။




ထို့ပြင် MPT အနေဖြင့် အသုံးပြုသူများ သက်သာသောနှုန်းထားဖြင့် ဘောလုံးပွဲများ ကြည့်ရှုနိုင်ရန်အတွက် ကမ္ဘာ့ဖလားဘောလုံး အထူးပက်ကေ့ချ် ဒေတာအစီအစဉ်ကိုလည်း နိုဝင်ဘာ ၁၉ ရက်က စတင်မိတ်ဆက်ထားသည်။ အဆိုပါ အထူးပက်ကေ့ချ် ဒေတာအစီအစဉ်ကို MPT IPTV ဝန်ဆောင်မှုအတွက်သာ သီးသန့်ထုတ်လုပ်ထားခြင်းဖြစ်ပြီး သက်တမ်းသုံးရက်ရှိ ဒေတာ 1000MB ကို ၉၉၉ ကျပ်၊ သက်တမ်း ခုနစ်ရက်ရှိ ဒေတာ 3000MB ကို ၁၉၉၉ ကျပ်နှင့် သက်တမ်း ၁၅ ရက်ရှိ အကန့်အသတ်မရှိ ဒေတာကို ၄၉၉၉ ကျပ် ကျသင့်မည်ဖြစ်သည်။ အဆိုပါဒေတာအစီအစဉ်ကို MPT4U အက်ပလီကေးရှင်းမှဖြစ်စေ၊ MPT Pay မှဖြစ်စေ၊ နံပါတ် *2022# သို့ ဖုန်းခေါ်ဆို၍ဖြစ်စေ ဝယ်ယူနိုင်မည်ဖြစ်သည်။

MPT သုံးစွဲသူများအနေဖြင့် MPT IPTV အက်ပလီကေးရှင်းကို မထည့်သွင်းရသေးပါက https://bit.ly/mpt-iptv-pr သို့ ဝင်ရောက်၍ဖြစ်စေ၊ နံပါတ် *7373# သို့ ခေါ်ဆို၍ဖြစ်စေ၊ လိုတရ ဝက်ဘ်ပေါ်တယ်မှဖြစ်စေ ရယူနိုင်မည်ဖြစ်ပြီး MPT4U အက်ပလီကေးရှင်း (သို့မဟုတ်) ဝက်ဘ်ဗားရှင်းမှတစ်ဆင့် MPT IPTV ကို နှိပ်၍လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ MPT IPTV အက်ပလီကေးရှင်းကို Android နှင့် iOS နှစ်မျိုးလုံးတွင် အသုံးပြုနိုင်မည်ဖြစ်ကာ MPT IPTV တွင် ထင်ရှားသော ပြည်တွင်းနှင့် နိုင်ငံတကာ ရုပ်သံလိုင်းများ၊ တီဗွီရုပ်သံလိုင်းများ အပါအဝင် နာမည်ကြီး ပြည်တွင်းပြည်ပ ရုပ်ရှင်များ၊ ဒရာမာရှိုးများ၊ မှတ်တမ်းရုပ်ရှင်များနှင့် ကလေးများအတွက် အစီအစဉ်များစွာလည်း ပါဝင်သည်။

MPT အနေဖြင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနှင့်အတူ အသုံးပြုသူများအတွက် အခြားစိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ရာ အစီအစဉ်များကိုလည်း ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**ကျော်ဇင်ဦး**

## ကွန်ပျူတာပညာရှင်အသင်းက ITPEC စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာတစ်နိုင်ငံလုံး၌ အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့သော ITPEC စာမေးပွဲ သုံးခုတွင် အောင်မြင်သူများစာရင်းကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက နိုဝင်ဘာ ၁၇ ရက်က ထုတ်ပြန်ခဲ့သည်။

စာမေးပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရန်ကုန်၊ မန္တလေး၊ မကွေး တိုင်းဒေသကြီးများနှင့် ကရင်ပြည်နယ်တို့၌ တစ်ရက်တည်း ကျင်းပခဲ့ခြင်းဖြစ်ပြီး အခြေခံအဆင့်ဖြစ်သော IT Passport စာမေးပွဲတွင် ဖြေဆိုသူ ၄၂၄ ဦးအနက် ၁၄၂ ဦး၊ Fundamental Information Technology Engineer (FE) စာမေးပွဲတွင် ဖြေဆိုသူ ၃၄၀ အနက် ၁၁၁ ဦး အောင်မြင်ခဲ့ကာ အဆင့်မြင့်ဖြစ်သော Applied Information Technology Engineer (AP) စာမေးပွဲတွင် ဖြေဆိုသူရှစ်ဦးအနက် သုံးဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

ITPEC စာမေးပွဲများသည် ဂျပန်အပါအဝင် ပြည်ပနိုင်ငံများ၌ IT နည်းပညာဆိုင်ရာ အလုပ်အကိုင်များ လုပ်ကိုင်နိုင်ရန် အထောက်အကူပြုသော စာမေးပွဲများဖြစ်ပြီး မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးကြပ်၍ တစ်နှစ်လျှင် နှစ်ကြိမ် ဧပြီနှင့် အောက်တိုဘာလတွင် စစ်ဆေးပေးနေသော စာမေးပွဲများဖြစ်သည်။

**ကိုစိုး**

*New product*

## တရုတ်နိုင်ငံဈေးကွက်အတွင်း စတင်မိတ်ဆက်ထားတဲ့ Oppo A1 Pro စမတ်ဖုန်း မော်ဒယ်သစ်

Oppo A1 Pro ဟာ ဈေးကွက်မှာ စတင်ရောင်းချခင် ကြော်ငြာကာလမှာကတည်းက စွမ်းဆောင်ရည်ပိုင်းကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်တာကြောင့် လူအများစိတ်ဝင်စားမှုရနေတဲ့ ဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။ ဒီဖုန်းကို တရုတ်နိုင်ငံအတွင်း ဈေးကွက်မှာ နိုဝင်ဘာ ၁၆ ရက်က စတင်ရောင်းချခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ ဝင်လာခြင်း မရှိသေးပါဘူး။ ပြည်တွင်းဈေးကွက်မှာလည်း စိတ်ဝင်စားမှုများနေတဲ့ ဒီဖုန်းရဲ့ အဓိကကျတဲ့အချက်တွေကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အရွယ် | ၆ ဒသမ ၇ လက်မ |
| မျက်နှာပြင်အမျိုးအစား | OLED, 120Hz |
| Resolution | 1080 x 2412 pixels |
| Protection | AGC DT-Star2 |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 13, ColorOS 13 |
| Chipset | SM6375 Snapdragon 695 5G (6 nm) |
| CPU | Octa-core (2.2 GHz Kryo 660 Gold & 1.7 GHz Kryo 660 Silver) |
| RAM နဲ့ မင်မိုရီ | 8/128, 8/256, 12/256 (microSDXC ကတ်စိုက်နိုင်) |
| ပင်မကင်မရာ | 108 MP + 2 MP (Dual camera) |
| ဆယ်လ်ဖီကင်မရာ | 16 MP(wide) |
| USB | Type-C 2.0, On-The-Go |
| ဘက်ထရီ | Li-Po 4800 mAh |
| အားသွင်းစနစ် | 67W အမြန်အားသွင်းစနစ် |

Oppo A1 Pro ဖုန်းဟာ ၁၀၈ မဂ္ဂါပစ်ဇယ်ကင်မရာကြောင့် ဓာတ်ပုံဝါသနာရှင်တွေ အကြိုက်တွေ့နိုင်သလို Qualcomm SM6375 Snapdragon Chipset နဲ့ Adreno 610 GPU ကလည်း ဂိမ်းကစားလိုသူတွေအတွက်ပါ အဆင်ပြေစေမှာဖြစ်ပါတယ်။ ဒါ့အပြင် 67W အမြန်အားသွင်းစနစ်၊ မျက်နှာပြင်အောက် လက်ဗွေစနစ်နဲ့ စတီရီယိုစပီကာတွေပါဝင်တဲ့ စွမ်းရည်မြင့် ဖုန်းလည်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ စရောင်းတဲ့ ဈေးနှုန်းတွေကတော့ 8/128 က ၁၇၉၉ ယွမ်၊ 8/256 က ၁၉၉၉ ယွမ် နဲ့ 12/256 က ၂၂၉၉ ယွမ် ဖြစ်ပါတယ်။ **ကျော်ဇင်ဦး**



# မြိတ်မြို့နယ်၌ စပါးပေါ်ချိန်တွင် စပါးအစိုတင်း ၁၀၀ လျှင် ကျပ် ၁၂ သိန်းဈေးဖြင့် စတင်ဝယ်ယူမည်

**မြိတ် နိုဝင်ဘာ ၂၀**

ဆည်ရေသောက်ဧရိယာ မရှိသည့်အတွက် မိုးရာသီအချိန်အခါတွင် သဘာဝမိုးရေဖြင့် စိုက်ပျိုးရသော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ယခုနှစ် စပါးပေါ်ချိန်တွင် ဒေသခံတောင်သူများ အဆင်ပြေစေရန်အတွက် ရည်ညွှန်းဈေးထက်ပို၍ စပါးအစိုတင်း ၁၀၀ လျှင် ကျပ် ၁၂ သိန်း ဈေးပေးကာ ဝယ်ယူမည်ဖြစ်ကြောင်း မြိတ်ခရိုင် ဆန်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးထွေးဝေထံမှ သိရသည်။

၂၀၂၂ ခုနှစ် မိုးစပါးနှင့် ၂၀၂၃ ခုနှစ် နွေစပါးတို့အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအဖြစ် စပါးအစိုတင်း ၁၀၀ လျှင် ကျပ် ၆၃၀၀၀၀ သတ်မှတ်ထားကြောင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က နိုဝင်ဘာ ၁၁ ရက်က ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

မြိတ်မြို့နယ်၌ စပါးစိုက်ပျိုးထွက်ရှိမှုမှာ ဖူလုံမှုမရှိသည့်အပြင် ယခုနှစ်တွင် လယ်ယာမြေများ စိုက်ပျိုးမှုလျော့ပါးလာခြင်း၊ ရေငန်ဝင်ရောက်ခြင်း၊ လယ်ယာလုပ်သားရှားပါးမှု၊ အချိန်မီ စပါးစိုက်ပျိုးထွန်ယက်ရန်နှင့် စပါးပေါ်ချိန်များတွင် ရိတ်သိမ်းခြွေလှေ့စက်များ လုံလောက်မှုမရှိခြင်း၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာ၊ စက်သုံးဆီ ဈေးနှုန်းမြင့်တက်၍ ဒေသခံတောင်သူများအနေဖြင့် အကျိုးအမြတ်မရရှိခြင်းတို့ကြောင့် တောင်သူများ မိုးစပါးစိုက်ပျိုးရန် အခက်အခဲကြုံတွေ့နေစဉ် ခရိုင်ဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းကာ ဒေသခံတောင်သူများ၏ လယ်ယာမြေများတွင် သက်သာသောနှုန်းထားဖြင့် ထွန်ယက်ပေးခြင်း၊ အထွက်ကောင်းမျိုးစပါးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ယခုနှစ် စပါးပေါ်ချိန်တွင်လည်း မြိတ်ဒေသမှတောင်သူများ အဆင်ပြေစေရန်အတွက် ဈေးကောင်းပေးကာ စတင်ဝယ်ယူခြင်းဖြစ်ပြီး စပါးအခြောက်ဖြစ်ပါက ဈေးနှုန်း ပိုမိုတိုးမြှင့်ဝယ်ယူပေးမည်ဖြစ်ကြောင်း သိရသည်။

မြိတ်ခရိုင် ဆန်ကုန်သည်များအသင်းဥက္ကဋ္ဌက "စပါးက အခုထွက်ခါစဆိုတော့ အစိုဓာတ်များနေပါတယ်။ ကျွန်တော်တို့မှာ အခြောက်ခံရတာတွေ၊ အလုပ်သမားစရိတ်တွေ နည်းနည်း ကုန်ကျနိုင်လို့ အခုလက်ရှိ ကျပ် ၁၂ သိန်းပေးထားပါတယ်။ အခြောက်မှန်လာရင် လက်ရှိဈေးနှုန်းထက် ပိုပြီးဝယ်ယူပေးမှာပါ"ဟု ပြောသည်။

မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာမှ ဒေသခံတောင်သူ ဦးတင်ဝင်းက "ယခင်နှစ်ကထက် ဒီနှစ်မှာ စပါးအထွက်နှုန်း တိုးလာပါတယ်။ တစ်ဧကကို စပါးတင်း ၁၀၀ လောက်အထိ ထွက်နိုင်ပါတယ်။ စိုက်ပျိုးစရိတ်ကြီးပေမယ့် စပါးအစိုတင်း ၁၀၀ ကို ကျပ် ၁၂ သိန်းနှုန်းပေးမယ်ဆိုရင်တော့ ကျွန်တော်တို့အတွက် တွက်ခြေကိုက်ပါတယ်'' ဟု ပြောသည်။



မြိတ်မြို့နယ်အတွင်းရှိ ဆန်စက်တစ်စက်၌ စပါးကြိတ်၍ ဆန်အိတ်များ ထုတ်လုပ်နေစဉ်။

မြိတ်မြို့နယ်၌ ကလွင်ကျေးရွာအုပ်စု၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ အင်္ဂမော်ကျေးရွာအုပ်စု၊ ပသောင်းကျေးရွာအုပ်စု၊ မဇောကျေးရွာအုပ်စု၊ တုံးဗျောကျေးရွာအုပ်စုနှင့် ကျောက်ဖျာကျေးရွာအုပ်စုတို့မှာ စပါးအထွက်ကောင်းသော ကျေးရွာအုပ်စုများ ဖြစ်သည်။ မြိတ်ခရိုင်တွင် စပါးစိုက်ဧက စုစုပေါင်း ဧက ၁၂၅၀၀၀ ခန့်ရှိပြီး မိုးစပါးအနေဖြင့် ဧက ၁၁၀၀၀၀ ကျော်နှင့် နွေစပါး ၇၀၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်းနှင့် မြို့နယ်အတွင်း၌ မိုးစပါး စိုက်ဧက ၄၂၄၇၆ ဧကနှင့် နွေစပါးစိုက်ဧက ၆၂ ဧကရှိကာ ယခုနှစ်တွင် နွေးစပါး ၈၅ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး မြို့နယ်၌ ဒေသဝမ်းစာဖူလုံမှုမှာ ၇၁ ဒသမ ၀၆ ရာခိုင်နှုန်းခန့်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

## နယ်စုံဒေသမှ ထွက်ရှိလာသည့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိ

**မန္တလေး နိုဝင်ဘာ ၂၀**

ယခုရာသီကာလအတွင်း၌ နယ်စုံဒေသမှ ရေသွင်းစိုက်ပျိုးထွက်ရှိလာသည့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ သီးထပ်မတ်ပဲများသည် ဈေးကွက်အတွင်းသို့ ယခုနိုဝင်ဘာဒုတိယပတ်မှစ၍ လှိုင်လှိုင်ဝင်ရောက်လာပြီး အထွက်နှုန်းနှင့် အရည်အသွေးပိုင်းများလည်း ကောင်းမွန်လျက်ရှိသည့်အပြင် ပြီးခဲ့သည့်နှစ် ကာလတူရာသီက သီးထပ်မတ်ပဲအဖွင့်ဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၃၀၀၀၀ နှုန်းသာရှိခဲ့သော်လည်း ယခုနှစ် သီးထပ်မတ်ပဲမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ဈေးနှုန်းအထိ မြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ယခုအချိန်မှာ ရေသွင်းစိုက်ပျိုးထားတဲ့ သီးထပ် မတ်ပဲအသစ်တွေ ထွက်ချိန်စောပြီးတော့ မန္တလေးဈေးကွက်ကို ဝင်ရောက်လာတဲ့အပြင် ဈေးကောင်းလည်း ရရှိနေပါတယ်။ မြစ်ရေတင်နဲ့ မြေအောက်ရေသွင်းစိုက်ပျိုးခဲ့တဲ့ သီးနှံဖြစ်ပါတယ်။ အိန္ဒိယနဲ့ ပါကစ္စတန်နိုင်ငံတွေက ဝယ်လိုအားကောင်းကောင်းနဲ့ ဝယ်ယူနေတာကြောင့် မတ်ပဲဟာ အခါတိုင်းနှစ်နဲ့မတူဘဲ ဝယ်လိုအား များပြားနေပြီး ဈေးနှုန်းမြင့်တက်လာနေတာ ဖြစ်တယ်။ သီးထပ်အနေနဲ့ စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိနေတာကြောင့် တောင်သူတွေ အကျိုးအမြတ်ရရှိတဲ့နှစ်လို့ ပြောလို့ရပါတယ်။ မကြာခင် ကာလတွေမှာလည်း မုံရွာနယ်တစ်ဝိုက်နဲ့ မြင်းခြံ၊ ပခုက္ကူနယ်တွေကလည်း ဝင်ရောက်လာတော့မှာပါ" ဟု ၎င်းကပြောသည်။



လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်သို့ ရေသွင်းစိုက်ပျိုးထားသည့် သီးထပ်မတ်ပဲများ စတင်ဝင်ရောက်လာသည့် ဒေသများမှာ ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ စဉ့်ကူး၊ မတ္တရာ၊ တကောင်း၊ ထီးချိုင့်၊ ကသာ စသည့် ဒေသတစ်ဝိုက်များမှ ဝင်ရောက်လာကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံ အထက်အညာဒေသများတွင်သာမက မြန်မာနိုင်ငံ အောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း၊ သီးထပ်အနေဖြင့် အထက်အညာဒေသများတွင်သာ စိုက်ပျိုးကြပြီး၊ အဆိုပါ မတ်ပဲသည် မြန်မာပြည်၏ ပဲသီးနှံ ပြည်ပတင်ပို့မှုတွင် အများဆုံးဖြစ်ကာ နိုင်ငံခြားဝင်ငွေရှာဖွေပေးရာတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပွင့်ဖြူမြို့နယ်၌ ပန်းမုန်လာသီးနှံ ဈေးကောင်းရရှိ၍ တောင်သူများ အားထားစိုက်ပျိုးလာ

**ပွင့်ဖြူ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပန်းမုန်လာသီးနှံ ဈေးကောင်းရရှိနေ၍ ဒေသခံတောင်သူများက မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြုပြီး ပန်းမုန်လာသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို အားထားလုပ်ကိုင်နေကြကြောင်း ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုမှ ဒေသခံတောင်သူများထံမှ သိရသည်။

ပန်းမုန်လာ စိုက်ပျိုးရေးလုပ်ငန်းသည် စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ရောင်းတန်းဝင် ပန်းမုန်လာထုပ်များကို လှိုင်လှိုင်ဆွတ်ခူးရောင်းချနိုင်ပြီး မြို့နယ်ဒေသထွက် ပန်းမုန်လာများသည် လတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်၍ ဒေသခံပြည်သူများက အကြိုက်တွေ့ဝယ်ယူစားသုံးကြသဖြင့် ဈေးကွက်အတွင်း၌ ရောင်းအားကောင်းသည့်အပြင် မင်းဘူးနှင့် မကွေးမြို့များသို့လည်း တင်ပို့ရောင်းချနေရကြောင်း တောင်သူများက ပြောသည်။

ရွာသစ်ကျေးရွာမှ ဒေသခံတောင်သူ ဦးဝင်းကိုက "ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ ဒေသခံတောင်သူတွေက မြေအောက်ရေနဲ့ မုန်းချောင်းရေကို အမှီပြုပြီး မုန်းချောင်းဘေးတစ်လျှောက်က ကိုင်းမြေနဲ့ မြေနုကျွန်းတွေမှာ တစ်ပိုင်တစ်နိုင် ပန်းမုန်လာသီးနှံစိုက်ပျိုးရေးကို လုပ်ကိုင်ကြပါတယ်။ ပန်းမုန်လာသီးနှံစိုက်ပျိုးရာမှာ အရင်က မိရိုးဖလာ စိုက်ပျိုးနည်းနဲ့ပဲ စိုက်ပျိုးခဲ့ကြပြီးတော့ ခုနောက်ပိုင်းမှာတော့ တိုးတက်ပြောင်းလဲလာတဲ့ အထွက်နှုန်းကောင်းတဲ့ စိုက်ပျိုးရေးနည်းပညာတွေကို အသုံးပြုစိုက်ပျိုးလာကြတယ်။ ပြီးခဲ့တဲ့နှစ်တွေက ပန်းမုန်လာတစ်ထုပ်ကို ကျပ် ၅၀၀၊ ၆၀၀ ဈေးလောက်နဲ့ ရောင်းချခဲ့ရတယ်။ ဒီနှစ်မှာတော့ ကျပ် ၈၀၀၊ ၉၀၀ ဈေးနဲ့ ရောင်းချရလို့ ပန်းမုန်လာသီးနှံစိုက်ပျိုးတဲ့ တောင်သူတွေအတွက် ဈေးကောင်းရပြီး စီးပွားရေးတွက်ခြေကိုက်တယ် ဆိုရမှာပေါ့" ဟု ပြောသည်။ ပွင့်ဖြူမြို့နယ်ထွက် ပန်းမုန်လာများမှာ ရှမ်းပြည်နယ်ဘက်မှလာသည့် ပန်းမုန်လာများထက် ပို၍လတ်ဆတ်မှုရှိပြီး အရည်အသွေးလည်းကောင်းသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်သွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ အညာကျေးလက်နေတောင်သူများ အဓိကစိုက်ပျိုးသည့်သီးနှံများမှာ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ပဲတီစိမ်း၊ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲစင်းငုံ၊ ဖူးစားပြောင်းတို့ဖြစ်ပြီး မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများ၌ ဒေသခံတောင်သူများက တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရန် ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံနှင့် ဘုရားပန်းမျိုးစုံကိုလည်း စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ စိုက်ပျိုးရေအဆင်ပြေသဖြင့် စိုက်ပျိုးသမျှ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## တပ်ကုန်းမြို့နယ်အတွင်း ဆောင်းသီးနှံမျိုးစုံ ၄၈၁၈ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း နိုဝင်ဘာ ၂၀**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွင်း မိုးအစိုဓာတ်၊ မြေအောက်ရေများ အသုံးပြုပြီး ဆောင်းသီးနှံမျိုးစုံကို စိုက်ပျိုးမည် ဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

တပ်ကုန်းမြို့နယ်၌ အစေ့ထုတ်ပြောင်း ဧက ၁၁၈၀၊ ဖူးစားပြောင်း ဧက ၂၀၀၊ ပဲတီစိမ်း ၃၇၁၅ ဧက၊ မတ်ပဲ ဧက ၁၆၆၀ ၊ ကုလားပဲ ဧက ၈၅၀၊ ပဲကြီး ဧက ၉၇၀၀၊ မြေပဲ ၁၁၂၇၂ ဧက၊ နှမ်း ဧက ၁၃၀၀၀၊ နေကြာ ဧက ၇၀၀၊ ကြက်သွန်နီ ဧက ၁၁၀၀၊ အာလူး ၁၆၆၅ ဧက၊ ဟင်းသီးဟင်းရွက် ဧက ၂၂၀၀၊ ကြက်ဆူကြား ၁၃၉ ဧက၊ ကြံ(ရင့်) ဧက ၈၀၀ စုစုပေါင်း ၄၈၁၈ ဧက လျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**တင်စိုးလွင်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၀

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏဒီပရပ်ကွက်နေ ထူးနိုင်အောင်သည် ၎င်းအသုံးပြုသည့် “Htoo Naing Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဌာနီအနောက်ရပ်ကွက်နေ အိသက်သက်ဖြူသည် ၎င်းအသုံးပြုသည့် “Ei Thet Thet Phyu” Facebook အကောင့်၊ မေဃဂီရိရပ်ကွက်နေ သိန်းကြွယ်သည် ၎င်းအသုံးပြုသည့် “U Thein Kyawal” Facebook အကောင့်၊ မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာနေ ဇော်လင်းဦးသည် ၎င်းအသုံးပြုသည့် “Zaw Linn Oo” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ် ခရမ်းညောင်ပင်ကျေးရွာနေ ဝေဖြိုးလင်း (ခ) ကိုဖြိုးသည် ၎င်းအသုံးပြုသည့် “Wai Phyo Lin (Ko Phyo)” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

### ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကျင်မြို့နယ် ရွှေကျင် - ကျောက်ကြီးသွားကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်-ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားအား ယနေ့နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တိုးတံတားကျေးရွာ၏ မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာ၊ ရွှေကျင်-ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ အရှည် ပေ ၅၀၊ အကျယ် ပေ ၃၀ သံကူကွန်ကရစ် အမျိုးအစား သရက်ချောင်း ချောင်းကူးတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးထားသည်ကိုတွေ့ရှိရပြီး တံတားကြမ်းခင်း အလျား ၁၂ ပေ၊ အကျယ် ၂၅ ပေခန့် ပြိုကျပျက်စီးခဲ့သည်ကို တွေ့ရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာသူ/ကျေးရွာသားများကို သွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း၊ အဆိုပါ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်းနှင့် တံတားပျက်စီးမှုအား သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံး ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရွှေကျင် – ကျောက်ကြီးသွားကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# အခြေခံပညာအထက်တန်းဆင့် ဆရာ ဆရာမများ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချနိုင်ရေး မွမ်းမံသင်တန်းဖွင့်

မြိတ် နိုဝင်ဘာ ၂၀

**တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း ဓာတုဗေဒ၊ ရူပဗေဒနှင့်ဇီဝဗေဒ ဘာသာရပ်သင် ဆရာ ဆရာမများအနေဖြင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေး အတွက် အရည်အသွေးမြှင့်မွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၉ ရက်က မြိတ်တက္ကသိုလ်၌ ဖွင့်လှစ်ရာ တနင်္သာရီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကားပြောကြားသည်။**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာသည် မကုန်ခန်းနိုင်သော အရင်းအမြစ်ဖြစ်သည့်အတွက် ပညာရေး အဆင့်အတန်းမြင့်မားအောင် နိုင်ငံတော်အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ပြီး သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ ပြောင်းလဲရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းဖြင့် သင်ယူသူများ စိတ်ဝင်စားမှု အာရုံစူးစိုက်မှုနှင့် သင်ယူချင်စိတ်ရှိအောင် လှုံ့ဆော်နိုင်ခြင်း၊ သင်ပြမည့်အကြောင်းအရာများကို ရှင်းလင်းလွယ်ကူစွာ နားလည်စေခြင်း၊ သင်ယူမှုနှေးကွေးသူများအတွက် အလွယ်တကူ နားလည်စေခြင်းနှင့် ကျယ်ပြန့်သော ဗဟုသုတများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းပို့ချပေးမည့် မြိတ်တက္ကသိုလ်မှ ဆရာကြီး၊ ဆရာမကြီးများက တစ်ဦးချင်း မိတ်ဆက်ကာ ခရိုင်ပညာရေးမှူး ဒေါ်လှလှအေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြိတ်တက္ကသိုလ်တွင် ဘာသာရပ်အလိုက် လက်တွေ့ခန်းများ၌ သင်တန်းနည်းပြများက သင်ခန်းစာများကို သင်ထောက်ကူပစ္စည်းများဖြင့် ဆရာ ဆရာမများအား သင်ကြားပေးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြည့်ရှုအားပေးခဲ့ကြသည်။ (ယာပုံ)

သင်တန်းကို အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်သင် ဆရာ ဆရာမများအနေဖြင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရန်၊ အခြေခံပညာအထက်တန်းဆင့်သင် ဆရာဆရာမများ၏သင်ကြားမှုအရည်အသွေးများကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တွင်ဖွင့်လှစ်ပြီး သင်တန်းနည်းပြ ၁၆ ဦးက ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်သင် ဆရာ ဆရာမ ၂၂၆ ဦးအား သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# ကသာမြို့ အင်းများမှ ငါးကြီးငါးကောင်း ဖမ်းဆီးရမိမှု နည်းပါးလာ

**ကသာ နိုဝင်ဘာ ၂၀**

ကသာမြို့၌ ငါးဘတ်စျေးကောင်းရနေသော်လည်း အင်းများအတွင်းမှ ငါးကြီးငါးကောင်းများဖမ်းဆီးရမိမှု နည်းပါးလာသဖြင့် ပြည်တွင်းဖြန့်ချိရောင်းဝယ်ရေးလုပ်ငန်း ကျဆင်းလာလျက်ရှိကြောင်း ငါးပွဲရုံဒိုင်များမှ သိရသည်။

ယခင်က ငါးဘတ်အကောင်ကြီးများကို ဝယ်ယူရရှိသဖြင့် မြို့နယ်အသီးသီးသို့ ရေခဲရိုက်ပြီး တင်ပို့ရောင်းချပေးရကြောင်း၊ လက်ရှိအချိန်တွင်မူ ငါးသေးများသာ ဝင်ရောက်နေပြီး ငါးရံ့၊ ငါးဘတ်၊ ငါးရွှေ၊ ငါးမောင်းမ ငါးကြီးငါးကောင်းများ အရနည်းလာသဖြင့် နေခြောက်တစ်နေလှန်းကာ ဖြန့်ချိရေးလုပ်ငန်း လုပ်နေရကြောင်း ငါးအဝယ်ဒိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။



ကသာမြို့နယ်အနီး ဧရာဝတီမြစ်ရေလမ်းကြောင်းပြောင်းလဲလာခြင်းကြောင့် အင်းကျိုးအင်းပြတ်၊ အင်းပေါက်များ ဖြစ်ပေါ်လာခြင်း၊ စားဝတ်နေရေးကို အခြေပြု၍ နေ့/ည ငါးဖမ်းသူဦးရေတိုးလာခြင်း၊ ငါးနေငါးထိုင် ဂေဟစနစ်များ ပျက်စီးလာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးရည်များ အသုံးများလာခြင်းတို့ကြောင့် ငါးအထွက်နှုန်းနှင့် ကြီးထွားနှုန်းများကို ကျဆင်းစေလျက်ရှိကြောင်း သိရသည်။

ကသာမြို့၌ ကုန်းပိုင်းအင်းနှင့် မြေနိမ့်ပိုင်းအင်းများမှ ငါးများထွက်ရှိသော်လည်း စျေးကွက်သို့ဖြန့်ချိရာတွင် သယ်ယူစရိတ် ကြီးမြင့်မှုကြောင့် ပိဿာချိန်များမှသာ အမြတ်အစွန်းအနည်းငယ်ကျန်ရှိသည့်အတွက် ငါးများကို ရေခဲရိုက်တင်ပို့ခြင်းမပြုတော့ဘဲ ဖိုက်ခွဲ နေခြောက်လှန်းကာ တစ်နေလှန်းငါးဘတ် တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၊ သုံးနေလှန်း တစ်ပိဿာလျှင် ကျပ် ၃၅၀၀၀၊ ငါးရံ့ တစ်နေလှန်း တစ်ပိဿာလျှင် ကျပ် ၅၀၀၀၀ နှင့် သုံးနေလှန်း ငါးရံ့ခြောက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀၀ စျေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း ငါးပွဲရုံဒိုင်များထံမှ သိရသည်။

ငွေအိုးကသာ



# လသာမြို့နယ် အနော်ရထာလမ်း၌ ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အနော်ရထာလမ်းတွင် YBS ယာဉ်တစ်စီး အင်ဂျင်ခန်း အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီ ၄၇ မိနစ်ခန့်က လသာမြို့နယ် အနော်ရထာလမ်းတွင် ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားသဖြင့် ကျောက်တံတားမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး ထွက်ခွာငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၅၄ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

“YBS 21 ကားမီးလောင်တာ။ ရန်ကုန်ဆေးရုံကြီးနောက်ကျောလောက်မှာဖြစ်တာ။ ကားနောက်ပိုင်း အင်ဂျင်ခန်းက အပူလွန်ပြီး လောင်တာပါ။ အသေးစိတ်ကိုတော့ သက်ဆိုင်ရာက စစ်ဆေးနေပါတယ်”ဟု အခင်းဖြစ်နေရာသို့ သွားရောက်ကူညီပေးခဲ့သူတစ်ဦးက ပြောသည်။ မီးလောင်မှုဖြစ်ပွားရာသို့ ရှင်သန်ရေးကူညီမှုအသင်းမှ ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်၍ ရေအထောက်အကူပြုကူညီပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် မော်တော်ယာဉ်၏ အင်ဂျင်ခန်းနှင့် ယာဉ်နောက်ပိုင်းမှ ထိုင်ခုံအချို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုးမိုး
(မင်္ဂလာတောင်ညွန့်)

# မာန်အောင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေး

**မာန်အောင် နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကျေးရွာအရောက် မြေပြင်ကွင်းဆင်းသွားရောက်ပြီး တာဝန်ရှိသူတို့က ကျေးရွာ၏ လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိနေကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် မာန်အောင်မြို့နယ် ကျေးလက်ဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးမောင်မောင်လွင်နှင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာတို့က နိုဝင်ဘာ ၁၇ ရက်က မာန်အောင်မြို့နယ် သိဗ္ဗလကျေးရွာအုပ်စု ကုန်းတန်းကျေးရွာ သုသာန်သွားလမ်းခင်းခြင်း လုပ်ငန်းမှ မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာ ကျေးရွာကော်မတီနှင့် ညှိနှိုင်း ဆောင်ရွက်ပေးပြီး ယင်းလိုအပ်ချက်များကို သက်ဆိုင်ရာ ကျေးရွာကော်မတီနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ယင်းလုပ်ငန်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁ သန်း ပြည်သူထည့်ဝင်ငွေ ၀ ဒသမ ၅၂ သန်းတို့ဖြင့် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**



## ကျိုင်းတုံ-တောင်ကြီး ကားလမ်းတွင် ခရီးသည်တင်ယာဉ်တစ်စီး ချောက်ထဲထိုးကျ ယာဉ်မောင်းနှင့် ခရီးသည်တစ်ဦး သေဆုံးပြီး ခရီးသည်လေးဦး ဒဏ်ရာရ

**ကျိုင်းတုံ နိုဝင်ဘာ ၂၀** – ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းကာတောင်ကုန်းဆင်း ကျိုင်းတုံ-တောင်ကြီးသွားကားလမ်း မိုင်တိုင်အမှတ်(၅၈၂) အနီး၌ နိုဝင်ဘာ ၁၉ ရက်က ခရီးသည်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကျိုင်းတုံဘက်မှ တောင်ကြီးဘက်သို့ ယာဉ်မောင်း ထက်လင်းကျော် (၃၈ နှစ် )တာချီလိတ်မြို့နေသူ မောင်းနှင် သည့် 2I/---HIACE လိုင်းနမ့်ခုံး ခရီးသည်တင်ယာဉ်သည် ကျိုင်းတုံမြို့အနောက်မြောက်ဘက် ၁၇ မိုင်ခန့်အကွာတွင် အရှိန်မထိန်းနိုင်ဘဲ ပေ ၃၀၀ ခန့်အနက်ရှိ ချောက်ထဲထိုးကျ တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်ပါသူ ခြောက်ဦးအနက် ယာဉ်မောင်းနှင့် ခရီးသည်တစ်ဦး သေဆုံးပြီး ကျန်ခရီးသည်လေးဦးတွင် (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများ ဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းဆောင်ရွက်



ကော့သောင်း နိုဝင်ဘာ ၂၀

မော်တော်ယာဉ်ဖြင့်ခရီးသွားကြမည့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများအားဌာနဆိုင်ရာအဖွဲ့များဖြင့် လိုအပ်သည့်အသိပညာပေးစစ်ဆေးမှုများကို ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် အဝေးပြေးယာဉ်ရပ်နားစခန်း၌ နိုဝင်ဘာ ၂၀ ရက်က ဆောင်ရွက်သည်။

ကော့သောင်းမြို့မှ မြိတ်၊ ထားဝယ်၊ ရန်ကုန်မြို့များသို့ ခရီးသွားပြည်သူများအား ပို့ဆောင်လျက်ရှိသည့် အဝေးပြေးခရီးသည်တင်မော်တော်ယာဉ်များ ခရီးစဉ်တစ်လျှောက် ယာဉ်မတော်တဆမှုအန္တရာယ်၊ မီးဘေးအန္တရာယ်အပါအဝင် အခြားဘေးအန္တရာယ်များ ကင်းရှင်းစေရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ခရီးစဉ်အတွက် မော်တော်ယာဉ်ကြံ့ခိုင်မှု ရှိမရှိ၊ မော်တော်ယာဉ်များတွင် အရေးပေါ် မီးသတ်ဆေးဘူးများ ထားရှိခြင်းရှိမရှိ၊ ခရီးသည်ဦးရေနှင့် ကုန်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ တင်ဆောင်မောင်းနှင်ကြရေး၊ ဥပဒေနှင့်မလွတ်ကင်းသည့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်းမပြုကြရေးနှင့် အခြားလိုအပ်ချက်များကို ရှောင်တခင် လိုက်လံစစ်ဆေးဆောင်ရွက်ကြခြင်းဖြစ်ပြီး မော်တော်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ခရီးသည်များ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် သတိပြုမောင်းနှင်ကြရန် ပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

# ၁၃၈၄-ခုနှစ် စာဆိုတော်နေ့ အကြိုအခမ်းအနားနှင့် စာဆိုတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ပြည် နိုဝင်ဘာ ၂၀

၁၃၈၄-ခုနှစ် စာဆိုတော်နေ့အကြို အခမ်းအနားနှင့် စာဆိုတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ (အခြေခံပညာအထက်တန်း Grade-10, Grade-11) အဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ရက် နံနက်ပိုင်းက ပြည်မြို့ ရန်အောင်မင်္ဂလာ ကင်းဘုရားဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့နယ် စာရေးဆရာအသင်း နာယက-ဦးကြည်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)မှပေးပို့သော ၁၃၈၄-ခုနှစ် စာဆိုတော်နေ့ သဝဏ်လွှာကို ပြည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေလွင် (ယဉ်ဝေလွင်- ပြည်)က ဖတ်ကြားသည်။ ဆက်လက်၍ စာရေးဆရာအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်နန်းနန်းဝေ (နန်းမုံဝေ-ပြည်) ဦးဆောင်သော မြို့နယ်စာရေးဆရာ အသင်းဝင်များက ရတုပိုဒ်စုံ ကဗျာများဖြင့် ရွတ်ဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ ကဗျာပြိုင်ပွဲ ပထမ ဆုရရှိသူ မောင်ပိုင်ဟိန်းအောင် (Grade-11) အ.ထ.က(၃) ပြည်၊ ဒုတိယဆုရရှိသူ မသဲဦးမေ (Grade-10) အ.ထ.က အောင်ဆန်း၊ တတိယဆုရရှိသူ မသန္တာထက်အောင် (Grade-11) အ.ထ.က(၅)နှင့် နှစ်သိမ့်ဆုရရှိသူ မယွန်းရတီမွေး (Grade-10) အ.ထ.က(၅)၊ နှစ်သိမ့်ဆုကို မစုယမုံနိုင် (Grade-11) ရွှေတံခါး အ. ထ. က တို့က ရရှိခဲ့သည်။ ဆုများကို ပြည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များက ဆုချီးမြှင့်ကြသည်။

**မောင်ရွှေဝင်း(ပြည်)**

# သံတွဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၁၀၀ လွှဲပြောင်းပေးအပ်

သံတွဲ နိုဝင်ဘာ ၂၀

သံတွဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၁ ရွာ၌ အကောင်အထည်ဖော်




ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၂၁၀၀ ကို နိုဝင်ဘာ ၁၉ ရက်က လွှဲပြောင်းပေးအပ်သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ပန်းအိစံက ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစားများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီးနောက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာ ၂၁ ရွာမှ ကျေးရွာကော်မတီများထံသို့ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ကြသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့် ကျေးရွာ ၂၁ ရွာသို့ တစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ စီကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး ကျေးရွာရှိပြည်သူများကိုယ်တိုင် ပါဝင်၍ မိမိကျေးရွာ၏ လိုအပ်ချက်ကိုရွေးချယ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်လူမှုဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အဖိုးတန်သတ္တု ရောင်းဝယ်သူများဆိုင်ရာ မှတ်ပုံတင်အဖွဲ့က မြို့နယ်အတွင်းမှ ရွှေလုပ်ငန်းရှင်များအား အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ပြုလုပ်ရာ အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်က ရွှေလုပ်ငန်းရှင်တစ်ဦးအား အသိအမှတ်ပြုလက်မှတ်ပေးအပ်စဉ်။

ကိုကျော်(သုံးခွ)

# မြောင်းမြမြို့၌ ပလတ်စတစ်အိတ် မသုံးစွဲရနေ့ အသိပညာပေးမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

မြောင်းမြ နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင်လည်း မြောင်းမြမြို့တွင်းရှိ ဈေးများ၌ ပလတ်စတစ်အိတ် မသုံးစွဲရနေ့ကို ပြည်သူများ သိရှိလိုက်နာကြရန် အသိပညာပေးမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ်တနင်္ဂနွေနေ့တိုင်းတွင် အသားငါးများနှင့် ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများကို ပလတ်စတစ်အိတ်များအစား ငှက်ပျောရွက်၊ စက္ကူများဖြင့် အစားထိုးသုံးစွဲရောင်းချကြရန် အသိပညာပေးခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက လိုက်လံဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ခရိုင် (ပြန်/ဆက်)**

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ

○ *ကျော်ဖုံးမှ*

ကမ္ဘာ့ဖလားပြိုင်ပွဲကို ကာတာနိုင်ငံ၌ ကျင်းပခြင်းသည် ပြိုင်ပွဲသမိုင်းတစ်လျှောက် အရှေ့အလယ်ပိုင်းဒေသတွင် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပသော ပြိုင်ပွဲဖြစ်လာခဲ့သည်။ ထို့အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲပွဲစဉ်များကို နိုဝင်ဘာလတွင် စတင်ခြင်းသည် ပြိုင်ပွဲစတင်ကျင်းပသည့် ၁၉၃၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်လာခဲ့သည်။ ထိုကဲ့သို့ ကျင်းပရခြင်းသည် အိမ်ရှင်နိုင်ငံ၏ နွေရာသီ အပူဒဏ်ကို ရှောင်ရှားလိုခြင်းဖြစ်သည်ဟု ဆိုသည်။

ပြိုင်ပွဲ၏ ပထမအဆင့်တွင် အသင်းပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု ရှစ်အုပ်စုခွဲကာ အုပ်စုတစ်စုစီမှ ထိပ်ဆုံးနှစ်သင်းသာလျှင် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့ဖလားဖွင့်ပွဲအခမ်းအနားပြီးနောက် အိမ်ရှင် ကာတာနှင့် အီကွေဒေါအသင်းတို့ပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့သည်။ အဖွင့်ပွဲစဉ်ဖြစ်သည့်အတွက် နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးကစားသမားစာရင်းဖြင့် ပွဲထွက်လာခဲ့သည်။

ပွဲစသည်နှင့်တစ်ပြိုင်နက် အီကွေဒေါအသင်းက ဂိုးရရှိရေး ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် သုံးမိနစ်တွင် တိုက်စစ်ကစားသမား အန်နာဗလင်စီယာ ဂိုးရရှိခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ သို့သော်လည်း ပွဲချိန် ၁၆ မိနစ်တွင် အီကွေဒေါအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး အန်နာဗလင်စီယာက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် ဦးဆောင်ဂိုးရရှိခဲ့သည်။

အီကွေဒေါအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၃၁ မိနစ်တွင်ရရှိခဲ့ပြီး အန်နာဗလင်စီယာကပင် သွင်းယူရရှိခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အီကွေဒေါအသင်းရော ကာတာအသင်းပါဂိုးထပ်မံမသွင်းနိုင်ဘဲ ပွဲအပြီးတွင် အိမ်ရှင်ကာတာအသင်းကို အီကွေ ဒေါအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အဖွင့်ပွဲတွင် အနိုင် သုံးမှတ် ရရှိခဲ့သည်။

**အောင်ဇော်**



၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(က) အဖွင့်ပွဲစဉ်တွင် အိမ်ရှင် ကာတာအသင်းဘက်သို့ အီကွေဒေါ တိုက်စစ်မှူး အန်နာဗလင်စီယာ က အီကွေဒေါအသင်းအတွက် ဒုတိယဂိုးကို ခေါင်းတိုက်သွင်းယူစဉ်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်အတွင်း စားနပ်ရိက္ခာ ဖူလုံစေရေး၊ တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး



လုပ်ငန်းများတွင် လိုအပ်သည့် အရင်းအနှီးငွေများကို သက်သာသည့် အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ၂၀၂၂ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ များကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ စတင်ထုတ်ချေးလျက်ရှိရာ ယနေ့အထိ ကျေးရွာ ၆၉ ရွာမှ တောင်သူ ၁၄၅၇ ဦး၏ ပဲတီစိမ်းစိုက်ကေ ၈၃၆၈ ကေ၊ နှမ်းပေါးစိုက်ကေ ၂၈၂၅ ကေအတွက် စိုက်ပျိုးစရိတ်ချေးငွေ ၁၂၁၈ ဒသမ ၂၅ ကျပ်သန်းအား ထုတ်ချေးထားပြီး ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းများနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၀၆၂၀)ကိုလည်းကောင်း၊ မြဝတီ – ဘားအံ – ရန်ကုန် သွားကားလမ်း အမှတ်(၁)လမ်းမကြီးနှင့် အမှတ်(၂)လမ်းဆုံ မင်းလွင်ကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော လုပ်ငန်းသုံးစက်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်နှစ်တွဲနှင့် Tractor Head နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၇၈၀၆၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများ၏ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကွဲလွဲတင်သွင်းလာသည့် ကုန်ပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၀၀၀၀)ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသည့် စတီးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြိတ် – ထားဝယ် ကားလမ်း ပေါက်တိုင်းတံတား စစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာခရီးသည်တင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၃၇၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus အမျိုးအစားမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၃၇၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ကြွေပြားချပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၉၄၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia အမျိုးအစားမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၉၉၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့နယ် တကောင်းရပ်ကွက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အေးခဲအမဲသား ပိဿာ ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၃ ဒသမ ၉၅၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၃၂၀၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၆၆၀၇၂၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**




### မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွှဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ အုပ်စုပွဲစဉ်(၁၀)ပွဲ၏ သီဆိုယှဉ်ပြိုင်မှုမှ ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၁၀)ဦးဖြင့် ပြုလုပ်မည့် ဒုတိယအဆင့် Level-2 ပွဲစဉ်(၁၃) ဖျော်ဖြေရေးအစီအစဉ်နှင့် Result Show တွင် သီဆိုဖျော်ဖြေမည့် အောက်ပါတေးသီချင်း(၁၀)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | မနောအလှပန်း မောင့်ချစ်သူ | ကချင်ပြည်နယ် | (၂၅-၁၁-၂၀၂၂)ရက်နေ့ Level-2 ပွဲစဉ်(၁၃) Result Show |
| ၂ | ဆောင်းညသက်သေ | ချင်းပြည်နယ် | |
| ၃ | ဆောင်းလရာသီ | ရန်ကုန်တိုင်းဒေသကြီး | |
| ၄ | နှင်းဝေတဲ့ဆောင်း | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၅ | အိမ်မက်ဆောင်းည | ပဲခူးတိုင်းဒေသကြီး | |
| ၆ | နိုဝင်ဘာမှာလာမှာလား ဒီဇင်ဘာမှာလာမှာလား | ကရင်ပြည်နယ် | |
| ၇ | ဒီဆောင်းတည | ကချင်ပြည်နယ် | |
| ၈ | အလွမ်းညဟေမာန် | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၉ | ဆောင်းကဗ္ဗီပါ | နေပြည်တော် | |
| ၁၀ | ဆောင်းနှင်းမြူနဲ့ကိုယ့်ချစ်သူ | ဧရာဝတီတိုင်းဒေသကြီး | |

❑ *ကျော့ဖုံးမှ*

ဗိုလ်လုပွဲပြိုင်ပွဲများ၌ မီတာ ၁၀၀၀ အမျိုးသား၂၂ တက်လှော်တွင် ပထမ တရုတ်၊ ဒုတိယ မြန်မာ၊ တတိယ ထိုင်းကလည်းကောင်း၊ မီတာ၁၀၀၀ အမျိုးသား+အမျိုးသမီး ၂၂ တက်လှော်တွင် ပထမ အင်ဒိုနီးရှား၊ ဒုတိယမြန်မာ၊ တတိယထိုင်းတို့ကလည်းကောင်း၊ မီတာ ၁၀၀၀ အမျိုးသမီး ၁၂ ယောက်လှေလှော်တွင် ပထမ တရုတ်၊ ဒုတိယ မြန်မာ၊ တတိယ ထိုင်းကလည်းကောင်း၊ မီတာ ၁၀၀၀ အမျိုးသား+ အမျိုးသမီး ၁၂ တက်လှော်တွင် ပထမ အင်ဒိုနီးရှား၊ ဒုတိယ မြန်မာ၊ တတိယ ထိုင်းကလည်းကောင်း၊ မီတာ ၅၀၀ အမျိုးသား+အမျိုးသမီး ၁၂ တက်လှော်တွင် ပထမ အင်ဒိုနီးရှား၊ ဒုတိယ မြန်မာ၊ တတိယ ဟောင်ကောင်တို့ ဆွတ်ခူးရရှိသည်။

မြန်မာအသင်းသည် ပြိုင်ပွဲ ၁၅ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်း၊ ဩစတြေးလျအသင်း၊ ကမ္ဘောဒီးယားအသင်း၊ ဟောင်ကောင်အသင်း၊ တရုတ်အသင်း၊ အိန္ဒိယအသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်း၊ မြန်မာအသင်း၊ နီပေါအသင်း၊ စင်ကာပူအသင်းနှင့် တရုတ်(တိုင်ပေ) တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာအသင်းသည် နိုဝင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ထိုင်းရိုးရာလှေလှော် (Thailand Traditional Boat and International Swan Boat Race 2022 ) ပြိုင်ပွဲသို့ ဆက်လက်ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၆၆၇၀၃ Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Rose KSN Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/57470 Honda C90 Custom CM ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်စိန် ၅/ကသန(နိုင်)၀၄၂၈၉(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၆၉၉၀၅ Honda Scoopy ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၉/ပသက(နိုင်) ၀၆၈၃၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/41836 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးဖေတင် ၉/ခမစ(နိုင်)၀၂၄၂၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော သီရိပျံချီဘွဲ့တံဆိပ်ကို

**ဦးနန္ဒ(နာယက-မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်)၊**
**ဦးမောင်မောင်(ဥက္ကဋ္ဌ-သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်)၊**
**ဦးမောင်မြင့်(ခ)သျှိဝစရီဂုရု U.V.P ပရမစီဝန် (ဥက္ကဋ္ဌ-ဟိန္ဒူဘုန်းတော်ကြီးများ ဗဟိုအဖွဲ့ချုပ်) နှင့်**
**သီရိ ၁၀၀၈ ဆွာမိဝေကာနန္ဒဂိရိကြီး မဟာရာဂျ် (ဦးစီးနာယကဆရာတော်-သီရိသျှိဝဘုရားကျောင်း)**

တို့ကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခံရသည့်အတွက် သက်ရှည်ကျန်းမာစွာဖြင့် မိသားစုနှင့်တကွ နိုင်ငံနှင့် ပြည်သူအကျိုး၊ သာသနာ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် အထူးလိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**သီဟသုဓမ္မမဏိဇောတဓရ ဦးသိန်းလွင်** **ဦးချစ်ဝင်း**
**ဥက္ကဋ္ဌ** **အထွေထွေအတွင်းရေးမှူး**
**နှင့်**
**ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊**
**အဖွဲ့ခွဲများ (ပဲခူးအဖွဲ့ခွဲ၊သထုံအဖွဲ့ခွဲ၊ မော်လမြိုင်အဖွဲ့ခွဲ၊ မန္တလေးအဖွဲ့ခွဲ၊**
**ရန်ကုန်တိုင်းဒေသကြီးရေးရာကော်မတီ၊ ဘားအံအဖွဲ့ခွဲ၊ တနင်္သာရီအဖွဲ့ခွဲ၊ ပြည်အဖွဲ့ခွဲ)**

## ကန့်ကွက်နိုင်ပါကြောင်း

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၅

| | | |
|---|---|---|
| ဦးအောင်မျိုးဆွေ | **နှင့်** | ဒုအရာခံဗိုလ်ဌေးမြင့် |
| **တရားလို** | | **တရားပြိုင်** |

ဦးလူကြီး၏သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ အကွက်အမှတ်(သ-၆/၈၀)နေ ဒုအရာခံဗိုလ် ဌေးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်မျိုးဆွေက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်(က)ရပ်ကွက်၊ အကွက်အမှတ်(သ-၆)၊ ဦးပိုင်အမှတ်(၈၀)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၉ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ကျော်ဇင်ထွန်း )**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### အခွန်ရှောင်ရှားခြင်း၊ အခွန်လျှော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာသတင်းအချက်အလက်များ လွဲမှားဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ရှောင်ရှားခြင်း၊ အခွန်လျှော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာ သတင်းအချက်အလက်များလွဲမှားဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းဟူသည့်စကားရပ်များ၏ အဓိပ္ပါယ်နှင့် အဆိုပါဆောင်ရွက်ချက်များအပေါ် အရေးယူဆောင်ရွက်မည့်ကိစ္စရပ်များကို ပြည်သူများ ရှင်းလင်းစွာသိရှိနိုင်ရေး **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် အမှတ် ၃/၂၀၂၂** အား (၁၆-၁၁-၂၀၂၂) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်အမှတ် ၃/၂၀၂၂ တွင် အခွန်ရှောင်ရှားခြင်း၊ ပေါ့ဆမှုဖြင့်သို့မဟုတ် မရိုးဖြောင့်သောရည်ရွယ်ချက်ဖြင့် အခွန်လျှော့နည်းပေးဆောင်ခြင်းနှင့် အခွန်ဆိုင်ရာ သတင်းအချက်အလက်များကို မှားယွင်းစွာ သို့မဟုတ် လမ်းလွဲစွာဖော်ပြခြင်းဟူသည့် ဆောင်ရွက်မှုများတွင် ပါဝင်သည်ဟု သတ်မှတ်သည့်ကိစ္စရပ်များ၊ အခွန်ရှောင်တိမ်းမှုမြောက်သော ကျူးလွန်မှုများအဖြစ် သတ်မှတ်သည့်ဆောင်ရွက်မှုများနှင့် အခြေအနေများကို နမူနာဖြစ်စဉ်များနှင့်တကွ ရှင်းလင်းဖော်ပြထားပါသည်။

၃။ အခွန်ရှောင်တိမ်းမှု (Tax Evasion) ကို ကျူးလွန်သူများသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ အရေးယူခံရမည့်အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရလည်း ထပ်မံတရားစွဲဆို ခံရနိုင်ခြင်းကြောင့် ပြည်သူများ အနေဖြင့် မည်သည့်ဆောင်ရွက်မှုများသည် အခွန်ရှောင်တိမ်းမှုမြောက်သော ကျူးလွန်မှုများဖြစ်ကြောင်းကို လေ့လာသိရှိထားရန် လိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် (၁-၁-၂၀၂၃) ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည့် အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်အမှတ် ၃/၂၀၂၂ အား ပြည့်စုံစွာသိရှိနိုင်ရန် https:// www.ird.gov.mm/sites/default/files/Public%20Ruling%203%202022%20myanmar.pdf တွင် မြန်မာဘာသာဖြင့်လည်းကောင်း၊ https://www.ird.gov.mm/sites/default/files/Public%20 Ruling %203%202022%20english.pdfတွင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ဝင်ရောက်လေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| Sr No. | Tender No. | Description |
|---|---|---|
| 1. | 15(T)7/MR(E)/ Kyat/2022–2023 | (1) Spare Parts for Casagrande Bore Pile Machine (Engine Model – TCD 2015VO8 Deutz) (1)Lot<br>(2) Spare Parts for TA TA Dump Truck (Engine Model–6BT AA 5.9C(India Cummis)(1)Lot |

တင်ဒါပိတ်မည့် နေ့/အချိန် - (၅.၁၂.၂၀၂၂) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၁.၁၁.၂၀၂၂)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994, 291985**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၄)၊ ဦးပိုင်အမှတ်(၃)၊ ၇၀x၇၁ ကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်စန္ဒာအောင် ၁၃/နဆန(နိုင်)၀၀၈၆၉၈ က အပေးစာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခဲ့ပြီး စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ လက်ဝယ်တွင် အသိမ်းလွန်ပျောက်ဆုံးသွားပါ၍ ပြန်လည်အပ်နှံနိုင်ခြင်းမရှိကြောင်းတင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၂၆၉/၂၀၂၂-၂၀၂၃ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်54W/98253 Hooda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalor Prince Co., Ltd. ၃၄ လမ်း၊ ၇၄x၇၅ ကြား၊ ချမ်းအေးသာစံမြို့နယ်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## သွာနုတ္တသမီးအဖြစ်သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်အတွက် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ရန်အောင်မြင်လမ်းနေ ဦးလှပို ၈/ပခက(နိုင်)၀၁၇၄၆၇-ဒေါ်အမာ ၈/ပခက(နိုင်)၀၁၇၄၆၂ တို့၏ သမီးဖြစ်သူ ဒေါ်အေးမိစံ ၈/ပခက(နိုင်)၁၆၃၉၃၀ သည် မိဘနှစ်ပါး၏ ဂုဏ်သိက္ခာကိုကျဆင်းအောင်ပြုလုပ်ခြင်း၊ မိဘနှစ်ပါး၏ငွေနှင့်ပစ္စည်းတို့အား အလွဲသုံးစားပြုလုပ်ဆောင်ရွက်ခြင်း၊ ဒေါ်အေးမိစံနှင့်ပတ်သက်၍ ဖခင်ဖြစ်သူမှာ တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းခဲ့ရခြင်း၊ မိဘများအားရန်သူသဖွယ် ပြုမူပြောဆိုဆက်ဆံခြင်းတို့ဖြင့် မိဘတို့၏ ကိုယ်စိတ်နှစ်ပါးကို ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးဖြစ်သူ ဒေါ်အေးမိစံအား သွာနုတ္တသမီးဖြစ်ကြောင်း သတ်မှတ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်သက်ဆိုင်သည့်ကိစ္စအဝဝတို့သည် မိဘများနှင့်မသက်ဆိုင်ပါကြောင်းနှင့် ၎င်းနှင့် သက်ဆိုင်သည့် ကိစ္စအဝဝတို့ကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှပို-ဒေါ်အမာတို့၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သက်စုမွန်(LL.B)** | **ဒေါ်နန်းအိမွန်စံ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၅၅)** | **တရားလွှတ်တော်ရှေ့နေ** |
| **(၁၆-၁၁-၂၀၁၇)** | **(စဉ်-၁၅၇၂၁၊ ၃၀-၇-၂၀၁၉)** |
| **ရွှေသိမ်တော်(၄)လမ်း၊** | **အမှတ် (၁၁)၊ (၂)လမ်း၊** |
| **အမှတ်(၁၄)ရပ်ကွက်၊ ပခုက္ကူမြို့၊** | **ပခုက္ကူမြို့၊** |
| **ဖုန်း-၀၉-၄၂၇၈၉၃၇၅၅** | **ဖုန်း-၀၉-၂၆၀၀၂၇၈၉၆** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/8967 Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြကို ၉/ကဆန(နိုင်)၀၃၉၀၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေမြို့**

**သွေးသည် အသက်**

## စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာန၊ ပင်မပစ္စည်းသိုလှောင်ရုံ အဆင့်(ခ)၊ မန္တလေးမြို့ရှိ အောက်ဖော်ပြပါ နှစ်ဟောင်းလက်ကျန် အင်ဂျင် (၃)မျိုး၊ (၄၅၈)လုံး အလေးချိန် ၅၆ ဒသမ ၁၈၁အား (မျက်မြင်အခြေအနေ)အတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | အင်ဂျင်အမျိုးအစား | အရေအတွက် | အလေးချိန် |
|---|---|---|---|
| 1 | S 1100 G (16 HP) | ၂၂၈ | |
| 2 | S 1100 N (16 HP) | ၁၂၃ | |
| 3 | X-178 F | ၁၀၇ | |
| | စုစုပေါင်း | ၄၅၈ | ၅၆ ဒသမ ၁၈၁ |

(က) **လေလံလျှောက်လွှာ စတင်ရောင်းမည့်ရက်** - ၂၁-၁၁-၂၀၂၂ ရက်

(ခ) **လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၆-၁၂-၂၀၂၂ ရက်

(ဂ) **လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး စက်မှုလယ်ယာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့

၂။ သတ်မှတ်ရက်နှင့် အချိန်ထက်ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံခြင်းပြုလုပ်မည်မဟုတ်ပါ။ လျှောက်လွှာပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်များကို မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဖုန်း-၀၉-၉၆၄၀၈၈၄၁၈၊ ၀၉-၄၄၄၀၀၁၅၃၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## အထူးကိုယ်စားလှယ်စာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အမှတ်(ဘီဘီ-၁၇၈/၁၇၉)နေ ဗိုလ်မှူးကြီးသန့်ရှင်း (ဘ) ဦးထွန်းကျွေ ၈/မဘန(နိုင်)၀၂၃၁၃၁မှ ဦးခိုင်မင်းကို (ဘ) ဦးမြင့်သန်း ၈/မလန(နိုင်)၀၅၆၈၆၉အား ၁၂-၈-၂၀၂၀ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၆/၂၀၂၀)ဖြင့် ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားပါသည်။

ယခု အဆိုပါလွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက်ထားရှိရန် မလိုအပ်တော့ပါသဖြင့် ကျွန်တော် ဗိုလ်မှူးကြီးသန့်ရှင်းမှ ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဗိုလ်မှူးကြီးသန့်ရှင်း(ဘ)ဦးထွန်းကျွေ**
**၈/မဘန(နိုင်)၀၂၃၁၃၁**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၅၀၉၃၃၃၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၈၉-က)၊ ဦးပိုင်အမှတ်(ဃ/၂)၊ ရန်မန်းလမ်းအနောက်ဘက်၊ ရွှေဘိုလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသောင်းဖေ ၉/မရမ(နိုင်)၀၁၆၆၄၁၏ (SP ရသူ ဦးသန်းဌေး)က အမည်ပေါက်သူ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း ငှားရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ် ၄၂၅၃/၂၀၂၂-၂၀၂၃ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၄)၊ ဦးပိုင်အမှတ်(၂၇)၊ ၇၁x၇၂လမ်းကြား၊ ဆင်ဖြူရှင်xဝေဿာလီလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလှစိုး ၉/မရမ(နိုင်)၀၄၈၁၃၀၏ (SP ရသူ ဦးစိုင်းအိုက်ချို)က အမည်ပေါက်သူ ဦးလှစိုး၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့် အတူ အမှုတွဲအမှတ်(၃၅၃၆/၂၀၂၂-၂၀၂၃)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅)နေ ဦးထွန်းထွန်းဦး (ဘ) ဦးစိန်အောင်ဝေ ၇/ပမန(နိုင်)၀၀၆၁၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ (၂/၄)လမ်း၊ အမှတ်(၂၈၇၃)ရှိ အကျယ်အဝန်း (၄၀x၆၀)ပေအား ဒေါ်ခင်လှစိန် ၈/မကန(နိုင်)၀၁၉၀၃၃ အမည်ဖြင့် ပြည်မြို့မြေစာရင်းဦးစီးဌာနမှ ချထားပေးသောမြေဖြစ်ပါသည်။ ယင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ ဆက်စပ်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေမှ ဆောက်လုပ်ထားသော အဆောက်အအုံနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်းဦးမှ လက်ရှိတရားဝင် တစ်ဦးတည်းပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာဝင်း(LL.B) (စဉ်-၁၃၁၀၇)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀၄၃)၊ (၁၇)လမ်း၊ ပေါင်းလောင်း(၃)ရပ်ကွက်၊**
**ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၂၀၇၀၃၀၂၄**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွက် အသုံးပြုရန် ဒီဇယ်ဆီ ၉၀၀၀၀ဂါလန်၊ Octane 92 ၁၂၀၀၀ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ ၄၀၀၀၀ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၂၉-၁၁-၂၀၂၂ ရက်

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁-၁၂-၂၀၂၂ ရက်

(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂ လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန

(ဃ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့် ရက်** - ၇-၁၂-၂၀၂၂ ရက်

(င) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့် နေရာ** - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ(၆)ထပ်ဆောင် အစည်းအဝေး ခန်းမ

(စ) **တင်ဒါ(၁)စုံရောင်းဈေးနှုန်း** - ပစ္စည်း(၁)မျိုးလျှင် ကျပ် ၁၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင် (Fuel Import License) တင်ပြနိုင်သော ကုမ္ပဏီ ဖြစ်ရမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂-၄၀၈၁၃၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ ၂၂) ဒဂုံမြို့သစ်ခရိုင်တရားရုံးတော် ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၁၄၇နှင့် ဆက်နွယ်သည့် ၂၀၂၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၂

Myan Shwe Pyi Tractors Limited (ကုမ္ပဏီကိုယ်စားဦးမြတ်သူ) **တရားနိုင်** နှင့် ဦးသောင်းရွှေ(အုပ်ချုပ်မှုဒါရိုက်တာ) King Gems ကုမ္ပဏီလီမိတက် **တရားရှုံး**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၆၇လမ်းနှင့် မြို့သစ် ၂လမ်းထောင့်၊ အမှတ်(ခ-၈/၁)နေ ဦးသောင်းရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၄၇တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ရက် (၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ်(၇၄၄)ဟု ခေါ်တွင်သော မြေအလျားxအနံ ပေ (၄၀x ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အား မူလအမည်ပေါက် ဒေါ်ခင်မူမူ ၁၂/ဒဂန(နိုင်)၀၁၇၅၅၅ ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝေသန်း ၁၂/ဒဂဆ(နိုင်)၀၀၇၄၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာနွယ် ၅/တဆန(နိုင်)၁၆၂၁၁၇မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅/၂၀၁၇)**
**အမှတ်(၁၁၃၇)၊ ရွှေတဆုပ်လမ်း၊ (၁၀၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၉၉၆၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(က)ရပ်ကွက်၊ (၉)လမ်း၊ အကွက်အမှတ်(၃၅၅)၊ ဧရိယာပေ(၄၀x၆၀)ရှိ မြေကွက်၊ ဦးပိုင်အမည် ဦးထွေးမြင့် မြို့ဟောင်း ၈/မကန(နိုင်)၀၆၇၂၈၈ အမည်ပေါက်မြေကွက်အား ဝယ်ယူမည့် အချိန်တွင် လက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်နိုင်ဝင်း ၈/တတက(နိုင်)၀၀၀၁၃၃ အမှတ်(၂၅၇)၊ အောင်ဇေယျာ(၄)လမ်း၊ မကွေးမြို့နေသူထံမှ ကျွန်မ ဒေါ်စန်းမြင့်မော် ၁/မကန(နိုင်)၀၀၀၂၂၉ အမှတ်(၁၄၂၀)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ခ) ရပ်ကွက်တွင် နေထိုင်သူအနေဖြင့် ယခုအခါ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထား စာရွက်စာတမ်းခိုင်လုံပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအရပ်ရပ်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်စန်းမြင့်မော်**
**အမှတ်(၁၄၂၀)၊ အဝေရာလမ်းနှင့်**
**(၅)လမ်းထောင့်၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ မကွေးမြို့**
**ဖုန်း-၀၉-၄၄၄၅၂၄၉၈၉**

## လက်ထပ်မင်္ဂလာဆည့်ခံပွဲ ကျေးဇူးတင်လွှာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်ရွာနေ
ဦးစိုးအောင်-ဒေါ်တင်မြတို့၏သား

**မောင်ချစ်ဇော်အောင်**

(B.E Civil) အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)

**နှင့်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ အမှတ်(၈)လမ်းနေ
ဦးညဏ်လင်းအောင် - ဒေါ်ခင်ခင်ဝင်းတို့၏ သမီးကြီး

**မဟန်နီလင်းအောင်**

B. B Sc(Business Science), D.B Acc (Diploma in Business Accounting)

တို့သည် ၁၉-၁၁-၂၀၂၂ရက် (စနေနေ့)တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC2)၊ နေပြည်တော်၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် ဒေါက်တာဒေါ်ခင်ကျော့ယဉ် အားလည်းကောင်း၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ် ဦးလှထွန်းဦးနှင့်ဇနီး ဒေါ်ရီရီမြင့် အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး ပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်မာလာမော် အား လည်းကောင်း၊ အခမ်းအနားမှူး ဆောင်ရွက်ပေးပါသော ဦးသက်ပိုင်စိုး (မြန်မာ့အသံ) အားလည်းကောင်း၊ တေးသံသာဖြင့်ဖျော်ဖြေပေးပါသော မြတ်မဟာတေးဂီတအဖွဲ့အားလည်းကောင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိမိတ်သင်္ဂဟများနှင့်တကွ ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဆောင်များပေးပို့သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ချစ်ဇော်အောင်-မဟန်နီလင်းအောင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ ) ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၄

ဦးကျော်မောင်မောင် **တရားလို** **နှင့်** ဒေါ်လှကျင် **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (ထထ-၈)၊ ဦးပိုင်(၆၈)၊ (စ)ရပ်ကွက်၊ ရတနာပုံမြို့သစ်ရပ်နေ ဒေါ်လှကျင်(ဘ) ဦးသိန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးကျော်မောင်မောင်က ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၄ရက် (၁၃၈၄ခုနှစ် နတ်တော်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၁၆ နှင့် ၁၅၇ကြား)၊ အကျယ်အဝန်း (အလျား ပေ၄၀ x အနံ ပေ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း တာဝန်ယူ ဝန်ခံကတိပြုသူ ဦးကောင်းမြတ်လွင် ၁၂/ရကန(နိုင်)၀၉၀၅၅၁ထံမှ ကျွန်ုပ် ဒေါ်လဲ့လဲ့အောင် ၁၂/မဂတ(နိုင်)၀၆၄၉၉၅က အပြီးအပိုင်ဝယ်ယူရန်အတွက် မြေနှင့်အဆောက်အအုံရောင်းဖိုးငွေများအနက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့် အဆောက်အအုံနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက မြေနှင့်အဆောက်အအုံအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့အောင် ၁၂/မဂတ(နိုင်)၀၆၄၉၉၅**
**အမှတ်(၁)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၂၅၄၁၁၅၅၁၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဦးသန်းအောင်-ဒေါ်မြင့်မြင့်စိန်တို့၏သမီး မအိအိသန်းအောင် ၁၂/အလန(နိုင်)၀၄၁၂၂၂သည် မိဘများအား စိတ်ဆင်းရဲအောင်အမျိုးမျိုးလုပ်ဆောင်နေသောကြောင့် ၁၉-၁၁-၂၀၂၂ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နှင့် မအိအိသန်းအောင်နှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဖခင် ဦးသန်းအောင် - မိခင် ဒေါ်မြင့်မြင့်စိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/78135 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ စိန်ရွှေရောင်ပြည့် Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၁၅၄၄၉ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Kathit Sun Moon Star Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်နေ ဦးနောင်ရဲကျော် ၉/ကပတ(နိုင်)၂၁၀၇၅၂ မှ ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်(၂၀၇၈-က)၊ အုပ်ရှစ်ကုန်းအရှေ့ကွင်း၊ မြေကွက်အမှတ်(မ/၄၈၁)၊ မြေ ဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိမြေအား မြေငှားဂရန် လျှောက်ထားရန်အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ မြေစာရင်းပုံစံ (၁၀၅)(၁၀၆)ရေးကူးခွင့် လျှောက်ထားဆောင်ရွက်သွားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက် အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးနောင်ရဲကျော်**
**၉/ကပတ(နိုင်)၂၁၀၇၅၂**
**မြို့မရပ်ကွက်၊**
**ကျောက်ပန်းတောင်းမြို့**
**ဖုန်း-၀၉-၂၅၈၁၆၅၅၉၅**

**သစ်တောသစ်ပင်**
**ဒို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုး**
**အလှတိုး**

## ဦးမြင့်သန်း B.A(Geo)

**ကြည်း-၁၃၃၀၆**

**တေဇ(၂)**

**ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၇၀)**

မန္တလေးမြို့နေ(ဦးထင်ကျော်-ဒေါ်သန်း)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၅၄၊ အင်းယားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်နေ ဒေါ်နုစံဦး၏ခင်ပွန်း၊ ဦးတေဇမြင့်သန်း၊ ဦးဖြိုးအောင်ဝင်း-ဒေါ်အေးဖြူစံမြင့်သန်း၊ ဦးဇေယျာမြင့်သန်း-ဒေါ်မြင့်သီရိကျော်တို့၏ ဖခင်၊ မောင်လင်းထွဋ်တေဇ၊ မောင်ခန့်ဘုန်းစံ၊ မောင်ရှိုင်းမြင့်မိုရ်မင်းတို့၏ အဘိုး ဦးမြင့်သန်းသည် ၁၉-၁၁-၂၀၂၂ရက် (စနေနေ့)နံနက် ၄:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၂၂ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

( နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၂၂ရက်(သောကြာနေ့) နံနက်၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်းဒါယိကာမကြီး

## ဒေါ်ခင်မာမြင့်

**အနောက်ပိုင်းခရိုင်၊ လဝက ဦးစီးဌာနမှူးရုံး(ငြိမ်း)**

**အသက်(၆၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာဒုံမြို့နယ်၊ ခြံအမှတ် (၁၂/၃၅)၊ ခိုင်ရွှေဝါလမ်း၊ ပုလဲ(၁)နေ ဦးချစ်စိန်-ဒေါ်တင်ညွန့်တို့၏သမီး၊ တွံတေးမြို့၊ ဘုရားကြီးရွာနေ ဦးမြလှိုင်-ဒေါ်အေးသီတို့၏ သမီးချွေးမ၊ ဒေါ်မြမြအေး၊ (ဒေါ်ခင်သန်းမြင့်)၊ ဦးမြင့်စိုး-ဒေါ်ခင်စန်းကြည်၊ (ဦးမောင်မောင်စိုး)၊ ဦးသက်နိုင်ထွန်း-ဒေါ်ခင်မာချို(ဦးအောင်ကိုမျိုး)-ဒေါ်ဆွေဆွေမြင့်၊ ဦးစိုးသက်လွင်တို့၏အစ်မ/ ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊လမ်းမတော်မြို့နယ်၊ မော်တင်တာဝါ(အေ)၊ ၈လွှာ၊ အခန်း (၃၀၄)နေ ဦးသိန်းမြင့်(ဒု-အထွေထွေမန်နေဂျာ၊ ပို့ဆောင်ရေး)၊ သယ်ယူပို့ဆောင်ရေးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ချစ်လှစွာသောဇနီး၊ မောင်သီဟမင်းဇင်၏မိခင်ဖြစ်သူ ဒေါ်ခင်မာမြင့်သည် ၂၀-၁၁-၂၀၂၂ရက် နံနက် ၆:၂၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

( နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နမ့်ခမ်းမြို့၊ စည်ပင်သာယာရေးဝန်ကြီးဌာနမှ ယာဉ်မောင်းတာဝန်ထမ်းဆောင်နေသော ဦးအောင်ညိမ်း၏သား ဦးထွန်းထွန်းဝင်း ၉/မခန(နိုင်) ၂၇၄၂၇၂နှင့် ဦးနေဝင်း ၉/မခန(နိုင်) ၂၇၄၂၇၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနေဝင်း**

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ စာရေးတန်းရပ်ကွက်နေ လားရှိုးတက္ကသိုလ်၊ စီးပွားရေးမေဂျာ (ပထမ)နှစ်မှ မောင်ဝေလျှံမင်းနှင့် အလက(ကောင်းဆာ) Grade-5မှ မောင်ရဝေအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ၉/မခန(နိုင်) ၂၇၄၂၇၂ ဖြစ်ပါကြောင်း။ **ဦးနေဝင်း**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်သန်း(B.A,Geo)

**ကြည်း-၁၃၃၀၆ ၊ တေဇ(၂)**

**ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၇၀)**

ချစ်သူငယ်ချင်း(ဖားကြီး(ခ)ဦးမောင်) ၁၉-၁၁-၂၀၂၂ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂)သူငယ်ချင်းများနှင့် မိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယောဂီဆောင် ဒါယိကာမကြီး**

## ဒေါ်ခင်မိမိ

**ကထိက(အငြိမ်းစား)ရန်ကုန်တက္ကသိုလ်**

**ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေဌာန (ကြည်သင်း-ရမည်းသင်း)**

**အသက်(၉၃)နှစ်**

ရမည်းသင်းမြို့နေ (ဦးဖေထွန်း-ဒေါ်ကြည်)တို့၏သမီး၊ (ဦးတင်မြ)၊ (ဦးသန်းညွန့်)တို့၏ညီမ၊ (ဦးခင်မောင်မြင့်) -ဒေါ်ချိုချို၊ (ဦးဝင်းမောင်)-ဒေါ်ခင်စန်းနွဲ့(ခ)ဘေဘီတို့၏အစ်မ၊ တူ၊ တူမရှစ်ယောက်တို့၏အဒေါ်၊ မြေးလေးယောက်၊ မွေးစားမြေးမ နှစ်ယောက်တို့၏ဘွားဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားကြီးသည် ၁၈-၁၁-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၂၅နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်(၅)လမ်း၊ တိုက်(၂၆၇)၊ အခန်း(၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမျိုးချစ်

**အသက်(၉၁)နှစ်**

ဆေးတက္ကသိုလ်၊ မကွေးကလေးကျန်းမာပညာဌာနမှ ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ ဒေါက်တာကျော်မျိုး၏ ဖခင် ဦးမျိုးချစ်သည် ၂၀-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူဝမ်းနည်းကြေကွဲရပါသည်။ ပါမောက္ခချုပ်နှင့် ဆရာ/မများ၊ ဝန်ထမ်းများအားလုံး

**ဆေးတက္ကသိုလ်၊ မကွေး**

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ စက်တန်းရပ်နေ ဒေါ်စမ်းစမ်းအေး ၉/မကန(နိုင်)၀၄၈၈၂၃ မှ(အလျား ၄၆' xအနံ ၂၅')RC (၂)ထပ် Slab မိုး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၅၀၆၁၉ New Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပိုင် ၇/ပမန(နိုင်)၁၄၂၇၀၂က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**

**လှိုင်လင်မြို့နယ်တရားရုံးတော်**

**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၅**

| | | |
|---|---|---|
| တပ်သားပိုင်စိုးအောင် | နှင့် | ဒေါ်မမိလန်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရွှေမူရင်း ငါးကန်နေဒေါ်မမိလန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်ဒီဇင်ဘာ ၅ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)၊**
**ဒုတိယမြို့နယ်တရားသူကြီး**
**လှိုင်လင်မြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်ဇော်မောင် ၈/ရနခ(နိုင်)၀၇၈၃၉၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

အခမဲ့ကုပေးမည်
ဆေးမတိုး/ကုရခက်
ကင်ဆာနှင့်ရောဂါစုံဖြစ်နေလျှင်
သစ္စာရှင်ဆေးခန်း
ဖုန်း-09 261186511 သို့ဆက်သွယ်ပါ။

ရောင်းမည်
* ပုဂံမြို့သစ် (၁၄ခန်း)လိုင်စင်ရဟိုတယ်(60'x80') ဒေါင့်ကွက်
* မ/ဥ (55'x75') ဆေး၂အနီး
* မ/ဥ (34'x75') ဆေး၂အနီး
* မ/ဥ (14'x75') ဆေး၂အနီး
Ph 09 261186511, 09 953166459

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုံးရီ

**အသက်(၇၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ သရက်သုံးပင်ကျေးရွာအုပ်စု၊ လက်ပံပုရွာနေ ဦးသောင်း၏ဇနီး ၊ကိုစိုးနိုင်-မချိုချိုစမ်း၊ ကိုသန်းတင့်-မမော်မော်မြင့်၊ ကိုနန်းတင့်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-မဇာဇာဝင်းတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား ဒေါ်အုံးရီသည် ၁၉-၁၁-၂၀၂၂ရက် (စနေနေ့) နံနက် ၆:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းရပါသည်။

**IDA 1st Batch သင်တန်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးယုကြည်

**ဗဟိုတရားရုံးရှေ့နေ**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အိမ်အမှတ် (၃၅)၊ ပထမထပ်နေ (ဦးအိတ်ဂွမ်-ဒေါ်ကျင်မှီ)တို့၏သား၊ ဒေါ်ဝင်းမေ၏ခင်ပွန်း၊ ဦးကျော်စွာဝင်း-ဒေါ်မေမျိုးကြည်၊ ဦးရန်နိုင်စိုး-ဒေါ်နှင်းနှင်းယု၊ ဦးမင်းဇင်ဦး-ဒေါ်ပြည့်စိုးကြည်တို့၏ဖခင်၊ မစောယွန်းနွယ်၊ မယုနန္ဒာစိုး၊ မနှင်းပပဝတီစိုး၊ မောင်ကျော်ဇင်တို့၏အဘိုးသည် ၂၀-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၇/ရွာထောင်အရှေ့)၊မြေကွက်အမှတ်(ဃ/၄၆)၊ မြေဧရိယာ ၀ဒသမ၀၈၃ဧကရှိမြေသည် ဦးကျော်ဆန်းလွင် အမည်ဖြင့် မြေငှားဂရန် စာချုပ်အမှတ် ၄၅၈၊ အမှုတွဲအမှတ် RP No 458/ V/ of 1990-91 မြေငှားဂရန်သက်တမ်းမှာ (၁-၁-၁၉၉၀)မှ(၁-၁-၂၀၂၀)ရက်အထိ နှစ်(၃၀) မြေငှားဂရန် ဖြစ်ကြောင်း၊ (၂၇-၁-၂၀၁၉)ရက်တွင် ဦးကျော်ဆန်းလွင်မှ ဒေါ်ယုသန္တာထွန်း ၅/စကန(နိုင်)၂၃၆၆၄၀ သို့ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး (၁၉-၉-၂၀၂၂)ရက်တွင် ဒေါ်ယုသန္တာထွန်းမှ အဆိုပါ ဝိုင်းမြေအား လွှန်ခဲ့သော(၃)နှစ်ခန့်ကစ၍ စီမံခန့်ခွဲအကျိုးခံစားခွင့်ရှိသည်မှာ မှန်ကန်ကြောင်း တရားရုံးတွင် ကျမ်းကျိန်ဆိုခဲ့ပြီး အဆိုပါမြေငှားဂရန်အနက် မြေကွက်အမှတ်(ဃ/၄၆-က)၊ မြေဧရိယာ ၀ဒသမ ၀၄၁ ဧကရှိ မြေအား ဒေါ်ယုသန္တာထွန်း(ဘ)ဦးဇော်မင်းထွန်းထံမှ ဒေါ်ဌေးဌေးအောင်(ဘ)ဦးစောမောင် ၁၀/ပမန(နိုင်)၀၅၇၉၆၀ သည် ၂၁-၉-၂၀၂၂ ရက်တွင် တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့၍ ဒေါ်ဌေးဌေးအောင် ၁၀/ပမန(နိုင်)၀၅၇၉၆၀ မှ မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း)တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊စစ်ကိုင်းမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသက်ဆွေဦး-ဒေါ်ရီဝေအောင်တို့၏သား သာစည်မြို့၊ အထက(၁)၊ Grade-11မှ မောင်ဖြိုးသူအောင်နှင့် မောင်ဖြိုးသူရအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဖြိုးသူအောင်(ခ)မောင်ဖြိုးသူရအောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ သရဖီလမ်း၊ မြေကွက်အမှတ်(၅၁၄)၊ မြေအကျယ်အဝန်း(၀ဒသမ၀၅၇)ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၅၁၄)၊ သရဖီလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးဌေး(CF-၀၆၉၂၃၂) ၁၂/ဗတထ(နိုင်) ၀၁၇၇၇၈ အမည်ပေါက်လျက်ရှိပြီး မိမိတစ်ဦးတည်းသာ တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး ၎င်းမြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို သားအရင်းဖြစ်သူ ဦးချမ်းငြိမ်း ၁၃/ကလန(နိုင်) ၀၁၃၉၃၇နှင့် သမီး အရင်းဖြစ်သူ ဒေါ်မြစုငြိမ်း ၁၂/ဗတထ(နိုင်) ၀၀၀၀၇၄ တို့ အား အဖိုးစားနားတစ်ပြားတစ်ချပ်မျှ ရယူခြင်းမရှိပဲ မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်းမှတ်ပုံတင်စာချုပ်ဖြင့် အပိုင်ပေးအပ်မည့်အပေါ်ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ(LL.B, D.I.L, Dip in Eng) အထက်တန်းရှေ့နေ(စဉ်-၄၂၈၉၉)**
**အမှတ်(၂၇)မြေညီ၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၅၀၂၁၄၉၇၊ ၀၉-၇၆၁၀၀၁၁၂၊ ၀၉-၉၇၂၇၃၄၉၉၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/5455 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၂/လကန(နိုင်)၀၇၂၀၆၅ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ပြည်နယ်ကညန(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/31626, Toyomax-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လေး ၈/ဆမန(နိုင်)၀၀၈၁၄၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြရတနာ(၅)လမ်း၊ မြေကွက်အမှတ်(၇၂၉)၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ပေ)ရှိ ဦးအော်လိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေ ကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူများဖြစ်ကြသော (၁)ဒေါ်ရင်စိန်၊ (၂)ဦးထိန်ဝင်း၊ (၃)ဒေါ်ရင်ထိန်၊ (၄)ဒေါ်ရင်ကြည်၊ (၅)ဒေါ်အေးစိန်တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဖိုးဇော်က ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေအနက်မှ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဖိုးဇော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ **မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ ပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ...**

❖ **စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၂ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ကာတာနိုင်ငံ၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပ



၂၀၂၂ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် ညပိုင်းက ကာတာနိုင်ငံ Al Khor မြို့ရှိ အဘိတ်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (ဝဲပုံ) ဖွင့်ပွဲအခမ်းအနားတွင် ကေပေါ့ပ်အမျိုးသား အဆိုတော် ဘီတီအက်စ်အဖွဲ့မှ ဂျောင်ကွတ်ခ်သည် ကာတာအဆို တော် ဖာဟက် အယ်ကူဘူဆီနှင့် တွဲဖက်ကာ ပြိုင်ပွဲတေးသီချင်းအသစ်ဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ရာနှင့်ချီသော အကအနုပညာရှင်များနှင့် ဂီတပညာရှင်များသည် စင်မြင့်ပေါ်သို့တက်ကာ ဖျော်ဖြေမှုပြုလုပ်ပြီး ပရိသတ်များက လက်များဝှေ့ယမ်းကာ အားပေးခဲ့သည်။ ထို့အပြင် အမေရိကန်သရုပ်ဆောင်၊ ဒါရိုက်တာနှင့် ဇာတ်ကြောင်းပြောသူ မော်ဂန်ဖရီးမန်းက မျှော်လင့်ချက်၊ စည်းလုံးခြင်းနှင့် သည်းခံခြင်းအကြောင်း ပြောကြားခဲ့သည်။

*စာမျက်နှာ ၂၄ ကော်လံ ၁* ❍

## (၁၄) ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော်အားကစားအသင်း ငွေငါးခု ဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

ထိုင်းနိုင်ငံ ပတ္တရားမြို့၌ နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက် အထိ ကျင်းပနေသည့် (၁၄) ကြိမ်မြောက် အာရှနဂါးလှေလှော်ချန်ပီယံရှစ် (14th ASIAN Dragon Boat Cham–pion–ship) ပြိုင်ပွဲ ဗိုလ်လုပွဲများကို နိုဝင်ဘာ ၁၉ ရက်၊ ၂၀ ရက်တွင် ကျင်းပခဲ့ရာ မြန်မာလှေလှော်အားကစားအသင်း ငွေငါးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၂၅ ကော်လံ ၁* ❑



မီတာ ၁၀၀၀ အမျိုးသား+အမျိုးသမီး ၁၂ တက်လှော် ယှဉ်ပြိုင်နေသည့် မြန်မာနှင့် အင်ဒိုနီးရှား။

### ယနေ့ *သတင်းအညွှန်း*

**ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ**

အင်္ဂလိပ်စာ | စာ - ၁၄




**MIUI အပ်ဒိတ် 13.5 တွင် error ပါဝင်နေသဖြင့် အပ်ဒိတ်တင်ခြင်းမပြုရန် ဖုန်းဆိုင်များ သတိပေးထား**

နည်းပညာနှင့် သတင်းအချက်အလက် | စာ - ၂၀

**ရွှေကျင်မြို့နယ် ရွှေကျင် - ကျောက်ကြီးသွားကားလမ်းပေါ်ရှိ သရက်ချောင်း ချောင်းကူးတံတားအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

ပြည်တွင်းသတင်း | စာ - ၂၂

